http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပထမပြန်စာမေးပွဲ

# ပထမငယ်တန်း

**ပုစ္ဆာ + အဖြေစုံ**

၂၀၀၆-ခုနှစ်

(ပြည်နယ်နှင့်တိုင်း – ၁၇)

**အရှင်တိလောကာဘိဝံသ [အင်းစိန်]**

ပထမအကြိမ်

| သာသနာ | ကောဇာ | ခရစ်နှစ် |
| --- | --- | --- |
| ၂၅၅၀ | ၁၃၆၈ | ၂၀၀၆ |

ပထမငယ်တန်း • ပုစ္ဆာ + အဖြေစုံ

http://www.dhammadownload.com

ဤစာအုပ်၌

**ပထမငယ်တန်းဆိုင်ရာ**

၁။ ပြဋ္ဌာန်းချက်များ

၂။ ပြဋ္ဌာန်းကျမ်းစာများ

၃။ ပုစ္ဆာထုတ်စည်းမျဉ်းများ

၄။ ဘာသာစုံ မေးခွန်းများ

၅။ ဘာသာစုံ အဖြေများ

စသည် စသည်ဖြင့် ပို့ချသူ၊ သင်ယူသူများ နည်းရလောက်အောင်
ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ
၂၀၀၄-ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်သစ်များဖြင့် တင်ပြထားပါသည်။

ဖြန့်ချိရေး

စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊ ရွာမပရိယတ္တိစာသင်တိုက်၊
သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်။ ဖုန်း - ၀၁-၆၄၀၀၇၅

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပထမပြန်စာမေးပွဲ

# ပထမငယ်တန်း

## ပုစ္ဆာ + အဖြေစုံ

၂၀၀၆-ခုနှစ်

(ပြည်နယ်နှင့်တိုင်း-၁၇)

**အရှင်တိလောကာဘိဝံသ(အင်းစိန်)**

ပထမအကြိမ်

| သာသနာ | ကောဇာ | ခရစ်နှစ် |
|---|---|---|
| ၂၅၅၁ | ၁၃၆၈ | ၂၀၀၇ |

http://www.dhammadownload.com

# ပထမငယ်တန်း

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❃ | ၃၂၀၆၂၇၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❃ | ၃၂၀၆၁၆၀၆၁၀ |
| ထုတ်ဝေခြင်း | ❃ | ပထမအကြိမ်<br>၂၀၀၆-ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | ❃ | ၅၀၀-အုပ် |
| ထုတ်ဝေသူ | ❃ | ဦးကျော်ဟင်း<br>(ယုံကြည်ချက်စာပေ)<br>အမှတ်(၁၁၁)၊ ၃၃-လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ❃ | ဦးအောင်မြင့်ဦး (မြ-၀၁၅၀၃)<br>သိန်းသန်းဦးပုံနှိပ်တိုက်<br>အမှတ်-၁၉၉/၁၂၁၊ ၃၄-လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၂၅၂၆၂၀ |
| ဖြန့်ချိရေး | ❃ | စာပေထိန်းသိမ်းရေးအဖွဲ့<br>သိမ်ကျောင်းဆောင်<br>ရွာမပရိယတ္တိစာသင်တိုက်<br>သံမဏိစက်ရုံလမ်း၊ ရွာမ၊<br>အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၆၄၀၀၇၅ |


တန်ဖိုး - ၁၃၀၀ (ကျပ်)

http://www.dhammadownload.com

# နိဒါန်းအမှာ

## စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပိဋကတ်သင်နည်းစနစ်ကို -

၁။ စာကြီးပေါက်သင်နည်း -

၂။ စာမေးပွဲစနစ်သင်နည်း - ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြားလေ့လာကြသည်၊ သင်ကြားလေ့လာမှုပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့အာဇာနည်ရွေးချယ်ပွဲ-

၁။ နှုတ်ဖြေ

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက်ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ **ဦးကျည်ဇွေ** သည် ရေတစ်ခါငုပ်စဉ်းစားခန်း နှုတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ **ကျော်အောင်စံထား ဆရာတော်နှင့် ဆရာတော် ဦးဗုဒ်** စသောပုဂ္ဂိုလ်ကျော်များကိုလည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။-

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပိဋကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပိဋကတ်သင်ကြားရာ၌ အခြေခံ လုံလောက်စွာဖြင့် ပြဿနာချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မစိုးရိမ်ဆရာတော် ဦးသုရိယ၊

၂။ တိပိဋကဓရ မင်းကွန်းအရှင်ဝိစိတ္တာသာရာဘိဝံသ စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်းမလုံလောက်၊ပြဿနာချက်လည်းမပြည့်စုံ၊ကောက်နုတ်ချက်ဖြတ်လမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများမဖြစ်ကြ။

http://www.dhammadownload.com


စာမေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

***ဤအဖြေစုံ စာအုပ်များသည် –***

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာ အာဘော်ကြံဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့ စသည် စသည်ဖြင့် သင့်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

## အဖြေစုံ ဝမာလာ

တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပထမပြန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၀၆–ခုနှစ်တွင် တိုင်း ၈–တိုင်း၊ ပြည်နယ် ၉–ခု၊ အထူးအောင် ၁–ခု ပေါင်း ၁၈–ခုတို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

## ပုစ္ဆာလိုအပ်ချက်

ယခု ၂၀၀၆–ခုနှစ် ပထမငယ်တန်းပုစ္ဆာများအနက်–
ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဓမ္မပဒပုစ္ဆာ ရှာဖွေ၍ မရခြင်းကြောင့် ပုစ္ဆာနှင့် အဖြေမတင်ပြနိုင်သည်ကို သည်းခံ ခွင့်လွှတ်ကြဘို့ရန် မေတ္တာရပ်ခံပါသည်။

## စီစဉ်ထားပုံ

ဤအဖြေစုံစာအုပ်၌ ဘာသာရပ်ကို မူတည်၍စီစဉ်ပါသည်၊ ဥပမာ–
၁။ ဝိနယဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊
၂။ ဓမ္မပဒဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

http://www.dhammadownload.com



၃။ သဒ္ဒါဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊ စသည်ဖြင့် ဘာသာရပ် တစ်ခုချင်း၏ အပြေများကို တိုင်းနှင့် ပြည်နယ်အစုံ တိုင်းနှင့် ပြည်နယ်အစုံအဖြစ် စီစဉ်တင်ပြထားပါသည်၊ တိုင်းနှင့် ပြည်နယ် အစဉ်များကို အက္ခရာအစဉ်ဖြင့် ဖော်ပြထားပါသည်၊ ဥပမာ– ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး(အနောက်)၊ ပဲခူး(အရှေ့) မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရခိုင်၊ ရှမ်း(တောင်/မြောက်/ရှေ့)၊ ဧရာဝတီ၊ အထူးအောင် တို့ဖြစ်သည်။

## ကျေးဇူးစကား

ဤပထမငယ်တန်း ပုစ္ဆာအဖြေစုံကို စီစဉ်ရာ၌ –

ရွှာမပရိယတ္တိစာသင်တိုက် ဂဏဝါစက သာသနဓဇ ဓမ္မာစရိယများ ဖြစ်ကြသော **ဦးခေမာစာရ၊ ဦးကုဏ္ဍလ၊ ဦးစန္ဒာဒိပ**၊ ကူညီ၍ ဖြေဆိုမှု၊ ရေးသားမှု၊ စစ်ဆေးမှု စသည်ကို ကူညီပေးသော **ဦးဝေဒါနန္ဒ (စစ်ကိုင်း)** ဓမ္မပဒဆိုင်ရာများကို ဖြေဆို ပေးသော **မကုသလဝတီ (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ)** စစ်ကိုင်း သကျမိတ်– တို့၏ အကူအညီကိုလည်း ယူရပါသည်။

အပြင်အဆင်မှစ၍ မိမိစိတ်တိုင်းကျဖြစ်အောင် လိုအပ်သမျှအားလုံးကို စိတ်ရှည် လက်ရှည်နှင့် ကြိုးကြိုးစားစားကွန်ပျူတာစာစီ, စာရိုက်ပေးသော –**အရှင်ပညာဝံသ၊ (စာချ) အရှင်ပညိန္ဒိက (အင်ပူ) အရှင်နန္ဒမာလာ (ငါန်းခွန်) မောင်အောင်ကျော်ဇော (ညောင်ဦး)**– တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စီစဉ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည်မစီစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင်ပါသည်။

**အပြစ်တင်ဝေဖန်ခြင်း, ထောက်ပြခြင်း, အကြံပြုခြင်း စသည်စသည် မည်သည့်ကူညီမှုမျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံ ကြိုဆိုပါသည်။**

၅၊ ၈၊ ၂၀၀၆ **အရှင်ထိလောကာဘိဝံသ (အင်းစိန်)**

၁၃၆၈–ခု၊ ဝါခေါင်လဆန်း ၁၂–ရက်၊ **ရွှာမပရိယတ္တိစာသင်တိုက်**

http://www.dhammadownload.com

## စာမိတ်ဆက်

ဤပထမပြန်စားမေးပွဲ ပုစ္ဆာ + အဖြေစုံ စာအုပ်များကို ရေးသားဖြေဆိုသည့် အနန္တကျေးဇူးရှင် ဆရာတော်သည် သာသနာပြုလုပ်ငန်းများစွာကို ဆောင်ရွက်နေရသူ ဖြစ်ပါသည်။

ကျောင်းတိုက်တာဝန် ဒကာ, ဒကာမတို့ ကုသိုလ်အများတိုးပွါးရေးတာဝန်၊ စာသင် ပေးရသောတာဝန်၊ စာချနာယကများမှအစ ကျောင်းတိုက်ရှိစာသင်သား သံဃာအဆုံး အားလုံးတို့ကို လမ်းညွှန်မှုပေးရသည့်တာဝန်၊ နိုင်ငံတော်သံဃမဟာနာယကတာဝန်၊ ယမိုက်+ပဋ္ဌာန်းသင်တန်းပို့ချသင်တန်းပေးရသောတာဝန်၊ တရားစခန်းဖွင့်လှစ်တရားပြသ ဟောပြောရသောတာဝန်၊ စာပေရေးသားကျမ်းပြုရသောတာဝန် စသည်ဖြင့် တာဝန်များ ပြားလှပေသည်။

ထိုတာဝန်များထမ်းဆောင်ရင်း ဤပထမပြန်စာမေးပွဲ ပုစ္ဆာ + အဖြေစုံ စာအုပ်များ ကို ရေးသားဖြေဆိုရခြင်းဖြစ်ပေသည်၊ အချိန်တိုအတွင်း စာအုပ်ဖြစ်အောင်စီစဉ်ရသည့် အတွက် အထူးကြိုးစားအားထုတ်ရပေသည်၊ အချိန်မီ စာချစာသင် အရှင်မြတ်များတို့၏ လက်ဝယ်ရောက်ရှိရေးသည် အရေးကြီးလှပေသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် တပည့်များကလည်း မိမိတို့နိုင်သည့်ဘက်မှ ဆရာ တော်၏ ပါရမီကိုကူညီဆောင်ရွက်ပေးကြရပါသည်၊ မေးခွန်းစုပေးသူကပေး အဖြေကို ကူညီရှာပေးသူကပေး လက်ရေးဖြင့် နောက်ကလိုက်ရေးသူကရေး၊ ကွန်ပျူတာစာစီသူ ကစီ၊ စာမူခွင့်ပြုချက်ယူသူကယူ၊ ပုံနှိပ်တိုက်ပို့ပေးသူကပို့ စသည်ဖြင့် အလျင်အမြန်ဆောင် ရွက်ပေးကြရပေသည်။

ပုစ္ဆာဟောင်းတို့၏ အဖြေကို လေ့လာရသည့်အခါ စာချစာသင်လေ့လာသူများအဖို့ စာမေးပွဲအတွက် များစွာအထောက်အကူဖြစ်ပေလိမ့်မည်–ဟု ယုံကြည်မိပါသည်၊ ကျမ်းပြု ဆရာတော်၏ အချိန်များစွာယူ၍ စုစည်းပေးမှုသည် စာချစာသင်အရှင်မြတ်များအတွက်

http://www.dhammadownload.com



ဟင်းလျာစုံဖြင့် အဆင်သင့်ပြင်ဆင်ထားသည့် ဆွမ်းပွဲ(ထမင်းပွဲ)ကြီးပမာ အလွန်ပင်ကောင်းမွန်လှပေသည်။

လေ့လာရသည့်အခါ ပုစ္ဆာ၏ သဘောဝဘာဝ အတိမ်အနက် အယူအဆ အတွေ့အကြုံကောင်းများ များစွာရရှိပြီး စာမေးပွဲဖြေဆိုရသည့်အခါ အထူးပင် အထောက်အကူဖြစ်ပေလိမ့်မည်-ဟု ယုံကြည်ပါသည်၊ စာမေးပွဲသတ်မှတ်ချက် ပြဋ္ဌာန်းကျမ်းစာ စည်းမျဉ်းစည်းကမ်း ဘာသာရပ်စသည်တို့ကို တစ်စုတစ်ဝေးတည်း တွေ့ရှိရသဖြင့် အလွယ်တကူလေ့လာခွင့်ရရှိကြမှာဖြစ်ပါသည်။

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၈-ခုတို့၏ ပုစ္ဆာအဖြေများကို တစ်စုတစ်ဝေတည်းတွေ့ရှိရသဖြင့် အချိန်တိုအတွင်း စာရှုသူတို့လိုအပ်ချက်များကို ဤစာအုပ်ကတာဝန်ယူဖြည့်စွက်ပေးပါလိမ့်မည်။

စာမေးပွဲသည် စာသင်သားတို့အတွက် ဘဝတိုက်ပွဲပင် မဟုတ်ပါလော၊ ထိုဘဝတိုက်ပွဲ ဆင်နွှဲနေချိန်ဝယ် စာမေးပွဲအောင်ပန်းကို ပန်ဆင်နိုင်ရေးသည် အဓိကလိုအပ်ချက်ပင်ဖြစ်ပါသည်၊ ထိုလိုအပ်ချက်ကို ဤပုစ္ဆာ + အဖြေစုံစာအုပ်က တာဝန်ယူပေးပါလိမ့်မည်။

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၈-ခုလုံး၏ ပုစ္ဆာ + အဖြေများကို ဘာသာတူရာစုစည်းဖြေပြထားသည်ဖြစ်၍ တစ်ဘာသာကို ၁၈-ကြိမ် အတွေ့အကြုံရယူပြီးသား အတွေ့အကြုံရင့်ကျက်ပြီးသူများပိပိ အထက်တန်းကျကျ မျက်နှာပန်းလှလှ စာမေးပွဲအောင်ပန်းကိုဆင်မြန်းနိုင်ကြပါစေ-ဟု ဆုမွန်ချွေလျက်- - -

**အရှင်ဝိသိဋ္ဌ**

(စာကြည့်တိုက်မှူး)

ခေတ်မီ ပိဋကတ်စာကြည့်တိုက်

**သိမ်ကျောင်းတော်**

**ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့**

၅ - ၈ - ၂၀၀၆၊ စနေနေ့

http://www.dhammadownload.com



# အမှာစာ

ဤပထမငယ်တန်း ပုစ္ဆာ+အဖြေစုံ ရေးသားပြေဆိုသည့် ကျေးဇူးတော်ရှင် ဆရာတော်၏ သာသနာပြုလုပ်ငန်းကို တစ်ထောင့် တစ်နေရာကတာဝန်ယူရသည့်အတွက် မိမိသည် အထူးဂုဏ်ယူ မိပါ၏။

ဆရာတော်သည် သာသနာပြုလုပ်ငန်းများစွာကို တာဝန်ယူထားရသည့် အားလျော်စွာ အလွန်အလုပ်ကိစ္စ များပြားလှပါသည်၊ ထိုများပြားလှသည့် အလုပ်ကိစ္စများ အချိန်မီ ပြီးမြောက်နိုင်ရန် တပည့်များကလည်း ကူညီနိုင်သည့်ဘက်မှ ကူညီဝိုင်းဝန်းဆောင်ရွက်ပေး ကြရပါသည်၊ ထိုသို့ ဆောင်ရွက်ကြရာတွင် ကွန်ပျူတာ စာစီသူက စီ၊ လက်ရေးဖြင့် လိုက်ရေး သူက ရေး၊ အဖြေရှာသူက ရှာ၊ အချောဖတ်သူက ဖတ်၊ ခွင့်ပြုချက်ယူသူက ယူ၊ ပုံနှိပ်တိုက် သွားပို့သူက ပို့ – စသည်ဖြင့် မိမိတို့ နိုင်သည့်ဘက်မှ တာဝန်ယူပေးကြ ပါသည်။

တစ်နှစ် တစ်အုပ်ထုတ်ဝေရသည့် စာအုပ်ဖြစ်၍ အချိန်မီ စာသင်သားများ လက်ဝယ် ဝိုင်ဝိုင် ရောက်နိုင်ရေး ကိစ္စသည် အလွန်အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်လာပါတော့သည်၊ ဆရာတော်၏ စာသင်သားများအပေါ် ထားရှိသည့် စေတနာကို သိရှိထားသူ မိမိ သည်လည်း ဆရာတော်၏ ပါရမီကို တစ်စိတ်တစ်ဒေသ ကူညီခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လှပါသည်။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ တမူထူးခြားလှသည်၊ ဆရာတော်ကိုယ်တိုင် အထူးကြီးကြပ်ပြီးမှ ထုတ်ဝေခြင်းကြောင့် စာချ စာသင် စာမေးပွဲနှင့် ဆက်စပ်သူတိုင်း စိတ်တိုင်းကျလိမ့်မည်ဟု ယုံကြည်မိပါသည်။

အဖြေစုံစာအုပ်များကို ကြည့်ရှုလေ့လာရသည့်အခါ ပုစ္ဆာအယူအဆ, ဖြေဆိုပုံ ဖြေဆို နည်း, ကြံဆပုံ ကြံဆနည်း – စသည့် အကျိုးများကို လက်တွေ့ခံစားကြရမှာဖြစ်ပါသည်၊ ထိုအကျိုးထူးတရားများကို လက်တွေ့ခံစားကြရပြီး စာမေးပွဲအောင်ပန်းကို အရယူနိုင်ကြ မည်ဖြစ်ပါသည်။

http://www.dhammadownload.com



ဘဝတိုက်ပွဲဖြစ်သည့်စာမေးပွဲဖြေဆိုမှု လုပ်ငန်းသည် စာသင်များအတွက် အလွန်အရေးကြီးလှ၏၊ ထိုအရေးကြီးလှသည့် လုပ်ငန်းကိစ္စကို အလွယ်တကူ ပြီးမြောက်နိုင်ရန် ဤစာအုပ်က တာဝန်ယူပါလိမ့်မည်။

ဆရာတော်၏ ဖြေဆိုမှုမည်မျှ ကောင်းမွန်စေကာမူ နောက်က လိုက်ရေးရသည့် သူ၏ ချွတ်ချော်မှု၊ စီစဉ်သူ၏ တိမ်းပါးမှု၊ ပုံနှိပ်သူ၏ လွဲချော်မှု – စသည့် ချွတ်ယွင်းချက်များစွာရှိနိုင်ပါသည်၊ ထိုချွတ်ယွင်းချက်များသည် မိမိတို့ တပည့်များ၏ တာဝန်လင့်ဟင်းမှုများသာ ဖြစ်ပါကြောင်း – – –

ထိုချွတ်ယွင်းချက်များ တွေ့ရှိပါက ဝေဘန်မှုပေးရန် ကြိုဆိုပါသည်။
ပတ္တမြားမြေပေါ်ရောက်နေသည့် သားသမင်လို မဖြစ်စေဘဲ ပတ္တမြားမြေပေါ်ရောက်နေသည့် ရာဖြတ်နိုင်သည့် ဆရာကဲ့သို့ အဖိုးထိုက်တန်လှသည့် ဤအဖြေစုံရတနာကို မန်ဆင်ခြင်းကြောင့် ရွှေပေါ်မြတင်, အလှပေါ်အယဉ်ဆင့်, ရေမြင့်သည့် ကြာပမာ အရာရာအထက်တန်းကျ မျက်နှာပန်းလှ၍ အောင်ပန်းရနိုင်ကြပါစေ–ဟု ဆုတောင်းလျက် – –

အရှင်ဝိသိဋ္ဌ (တကြည့်တိုက်ရှုး)
ဆိမ်ကျောင်းဆောင်။
ရွှေမပရိယတ္တိစာသင်တိုက်၊
အင်းစိန်မြို့။
၅၊ ၈၊ ၂၀၀၆ ။ စနေနေ့

http://www.dhammadownload.com



# ပထမပြန်စာမေးပွဲနှင့် ပတ်သက်၍ သတ်မှတ်ချက်များ

၁။ မေးခွန်းလွှာတိုင်း (၃)နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်း အရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

| အတန်း | မေးမည့်မေးခွန်း | ဖြေဆိုရမည့် မေးခွန်း |
|---|---|---|
| ပထမငယ်တန်း | ၆ – ပုစ္ဆာ | ၆ – ပုစ္ဆာ |
| ပထမလတ်တန်း | ၈ – ပုစ္ဆာ | ၈ – ပုစ္ဆာ |
| ပထမကြီးတန်း | ၁၀ – ပုစ္ဆာ | ၁၀ – ပုစ္ဆာ |

၃။ တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀– ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက်အတန်းများကို ဝင်ခွင့်ရှိသည်။ အထက်အထက်အတန်းများကို အောင်မြင်ပြီးသူသည် အောက်အောက်အတန်းကို ဝင်ခွင့်မရှိစေရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ (၁၃)နှစ်ဖြစ်သည်၊ စာဖြေသော အချိန်တွင် (၁၃)နှစ် တင်းတင်း ပြည့်ရမည်၊ (၁၃)နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အထူးအောင်ရွေးချယ်ရေးစာမေးပွဲကို ရိုးသိုးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

http://www.dhammadownload.com



## ပြည်ထောင်စု မြန်မာနိုင်ငံတော်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## ပထမပြန်ဆရာမေးပွဲ ကျမ်းစာများ
## ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာ

### ၁။ ဝိနယ (ဘိက္ခုပါတိမောက်)

(က) ဘိက္ခုပါတိမောက် ပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။

(ခ) ကင်္ခါ အဋ္ဌကထာ – (အစမှ ပါရာဇိကဒွေသအဆုံးအထိ) အဓိပ္ပါယ်။

**လူနှင့်သီလရှင်များအတွက် –**

(က) ဓမ္မပဒပါဠိတော် (အစမှ ဗာလဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

(ခ) ဓမ္မပဒအဋ္ဌကထာ (အစမှ ဗာလဝဂ်အဆုံးအထိ) အဓိပ္ပါယ်။

### ၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး – သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်၊ ကိတ် (၅) စောင် ပါဠိ၊ အနက်၊ ရုပ်တွက်၊ အဓိပ္ပါယ်။

(ခ) ရူပသိဒ္ဓိ (သန္ဓိ၊ နာမ် –၂–စောင်လာ ရုပ်တွက်၊ အဓိပ္ပါယ်နှင့် နာမ်ဝိဂ္ဂဟ်း)။

(ဂ) ပုစ်စစ် (သန္ဓိ၊ နာမ်) နှင့် သုတ်စစ်။

### ၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ – စိတ်ပိုင်း မှ သမုစ္စည်းပိုင်း အထိ ၇–ပိုင်း၊ ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။

(ခ) ဋီကာကျော် (စိတ်၊ စေတသိက်၊ ပကိဏ်း ၃–ပိုင်း) အဓိပ္ပါယ်။

### ၄။ တိကမာတိကာ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာ

(က) တိကမာတိကာ ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

(ခ) အဘိဓမ္မဒုကမာတိကာ ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

(ဂ) ဓာတုကထာ (အစ မှ ပဥ္စမနယအဆုံးအထိ) ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

http://www.dhammadownload.com



## ၅။ ဘာသာပြန်

(က) ကေနိပါတ အပဏ္ဏကဝဂ်အစမှ ကုရုင်္ဂဝဂ်အဆုံးထိ (ဇာတ်ပေါင်း – ၃၀)။

(ခ) ကုလာဝကဝဂ်အစမှ တ္တက္ကဠိဝဂ် အနဘိရတိဇာတ်အဆုံးထိ (ဇာတ်ပေါင်း – ၃၅)။

(ဂ) တ္တက္ကဠိဝဂ် မုဒုလက္ခဏဇာတ်မှ လိတ္တဝဂ် အဆုံးထိ (ဇာတ်ပေါင်း ၃၅)။

(ဃ) ပရောသတဝဂ် အစမှ ကေနိပါတ်အဆုံးထိ (ဇာတ်ပေါင်း – ၂၀) (၄)ပိုင်း ပိုင်း၍ တစ်ပိုင်းလျှင် သာမန်အားဖြင့် ၄–နှစ်စီလှည့်၍ မေးခွန်းထုတ်ရမည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## ဝိနယမဟိုန်ဆမေးဖွဲ့ ပုစ္ဆာထုတ်ဆည်းမျဉ်း
## ဝိနယဓရယာ်ထန်း ပုစ္ဆာထုတ်ခည်းမျဉ်း

### ၁။ ဝိနယ (ဘိက္ခုပါတိမောက်) (မေးခွန်းပုစ္ဆာ)–၁

**(က) ဘိက္ခုပါတိမောက်**

– ပါဠိအာဂုံ (တစ်) ပုစ္ဆာ

– အနက်ပေး (တစ်) ပုစ္ဆာ

– ဘိက္ခုပါတိမောက် ကျမ်းရင်းအဓိပ္ပါယ် (နှစ်) ပုစ္ဆာ

**(ခ) တခါအဋ္ဌကထာ**

–ကျမ်းအစမှ ပါရာဇိကုဒ္ဒေသအဆုံးအထိအဓိပ္ပါယ် (နှစ်) ပုစ္ဆာ

**လူနှင့်သီလရှင်များအတွက်–**

**မဟာဝါပါဠိတော် (အစမှ ဗာလဝဂ်အဆုံးအထိ)**

(က) – ပါဠိတော် (တစ်) ပုစ္ဆာ

http://www.dhammadownload.com


- အနက်ပေး (တစ်) ပုဒ္ဓ
- ဓမ္မပဒပါဠိတော်အဓိပ္ပါယ် (နှစ်) ပုဒ္ဓ

(ခ) ဓမ္မပဒအဋ္ဌကထာ

- အဓိပ္ပါယ် (နှစ်) ပုဒ္ဓ

## ၂။ ကစ္စည်းသဒ္ဒါကြီး (မေးခွန်းလွှာ) — ၂

- ပါဠိအာကို (တစ်) ပုဒ္ဓ
- အနက်ပေး (တစ်) ပုဒ္ဓ
- ရုပ်တွက် (တစ်) ပုဒ္ဓ

(ပုဒ်ဖြတ်၊ ပုစ်စပ်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်ခွဲခြင်းတို့ပါဝင်သည်)

- ကစ္စည်းကျမ်းရင်းအဓိပ္ပါယ် (တစ်) ပုဒ္ဓ

ရူပသိဒ္ဓိ

- သန္ဓိ၊ နာမ် (၂)စောင်မှ ရုပ်၊ အဓိပ္ပါယ်နှင့် နာမ်ဂိုဏ်း (တစ်) ပုဒ္ဓ
- သန္ဓိ၊ နာမ်၊ ပုဒ်စပ်၊ သုတ်စပ် (တစ်) ပုဒ္ဓ

## ၃။ အဘိဓမ္မတ္ထသင်္ဂဟ (မေးခွန်းလွှာ) — ၃

(က) အဘိဓမ္မတ္ထသင်္ဂဟ

- ပါဠိအာကို (တစ်) ပုဒ္ဓ
- အနက်ပေး (တစ်) ပုဒ္ဓ
- သရုပ် (တစ်) ပုဒ္ဓ
- ကျမ်းရင်းအဓိပ္ပါယ် (တစ်) ပုဒ္ဓ

(ခ) ဋီကာကျော် အောက်သုံးပိုင်း

- အဓိပ္ပါယ် (နှစ်) ပုဒ္ဓ

## ၄။ တိကမာတိကာ၊ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာ (မေးခွန်းပုစ္ဆာ) – ၄

(က) – တိကမာတိကာ (နှစ်) ပုစ္ဆာ

– အဘိဓမ္မဒုကမာတိကာ (နှစ်) ပုစ္ဆာ

– ဓာတုကထာအစမှ ပဥ္စမနယအဆုံးအထိ (နှစ်) ပုစ္ဆာ

(ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်များကို သင့်လျော်သလို မေးနိုင်သည်။ ပါဠိ၊ အနက်ကို မေးရာ၌ တစ်ပုစ္ဆာထက်မပိုရ)

## ၅။ ဘာသာပြန် ဇာတ်အဋ္ဌကထာ (မေးခွန်းပုစ္ဆာ) – ၅

– ပါဠိကို မြန်မာပြန်ဆိုစေခြင်း (နှစ်) ပုစ္ဆာ

– မြန်မာကို ပါဠိပြန်ဆိုစေခြင်း (နှစ်) ပုစ္ဆာ

– ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာဖြင့် ရေးသားစေခြင်း (တစ်) ပုစ္ဆာ

– ဇာတ်ဝတ္ထုများမှ ရယူအပ်သော သင်ခန်းစာများကို ရေးသားစေခြင်း (တစ်) ပုစ္ဆာ

***အထွေထွေ***

– စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး၏ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် (၂) အရ ပထမပြန်အထူးအောင် စာမေးပွဲကို ရိုးသုံးမြန်မာ ဘာသာဖြင့်သာ ဖြေဆိုရမည်။

– စာမေးပွဲမေးခွန်းများသည် စာမေးပွဲဖြေဆိုချိန် (၃) နာရီ သတ်မှတ်ထားသဖြင့် (၃) နာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ရမည်။

– စာမေးပွဲမေးခွန်းထုတ်ရာ၌ မည်သည့်အတန်းကိုမဆို သုံးဆင့်ထက် မပိုသော မေးခွန်းဖြစ်ရမည်။

http://www.dhammadownload.com



# ထုတ်ဝေပြီးကျမ်းစာများ

## လက်ဆောင်ကျမ်းများ


၁။ မာတိကာ+ဓာတုကထာလက်ဆောင် **စာအုပ်အမှတ်စဉ်- ၄**

၂။ ယမကလက်ဆောင် (အောက် ၅-ကျမ်း) **စာအုပ်အမှတ်စဉ်- ၇**

၃။ ယမကလက်ဆောင် (အထက် ၅-ကျမ်း) **စာအုပ်အမှတ်စဉ်- ၆**

၄။ ပဋ္ဌာန်းလက်ဆောင် (ဇယား) **စာအုပ်အမှတ်စဉ်- ၅**

၅။ ပဋ္ဌာန်းလက်ဆောင် (ပို့ချစဉ်) **စာအုပ်အမှတ်စဉ်- ၈၈**

၆။ အဘိဓမ္မာလက်ဆောင် **စာအုပ်အမှတ်စဉ်- ၈၆**

၇။ ဆန်းလက်ဆောင် **စာအုပ်အမှတ်စဉ်- ၈၇**

၈။ သဒ္ဒါလက်ဆောင် **စာအုပ်အမှတ်စဉ်- ၈၈**

၉။ သုတ်နက်လက်ဆောင် **စာအုပ်အမှတ်စဉ်- ၂၄**

၁၀။ သဒ္ဒါကြီးနိဿယလက်ဆောင် **စာအုပ်အမှတ်စဉ်- ၂၅**


## အဖြေစုံကျမ်းများ


၁၁။ (အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း) ပုစ္ဆာ+အဖြေစုံစာအုပ်များ (၁၉၉၉/၂၀၀၀/၂၀၀၁/၂၀၀၂/၂၀၀၃/၂၀၀၄/၂၀၀၅-ခုနှစ်)


## ဗဟုသုတစာအုပ်များ


၁၂။ ရှင်ပြုရဟန်းခံအကြောင်းသိကောင်းစရာ၊

၁၃။ ကိုးကွယ်မှုဆိုင်ရာအကြောင်း သိကောင်းစရာနှင့် စေတီ+ပုထိုး၊ **စာအုပ်အမှတ်စဉ်- ၂၆**

၁၄။ ကိုးကွယ်မှုဆိုင်ရာသိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း၊

၁၅။ သမိုင်းတာဝန် ကျေပွန်စေ၊

၁၆။ လက်ရွေးစင် ပရိတ် + ဂါထာ + မန္တန်များ – စသည့် စသည့် စာအုပ်များကို၊



**ဖြန့်ချိရေး**

**စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊**

**ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း၊**

**ရွာမ၊ အင်းစိန်။ ဖုန်း - ၀၁- ၆၄၀၀၇၅**

http://www.dhammadownload.com



# ပဏာမ

**လောကဂ္ဂပုဂ္ဂလဗိနံ့ စ သမ္မေသံဃံ၊ နာတွာ မမံ သုနယဒီန ဂရု ဝရေ’ တံ၊**
**ခေဒံ ပဟာယ ဂရုမံ သုနယံ ဂရူနံ၊ နိဿာယ ဗျာကရဏမဂ္ဂနယံ ကရိဿံ။**

*(၁၄–လုံးတွဲ, ဝသန္တတိလကာဂါထာ)*

အဟံ–စန္ဒာပေါ်တွင် ပညတ်တင်လျှက် အစဉ်ပြောကြ တိလောက–ဟု နာမတွင်ခေါ် တပည့်တော်သည်၊ သမ္မေသံဃံ–တရားရတနာ မြတ်သံဃာနှင့်တကွ ဖြစ်တော်မူသော၊ လောကဂ္ဂ ပုဂ္ဂလဗိနံ့ စ–လောကထွင်ဖူး ပုဂ္ဂိုလ်ထူးဖြစ်သည့် ငါးမာရ်အောင်မြင် ဘုရားရှင်ကိုလည်းကောင်း၊ မမံ–တိလောက–ဟု နာမတွင်ခေါ် တပည့်တော်အား၊ သုနယဒီနဂရုဝရေ စ–ယခုအခြေ တိုင်ရောက်လေအောင် မိန့်ခြွေသွန်းလောင်း နည်းလမ်းကောင်းကို ငဲစောင်း စေတနာ ဖြူစင်စွာဖြင့် သေချာပေးတတ် ဆရာမြတ်တို့ကိုလည်းကောင်း၊ (နမာမိ–အနန္တဂုဏ်ကျေးဇူးဟုန်ကို အကုန်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား၊) နတွာ– ရှိခိုးပြီး၍၊ ဂရုမံ–သံဃာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်နေရခြင်းကြောင့် အလွန်အမင်းဖြစ်သော၊ ခေဒံ–ကိုယ်စိတ်မချမ်း ပင်ပန်းမှုကို၊ ပဟာယ–ငဲ့စောင်းစေတနာ ကရုဏာဖြင့် ပယ်ခွာပြီး၍၊ ဂရူနံ–ကျောက်ထီးတန္တု အလေးပြုအပ်သည့် ဆရာမြတ်တို့၏၊ သုနယံ–မတိမ်းမစောင်း နည်းလမ်းကောင်းကို၊ နိဿာယ–အမှီတကဲ သဟဲပြု၍၊ ဗျာကရဏမဂ္ဂနယံ–အပြေလမ်းကြောင်း နည်းနာကောင်းကို၊ ကရိဿံ–ရေးသားတီထွင် ပြုစီရင်ပေအံ့။

**သောတာရာနံ ဟိတာဝဟာ၊ နယုပဒေသာ ဝိသဇ္ဇနာ အယံ၊**
**နယံ ဂဟေတွာန တံ မမံ၊ ဂဏှထ ဇယပုပ္ဖံ စ သာဓဝေါ။**

*(ပထျာဝတ္တ် ဒေါသလီဂါထာ)*

နယုပဒေသာ–ဖြေပုံဖြေနည်းကိုညွှန်ပြတတ်သော၊ အယံ ဝိသဇ္ဇနာ၊ ဤပထမငယ်တန်း အဖြေစုံကျမ်းသည်၊ သောတာရာနံ–အောင်ပန်းကိုမင် စာပွဲဝင်သည့် စာသင်သားတို့၏၊ ဟိတာဝဟာ–အကျိုးစီပွါးကို ဆောင်တတ်ပေ၏၊ စ–တိုက်တွန်းလိုသည်ကား၊ မမံ–ငါ၏၊ တံ နယံ– ထိုဝိသဇ္ဇနာနည်းကို၊ ဂဟေတွာန–ယူကြကုန်၍၊ သာဓဝေါ–သူတော်ကောင်းဖြစ်ကုန်သော၊ တုမှေ–သင် စာသင်သားတို့သည်၊ ဇယပုပ္ဖံ–အောင်ပန်းကို၊ ဂဏှထ–လက်ရပိုင်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က မှ ဂ အထိ |
| ၂။ | စာမိတ်ဆက် | ဃ မှ င အထိ |
| ၃။ | စိစဉ်သူ၏ အမှာစာ | စ မှ ဆ အထိ |
| ၄။ | ပထမပြန်စာမေးပွဲ သတ်မှတ်ချက် | ဇ |
| ၅။ | ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာများ | ဈ မှ ည အထိ |
| ၆။ | ပထမငယ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း | ည မှ ဌ အထိ |
| ၇။ | ထုတ်ဝေပြီးကျမ်းစာ | ဌ |
| ၈။ | ပဏာမ | ဎ |
| ၉။ | ဝိနယ (ဘိက္ခုပါတိမောက်)ဘာသာ | ၁ မှ ၄၄ အထိ |
| ၁၀။ | ဓမ္မပဒဘာသာ | ၄၄ မှ ၈၅ အထိ |
| ၁၁။ | ကစ္စည်းသဒ္ဒါကြီးဘာသာ | ၈၆ မှ ၁၂၈ အထိ |
| ၁၂ | အဘိဓမ္မတ္ထသင်္ဂဟဘာသာ | ၁၂၉ မှ ၁၇၀ အထိ |
| ၁၃။ | မာတိကာ+ဓာတုကထာဘာသာ | ၁၇၀ မှ ၂၂၁ အထိ |
| ၁၄။ | ဘာသာပြန်ဘာသာ | ၂၂၁ မှ ၂၄၁ အထိ |

http://www.dhammadownload.com

http://www.dhammadownload.com

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ ပထမပြန်စာမေးပွဲကျင်းပရေးဓတိုအဖွဲ့ချုပ် တချင်ပြည်နယ်
## ပထမငယ်တန်း ။ ။ သိက္ခာပုဒ်ပါတိမောက် ဘာသာ
## ၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆ ) ရက်၊ (၁– ၄–၂၀၀၆) တနင်္လာနေ့

၁။ ငွေကလောမဆောဝါမန သိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

၂။ မဟာနာမသိက္ခာပုဒ်ကို ပါဠိသက်သက်ရေးခဲ့ပါ။

၃။ (က) ဂဏဘောဇဉ်၊ (ခ) ပရမ္ပရဘောဇဉ်တို့ကို သုံးဆောင်ကောင်းသော အခါကာလတို့ကို အသီးသီးထုတ်ပြခဲ့ပါ။

၄။ အောက်ပါ ရဟန်းတော်တို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖော်ပြခဲ့ပါ။

(က) ဓာတ်ရိုက်, ယတြာစီရင် ပြုလုပ်နေ၍ သုံးကြိမ်မြောက်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် မလိုက်နာသောရဟန်း၊

(ခ) သပိတ်နှင့်သင်္ကန်း အလဲအလှယ်ပြုလုပ်သောရဟန်း၊

(ဂ) အကပ်မခံဘဲ မုန့်တည်းပေးသောရဟန်း၊

(ဃ) ရဟန်းတစ်ပါးကို စိတ်ဆိုး၍ လက်သီးဖြင့်ထိုးသောရဟန်း၊

(င) ဆွမ်းစားလျှက် စကားပြောသောရဟန်း။

၅။ ယဿ သိယာ အာပတ္တိ–၌ (က) ယဿ–အရ၊ (ခ) အာပတ္တိ–အရတို့၏ သရုပ်တို့ကို ရှေတွက်ပြခဲ့ပါ။

http://www.dhammadownload.com


၆။ ပထမပါရာဇိကာ၏ နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထုတို့ကို ညွှန်ပြ၍၊ ဒုတိယပါရာဇိကသိက္ခာပုဒ်လာ ရာဇာနော-အရ နှင့် စတုတ္ထပါရာဇိက ၌ မနုဿဝဓ-အရ တို့ကို ဖော်ပြခဲ့ပါ။

## တချင်ပြည်နယ် (အဖြေ)

## ပထမငယ်တန်း ။ ။ သိက္ခာပါတိမောက်ဘာသာ

၁။ (အနက်ရေးလေ)။

၂။ (ပါဠိရေးလေ)။

၃။ (က) ဂဏ်ဘောဇဉ်သုံးဆောင်ကောင်းသော အခါကာလများ-

၁။ မကျန်းမာရာအခါ၊ (ဂိလာနသမယ)

၂။ သင်္ကန်းလှူရာအခါ၊ (စီဝရဒါနသမယ)

၃။ သင်္ကန်းချုပ်ဆိုးရာအခါ၊ (စီဝရကာလသမယ)

၄။ အဝွန့်ရှည်သော ခရီးကိုသွားသောအခါ၊ (အဒ္ဓါနဂမနသမယ)

၅။ လှေစီးရာအခါ၊ (နာဝါဘိရုဟနသမယ)

၆။ ရဟန်းများစွာ စုမိရာအခါ၊ (မဟာသမယ)

၇။ သမဏအမည်ရသူတို့၏ ထမင်းကျွေးရာအခါ၊ (သမဏဘတ္တသမယ)

(ခ) ပရမ္ပရဘောဇဉ် သုံးဆောင်ကောင်းသော အခါကာလများ-

၁။ မကျန်းမာရာအခါ၊ (ဂိလာနသမယ)

၂။ သင်္ကန်းလှူရာအခါ၊ (စီဝရဒါနသမယ)

၃။ သင်္ကန်းချုပ်ဆိုးရာအခါ၊ (စီဝရကာလသမယ)

၄။ (က) သံဃာဒိသေသ်အာပတ်၊ (ကုလဒူသကသိက္ခာပုဒ်)

(ခ) နိဿဂ္ဂိပါစိတ်အာပတ်၊ (ကထိနက္ကသိက္ခာပုဒ်)

(ဂ) သုဒ္ဓပါစိတ်အာပတ်၊ (ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်)

http://www.dhammadownload.com


(ဃ) သုဒ္ဓပါစိတ်အာပတ်၊ (ပဟာရသိက္ခာပုဒ်)
(င) ဒုက္ကဋ်အာပတ်။ (သကဗဇ္ဇသိက္ခာပုဒ်)

၅။ **ယဿ အရ–**
သိမ်အပြင်၌ ထင်ရှားရှိနေကြသည့် ထေရ, နဝ, မဇ္ဈိမဖြစ်သော ရဟန်းအားလုံးကို ယူရပါမည်။

**အာပတ္တိ အရ–**
ပါရာဇိက, သံဃာဒိသေသ် ထုလ္လစ္စည်း ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ် ဒုဗ္ဘာသီ–ဟူသော အာပတ် ၇–ပုံတို့တွင် အမှတ်မထား တစ်ပါးပါးသော အာပတ်ကို ယူရပါမည်။

၆။ **နိဒါန်း–** ဝေသာလီပြည်၊
**ပုဂ္ဂိုလ်–** အရှင်သုဒိန်၊
**ဝတ္ထု–** မေထုန်လွန်ကျူးခြင်းဟူသော အကြောင်းဝတ္ထု။
**ရာဇာနော အရ–** ဗိမ္ဗိသာရမင်း၊
**မနုဿဓမ္မ အရ–** သာမန်လူတို့၏ ကုသိုလ်ကမ္မပထတရား ၁၀–ပါးကို ရပါသည်။

## ၂။ ပထမပြန်စာမေးပွဲကျင်းပရေးဇတိုအဖွဲ့ခွဲ ကယားပြည်နယ်
## ပထမငယ်တန်း ။ ။ သိက္ခာပုဒ်ယောက် ဘာသာ

**၁၃၆၇–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆ ) ရက်၊ (၁၃– ၄–၂၀၀၆) တနင်္လာနေ့**

၁။ ပါးပွဲမပြည့်သေးဘဲ သပိတ်သစ်တောင်းရာ၌ ရဟန်းတော်များ လိုက်နာရမည့် ကျင့်ဝတ်ပြ သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ ဝိနည်းတရားတော်နှင့်မညီ မိစ္ဆာအယူကိုမစွန့်သော ဥက္ခိတ္တကရဟန်းမှန်းသိလျက် အတူစား, အိပ်နေသောရဟန်း၏ အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ယောဇနာပြခဲ့ပါ။

http://www.dhammadownload.com



၃။ သံဃာဒိသေသ် ၁၃–ပါးတို့တွင် ယာဝတတိယက သိက္ခာပုဒ်များကို အမည်မျှဖော်ပြ၍ ကမ္ဘဝိနည်းရေးထိုးရာ၌ ရေးထိုးနိုင်သည့် အရောင်သုံးမျိုးကိုလည်း ပါဠိ မြန်မာတွဲစပ်ဖော်ပြပါ။

၄။ အောက်ပါ ရဟန်းတော်များ သင့်ရောက်နိုင်သော အာပတ်များကို သိက္ခာပုဒ်အမည် ထောက်၍ ဆုံးဖြတ်ပြခဲ့ပါ။

(က) သေစေလိုသောစိတ်ဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးအား ကိုယ်ဝန်ကျဆေးပေးသော ရဟန်း၊

(ခ) အခြေအမြစ်မရှိဘဲ ရဟန်းတစ်ပါးကို ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်း၊

(ဂ) သစ်အရောင်းအဝယ်ပြုလုပ်သောရဟန်း၊

(ဃ) အကပ်မခံသောခဲဘွယ်, ဘောဇဉ်ကို ဘုဥ်းပေးသောရဟန်း၊

(င) ခေါင်းရည်သောက်သောရဟန်း။

၅။ ဗုဒ္ဓသိမ်ဖြစ်မြောက်နိုင်ရန် လိုအပ်သောအင်္ဂါကို ကဏီအလိုကျရေးပြ၍၊ ဥပုသ်ပြုရာ၌ သံဃာ၏နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းမှ ဖယ်ရှားရမည့် (ဝဇ္ဇနီယ) တိရစ္ဆာန်များကိုလည်း ရေးခဲ့ပါ။

၆။ ထေယျသံဝါသကအပြားကိုကဏီလာအတိုင်း ဖော်ပြ၍၊ ဓတုတ္ထပါရာဇိကသိက္ခာပုဒ် ပညတ်တော်မူရာ တိုင်းပြည်နှင့် ပညတ်တော်မူခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

## ကယားပြည်နယ် (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မာဝတာရ

၁။ ဦးနပဥ္စဗန္ဓနသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဥက္ကဋ္ဌကသမ္မောဂသိက္ခာပုဒ်ကို အနက်ရေးလေ။

http://www.dhammadownload.com



၃။ ယာဝတတိယတသိက္ခာပုဒ်များ–

၁။ သံဃဘေဒကသိက္ခာပုဒ်၊ ၂။ ဘေဒါနုဝတ္တကသိက္ခာပုဒ်၊

၃။ ဒုဗ္ဗစသိက္ခာပုဒ်၊ ၄။ ကုလဒူသကသိက္ခာပုဒ်။

အရောင်သုံးမျိုး–

နီလ– စိမ်းညိုရောင်အဆင်း၊

ကဒ္ဒမ– ရွှံ့ ညွန်ရောင်အဆင်း၊

ကာဠသာမ– မည်းညိုရောင်အဆင်း။

၄။ (က) မနုဿဝိဂ္ဂဟသိက္ခာပုဒ်ထောက်၍ ပါရာဇိကအာပတ်၊

(ခ) ဒုဋ္ဌဒေါသသိက္ခာပုဒ်ထောက်၍ သံဃာဒိသေသ်အာပတ်၊

(ဂ) ပိုက်ဆံစသော နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထုတို့ဖြင့် သစ်ရောင်းဝယ်လျှင် ရူပိယသံဝေါဟာရ သိက္ခာပုဒ်ကိုထောက်၍ နိဿဂ္ဂိပါစိတ်၊ ကပ္ပိယဝတ္ထုဖြင့် သစ်ရောင်းဝယ်လျှင် ကယဝိက္ကယသိက္ခာပုဒ်ထောက်၍ နိဿဂ္ဂိပါစိတ်အာပတ်၊

(ဃ) ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်ထောက်၍ သုဒ္ဓပါစိတ်အာပတ်၊

(င) သုရာပါနသိက္ခာပုဒ်ထောက်၍ သုဒ္ဓပါစိတ်အာပတ်။

၅။ ဗုဒ္ဓသိမ်ဖြစ်မြောက်နိုင်ရန် လိုအပ်သော အင်္ဂါ–

နိမိတ်၏ ပြည့်စုံခြင်း၊ ပရိသတ်၏ ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ ပြည့်စုံခြင်း။

ဝဇ္ဇနီယ တိရစ္ဆာန်များ–

လူယောင်ဖန်ဆင်းနိုင်သော နတ်, နဂါး, ဂဠုန်–စသည်တို့ဖြစ်ပါသည်။

၆။ ထေယျသံဝါသကအပြား–

လိင်္ဂထေနက၊ သံဝါသထေနက၊ ဥဘယထေနက။

တိုင်းပြည်– ဝေသာလီပြည်၊

ပညတ်တော်မူရခြင်း အကြောင်း– အချင်းချင်း ရှာန်မင်္ဂလိုလ်တရားကို ဝါကြွားပြောဆိုခြင်းကြောင့် ပညတ်တော်မူရပါသည်။

http://www.dhammadownload.com



## ၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ တရင်ပြည်နယ်

## ပထမငယ်တန်း ။ ။ ဘိတ္ထုပါတိမောက်ဘာသာ

## ၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၃–၄–၂၀၀၆) တနင်္လာနေ့

၁။ တိစီဝရိတ် ဆောင်သောရဟန်းအား သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထားခြင်းနှင့်ပတ်သက်၍ ပညတ်တော်မူသော သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးပြခဲ့ပါ။

၂။ သင်္ကန်းအသစ်ရရှိသော ရဟန်းအား လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းနှင့် မလိုက်နာ မဆောင်ရွက်ပါက အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးပြခဲ့ပါ။

၃။ တတိယပါရာဇိကသိက္ခာပုဒ်လာ လူသတ်ပုံသတ်နည်းများကို မြန်မာဘာသာဖြင့် ပြည့်စုံစွာ ဖော်ပြပြီးလျှင် ပါရာဇိကကျပြီးသော ရဟန်း၏ ဆုံးရှုံးနစ်နာမှုများကိုလည်း မြတ်ဗုဒ္ဓအလိုကျ မှတ်သားလောက်အောင် ဖော်ပြခဲ့ပါ။

၄။ သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်နှင့် ညဉ့်ကင်းနေနိုင်ရန်အတွက် ပြည့်စုံရမည့် အင်္ဂါရပ်တို့ကို ရေးပြ၍၊ ဘိက္ခုနီမနှင့်အတူ အချိန်းအချက်ပြု၍ ခရီးသွားခွင့်ရှိရာ အခါတို့ကို လည်း ညွှန်ပြခဲ့ပါ။

၅။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲ ဖော်ပြပါ။

(က) ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရန် ဒကာ/ဒကာမများထံမှ ဒေါ်လာအလှူခံသောရဟန်း၊

(ခ) သံဃာအား ရည်စူးထားသော ပစ္စည်းကို မိမိအား ညွှတ်စေသောရဟန်း၊

(ဂ) ဆွမ်းခံသွားစဉ် အကြောင်းမရှိဘဲ အဖော်ရဟန်းကို ပြန်လွှတ်သောရဟန်း၊

(ဃ) သမ္မုတိမရဘဲ ဘိက္ခုနီမကို ဆိုဆုံးမသောရဟန်း၊

(င) သိလျက် ပိုးရှိသောရေကို သုံးဆောင်သောရဟန်း။

http://www.dhammadownload.com


၆။ ရဟန်း (၈)မျိုးတို့တွင် ပဌမပါရာဇိကာသိက္ခာပုဒ်၌ အဘယ့်ကြောင့် ဥဘတောဝိဘင်္ဂရဟန်းကိုသာ အလိုရှိအပ်၍ ကျန်သောရဟန်းများကို အလိုမရှိအပ်ပါသနည်း ကဏီလာသည့်အတိုင်း ပြည့်စုံစွာဖြေဆိုခဲ့ပါ။

## တရင်ပြည့်နယ် (အဖြေ)

## ပဌမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ သာသက်သိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **လူသတ်ပုံသတ်နည်းများ—**

၁။ ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေသတ်ခြင်း၊

၂။ သေခြင်းသူ အလွယ်တကူရအောင် လက်နက်ရှာ၍ ပို့ထားခြင်း၊

၃။ သေခြင်း၌ အကျိုးရှိပုံကို ထင်းရှားပြ (ချီးမွမ်း) ခြင်း၊

၄။ သေဖို့ရာနည်းလမ်းပြ, ပြုလုပ်, သင်ပြခြင်း။

**ပါရာဇိကကျသော ရဟန်း၏ ဆုံးရှုံးမှုများ—**

ပါရာဇိက ၄–ပါးတို့တွင် တစ်ပါးပါးသို့သင်ရောက်ခြင်းကြောင့် ရှေးလူသာမဏေဖြစ်ရာအခါ၌ ရဟန်းကောင်းတို့နှင့် အတူကံကြီးကံငယ်ဟုဆိုအပ်သော ပေါင်းဖော်ခြင်းကို မရသကဲ့သို့ ထိုအတူသာလျှင် ပါရာဇိကကျပြီးနောက်၌ ကံကြီးကံငယ်ဟုဆိုအပ်သော ပေါင်းဖော်ခြင်းကို မရနိုင်ပါ။

၄။ **ပြည့်စုံရမည့် အင်္ဂါရပ်—**

ဥပဝသံအရ–ပုရိမဝါကျွတ်သူဖြစ်ခြင်း၊

ကတ္တိကပုဏ္ဏမံအရ–တန်ဆောင်မုန်းလဖြစ်ခြင်း၊

အာရညကာနိအရ–လေးအပြန်ငါးရာဝေးသော တောရကျောင်းဖြစ်ခြင်း၊

သာသင်္ကသမ္မတာနိ သပ္ပဋိဘယာနိအရ–သာသင်္ကသပ္ပဋိဘယဖြစ်ခြင်း–တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ဘိက္ခုနီနှင့် ခရီးသွားခွင့်ရှိရာအခါ–

၁။ လမ်းခရီးသည် ကုန်သည်နှင့် တကွသွားသင့်သောအခါ၊
၂။ ရှိရာဖွယ်ရှိ၏ဟု သမုတ်အပ်သောအခါ၊
၃။ ဘေးကျမ်းနှင့်တကွ ဖြစ်သောအခါ၊
၄။ မြစ်တစ်ဖက်သို့ (ဖိလာကန့်လန့်) ကူးသောအခါ။

| | |
|---|---|
| ၅။ (က) နိဿဂ္ဂိပါစိတ်အာပတ်၊ | (ရူပိယသိက္ခာပုဒ်) |
| (ခ) နိဿဂ္ဂိပါစိတ်အာပတ်၊ | (ပရိဏတသိက္ခာပုဒ်) |
| (ဂ) သုဒ္ဓပါစိတ်အာပတ်၊ | (ဥယျောဇနေသိက္ခာပုဒ်) |
| (ဃ) သုဒ္ဓပါစိတ်အာပတ်၊ | (သြဝါဒသိက္ခာပုဒ်) |
| (င) သုဒ္ဓပါစိတ်အာပတ်။ | (သပ္ပါဏကသိက္ခာပုဒ်) |

၆။ ပထမပါရာဇိကသိက္ခာပုဒ်သည် လောက၌ အပြစ်ရှိသော လောကဝဇ္ဇသိက္ခာပုဒ်ဖြစ်၍ ဥတ္တိစတုတ္ထကံဖြင့် ရဟန်းဖြစ်သော ရဟန်းသည် လောက၌ အပြစ်ရှိသော ပါရာဇိက အမှုကို ကျူးလွန်တတ်သောကြောင့် ဥတ္တိစတုတ္ထရဟန်းကိုသာ အလိုရှိအပ်ပါသည်၊

ဟေဘိက္ခုပသမ္ပဒါစသော ပုဂ္ဂိုလ်များသည်လည်း ဤကဲ့သို့သော လောကဝဇ္ဇ သိက္ခာပုဒ်များကို မကျူးလွန်းကြသောကြောင့် အလိုမရှိအပ်ပါ။

## ၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗတိုအဖွဲ့ ချင်းပြည်နယ်
## ပထမငယ်တန်း ။ ။ ဝိနယ (ဘိက္ခုပါတိမောက်) ဘာသာ
## ၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၁၃–၄–၂၀၀၆) တနင်္လာနေ့

၁။ ဘိက္ခုပါတိမောက်လာ အမျိုးသားနှင့် အမျိုးသမီးတို့ကို နိုးစပ်အောင် "အောင်သွယ်မှု" ပြုလုပ်ပေးခြင်းမှ ရှောင်ကြဉ်ရမည်–ဟု ရှင်တော်မြတ်ဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ်ကို ပါဠိ ကုန်စင်အောင် ရေးသားပြပါ။

http://www.dhammadownload.com


၂။ ဘိက္ခုပါတိမောက်လာ ပုရာဏစိဝရသိက္ခာပဒ ပဋ္ဌိတော်ကို မှန်ကန်စွာ အနက်ပေးပြခဲ့ပါ။

၃။ အဓိဋ္ဌာန် ဝိကပ္ပနာပြုထားသော သင်္ကန်းမှ ပိုလွန်သော သင်္ကန်းကို (၁၀) ရက်ထက် ကျော်လွန်၍ မထားနိုင်သော အခါကာလတို့ကို ဝိနည်းကျမ်းရင်းလာအတိုင်း ဖြေဆိုပြ၍ ဆွေမျိုးမတော်စပ်သော သူဒေးကတော်ထံ သင်္ကန်းအလှူခံကောင်းသော အခါကာလ တို့ကိုလည်း ကျမ်းရင်းလာအတိုင်း ဖြေဆိုပြပါ။

၄။ အောက်ပါ ရဟန်းတော်တို့အား သင့်ရောက်ထိုက်သော အာပတ်အမည်တို့ကို သက်ဆိုင် ရာသိက္ခာပုဒ်အမည်များနှင့် တွဲစပ်ဖော်ပြခဲ့ပါ။

(က) နွားမကို မေထုန်မှီဝဲသော ရဟန်း၊

(ခ) တစ်မတ်သားတိတိရှိသော ရွှေဆွဲကြိုးကို ခိုးယူလာသော ရဟန်း၊

(ဂ) ဆောက်လုပ်သူ ဒကာမရှိပါဘဲလျက် ပမာဏထက်လွန်သော ကျောင်းကို ဆောက်လုပ်သော ရဟန်း၊

(ဃ) ရဟန်းတော်တစ်ပါးအား မိမိကိုယ်တိုင် သင်္ကန်းလှူပြီးနောက်၊ ထိုသင်္ကန်းကို ပြန်၍ လုယူသော ရဟန်း၊

(င) ရဟန်းအချင်းချင်း မသင့်မြတ်အောင် ကုန်းတိုက်စကား ပြောကြားသော ရဟန်း။

၅။ သံဃာ့ဥပုသ် မပြုမီ ခဏ္ဍသိမ်အတွင်း၌ တံမြက်လှည်းသင့်သော ရဟန်းအမျိုးအစားကို ကင်္ခါအဋ္ဌကထာအဖွင့်နှင့်အညီ ဖြေဆိုပြ၍၊ အကယ်၍ တံမြက် မလှည်းပါက မည်သည် အပြစ် သင့်ရောက်ထိုက်ပါသနည်း? ကင်္ခါအဋ္ဌကထာနှင့် အညီ ဖြေဆိုပြပါ။

၆။ ဃရနှင့် ဂါမ-တို့၏ ထူးခြားဟန်ကို ကင်္ခါအဋ္ဌကထာဆရာတော်၏ အာဘော်ကျ ဖြေဆိုပြပါ။

http://www.dhammadownload.com


## ချွင်းပြည်နယ် (အဖြေ)

### ပထမငယ်တန်း ॥ ॥ ဝိနယ (ဘိက္ခုပါတိမောက်) ဘာသာ

၁။ သဥ္စရိတ္တသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ (အနက်ရေးလေ)။

၃။ **မထားနိုင်သော အခါကာလ—**

၁။ သက်နိုးဌ် ပြုအပ်သော ပလိဗောဓပြီးသောအခါ၊

၂။ ခင်းအပ်သော ကထိန်ကို မာတိကာရှစ်ပါးအကြားဌ် နှုတ်ခြင်းဖြင့် နှုတ်အပ်ပြီးသော အခါတို့ ဖြစ်ပါသည်။

**သင်္ကန်းအလှူခံကောင်းသော အခါကာလ—**

သူခိုး, မင်းစသောသူတို့ လုယူသွား၍ဖြစ်စေ, မီး, ရေစသည်ကြောင့် ပျက်စီးသွား၍ ဖြစ်စေ လုံးဝဝတ်ဖို့မရှိရာ အခါဖြစ်ပါသည်။

| | | |
|---|---|---|
| ၄။ | (က) ပထမပါရာဇိကအာပတ်၊ | (မေထုနဓမ္မသိက္ခာပုဒ်) |
| | (ခ) ဒုတိယပါရာဇိကအာပတ်၊ | (အဒိန္နာဒါနသိက္ခာပုဒ်) |
| | (ဂ) သံဃာဒိသေသ်အာပတ်၊ | (ကုဋိကာရသိက္ခာပုဒ်) |
| | (ဃ) နိဿဂ္ဂိပါစိတ်အာပတ်၊ | (စီဝရအစ္ဆိန္နသိက္ခာပုဒ်) |
| | (င) သုဒ္ဓပါစိတ်အာပတ်။ | (ပေသုညသိက္ခာပုဒ်) |

၅။ နာယကမထေရ်က ကြောင့်ကြစိုက်၍ စေခိုင်းအပ်သည့် သင့်တော်သော ပုဂ္ဂိုလ်တစ်ပါး ပါးက ပြုရပါမည်၊ အကယ်၍ တံမြက် မလှည်းပါက ဒုက္ကဋ်အာပတ်သင့်ပါသည်။

၆။ **ဃရ—နှင့် ဇီမတို့၏ ထူးခြားတန်—**

အိမ်တံစက်မြိတ်၏ ရေကျရာအရပ်တွင်းသည် ဃရမည်၏၊

http://www.dhammadownload.com


တံတိုင်းစည်းရိုးရှိသည်ဖြစ်စေ/မရှိသည်ဖြစ်စေ၊ လူရှိသည်ဖြစ်စေ/ မရှိသည် ဖြစ်စေ တစ်အိမ်သာရှိသော ရွာစသော ရွာအားလုံးကို ဂါမဟုခေါ်သည် ဟုသိထားပါသည်။

## ၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ စစ်ကိုင်းတိုင်း
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက် ဘာသာ
## ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅-၃-၂၀၀၆) စနေနေ့

၁။ အောက်ပါ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

(က) ရဟန်းတော်များ ရွှေငွေကို အလှူခံခြင်းနှင့်ပတ်သက်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်။

(ခ) မီးညှိထွန်းခြင်းနှင့်ပတ်သက်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်။

၂။ မိန်းမယောက်ျားနှစ်ဦးအကြား၌ အောင်သွယ်လုပ်တတ်သော ရဟန်းများအတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို မှန်ကန်ကျနစွာ အနက်ပေးပြပါ။

၃။ အနိယတသိက္ခာပုဒ်နှစ်ခုတို့၌ ပါရှိသော အာသန (နေရာ) အမျိုးအစားတို့၏ ထူးခြားပုံကို ရေးပြီးလျှင်၊ ဘိက္ခုနီမကျောင်းသို့သွား၍ ဘိက္ခုနီမတို့ကို ဆုံးမသြဝါဒ ပေးခွင့်ရှိသော အခါကိုလည်း ဖော်ပြခဲ့ပါ။

၄။ အောက်ပါရဟန်းတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။

(က) မာတုဂါမအား ကိုယ်ဝန်ကျဆေး တိုက်ကျွေးသော ရဟန်း၊

(ခ) ဘိက္ခုနီမထံ သင်္ကန်းအလှူခံသော ရဟန်း၊

(ဂ) ပိုးရှိမှန်းသိလျက် မြက်ခင်း မြေပြင်၌ ရေသွန်သော ရဟန်း၊

(ဃ) အကြောင်းမရှိဘဲ စစ်ရေးပြအခမ်းအနားကို သွားကြည့်သော ရဟန်း၊

(င) အော်ကြီးဟစ်ကျယ်ပြောဆိုလျက် ရွာတွင်းသို့ သွားလာနေထိုင်သော ရဟန်း။

http://www.dhammadownload.com


၅။ ယာဂုဝတ်ကာ စ ဘိက္ခု ကမ္မဝတ္တာ-၌ အနည်းဆုံးရှိရမည့် ရဟန်းအရေအတွက်နှင့် အမျိုးအစားကို ဖော်ပြပြီးလျှင် ပါတိမောက်ခံ ဥဒ္ဒိသေယျ-၌ လိုအပ်သော ပါတိမောက်ကိုလည်း ဖြေဆိုပါ။

၆။ ဒုတိယပါရာဇိက သိက္ခာပုဒ်နှင့် စပ်ဆိုင်သော-
(က) နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထု
(ခ) အာပတ်သင့်ခြင်း၏ အင်္ဂါ ၅- ပါးတို့ကို ဖော်ပြပါ။

## စစ်တိုင်းတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (က) ရူပိယသိက္ခာပုဒ်၊
(ခ) ဓောတိသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ သဉ္စရိတ္တသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **ပထမအနိယတသိက္ခာပုဒ် အာသနအရ-**
အဝတ်နံရံစသည်တို့ ဖုံးကွယ်အပ်သော နေရာဖြစ်ပါသည်၊

**ဒုတိယအနိယတသိက္ခာပုဒ် အာသနအရ-**
အကာမရှိ ဟာလာဟင်းလင်းဖြစ်၍ မေထုန်ပြုခြင်းငှါ မဖြစ်နိုင်သော ၁၂-တောင် အတွင်း အဖော်ယောကျာ်း, မိန်းမမရှိသော နေရာဖြစ်ပါသည်။

**ဆုံးမသြဝါဒ ပေးခွင့်ရှိသော အခါ-**
ဘိက္ခုနီမသည် အဆုံးအမခံဖို့ဖြစ်စေ, ကံကြီးကံငယ်ပြုရန်ဖြစ်စေ မသွားနိုင်လောက်အောင် မကျန်းမာသော အခါဖြစ်ပါသည်။

http://www.dhammadownload.com



၄။ (က) ပါရာဇိကအာပတ်၊ (မနုဿဝိဂ္ဂဟသိက္ခာပုဒ်)
(ခ) နိဿဂ္ဂိပါစိတ်အာပတ်၊ (စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်)
(ဂ) သုဒ္ဓပါစိတ်အာပတ်၊ (သပ္ပါဏကသိက္ခာပုဒ်)
(ဃ) သုဒ္ဓပါစိတ်အာပတ်၊ (ဥယျောဇ္ဇသေနာသိက္ခာပုဒ်)
(င) ဒုက္ကဋ်အာပတ်။ (ဥစ္စာသဒ္ဒသိက္ခာပုဒ်)

၅။ **အနည်းဆုံးရှိရမည့် ရတနာအရေအတွက်– ၄– ပါးဖြစ်ပါသည်၊**

**ရတနာအမျိုးအစားကား–**

ပါရာဇိကကျသူလည်းမဟုတ်၊ အာပတ်ကို မရှု, မကျခြင်း မိစ္ဆာအယူကို မစွန့်ခြင်း ကြောင့် ဥက္ခိတ္တကကံပြုအပ်သူလည်း မဟုတ်သော ရိုးရိုးပင်ကိုယ်အတိုင်းဖြစ်သော သီလရှိသော ရဟန်းမျိုးဖြစ်ပါသည်၊

**ပါတိမောက္ခံ ဥဒ္ဒိသေယျ –** ၌ အာဏာပါတိမောက်ကိုသာ အလိုရှိအပ်ပါသည်။

၆။ (က) **နိဒါန်း–** ရာဇဂြိုဟ်ပြည်၊
**ပုဂ္ဂိုလ်–** အရှင်ဓနိယမထေရ်၊
**ဝတ္ထု–** ဗိမ္ဗိသာရမင်းကြီး၏ သစ်တောတို့ကို ပိုင်ရှင်က မပေးဘဲ ခိုးယူမှု။

(ခ) **အာပတ်သင့်ခြင်း အင်္ဂါငါးပါး––**

၁။ လူဇာတ်ရှိသူ၏ ဥစ္စာဖြစ်ခြင်း၊
၂။ သူ့ဥစ္စာမှန်သိခြင်း၊
၃။ ဂရုပရိက္ခာဖြစ်ခြင်း၊
၄။ ခိုးယူလိုသော စိတ်ရှိခြင်း၊
၅။ ခိုးယူခြင်း။

http://www.dhammadownload.com



## ၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ချုပ် တနင်္သာရီတိုင်း

## ပထမငယ်တန်း ။ ။ သိက္ခာပုဒ်ပါတိမောက်ဘာသာ

## ၁၃၆၇–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်၊ (၁–၄–၂၀၀၆) တနင်္လာနေ့

၁။ အောက်ဖော်ပြပါ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးပြပါ။

(က) အရေးအကြောင်းကိစ္စဖြစ်ပေါ်လာလျှင် မိမိနှင့်ဆွေမျိုးမတော်သူထံ သက်နိုးတောင်းခွင့်ရှိကြောင်းပြ သိက္ခာပုဒ်။

(ခ) နံပါတ်ပိုး (ဘိန်းဖြူး)ခိုးသယ်သော ကုန်သည်မှန်းသိလျက် တိုင်ပင်၍ အတူသွားသော ရဟန်း၏အပြစ်ပြသိက္ခာပုဒ်။

၂။ ရဟန်းတော်များသင်္ကန်းအသစ်ကို ဝတ်ရုံသုံးဆောင်ရာဝယ် ကပ္ပဗိန္ဒုတိုးမှုနှင့် ပတ်သက်၍ လိုက်နာပြုကျင့်ဖွယ် ပညတ်အပ်သော သိက္ခာပုဒ်ကို အနက်ပေးပြပါ။

၃။ မိုးရေခံသင်္ကန်းကို ရှာမှီးရာ၌ (က) ရှာမှီးရာခေတ်၊ (ခ) ချုပ်ဆိုးရာခေတ်–တို့ကို မြန်မာလအားဖြင့် ပိုင်းခြားပြပြီးလျှင်၊ အသက်နှစ်ဆယ်မပြည့်သော ပုဂ္ဂိုလ်ဟုသိလျက် ရဟန်းခံပေးသော (က) ဥပဇ္ဈာယ်ဆရာ၊ (ခ) ကာရကသံဃာ–တို့အား သင့်ရောက်သော အပြစ်နှင့် (ဂ) ရဟန်းလောင်းအား ရဟန်းဖြစ်နိုင်/ မဖြစ်နိုင်–ကိုလည်း ပါဠိတော်အတိုင်း ရေးပြပါ။

၄။ အောက်ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖြေဆိုခဲ့ပါ။

(က) ခွင့်ပြုချက်အကြောင်းမရှိဘဲ ဆွေမျိုးမတော်စပ်သူဒါယကာထံ သင်္ကန်းအလှူခံသော ရဟန်း။

(ခ) စာသင်တိုက်အတွက် ရည်စူးပြီးသားသင်္ကန်းဟုသိလျက် မိမိအတွက်ရအောင် မဲဆွယ်သောရဟန်း။

(ဂ) ရေကူးကန်၌ ရေကူးသောရဟန်း။

(ဃ) ငါးဟင်းတောင်းစားသော အဂိလာနရဟန်း။

(င) ဟင်းများများစားလို၍ ဝက်သားတုံးကို ဆွမ်းဖြင့်ဖုံးလွှမ်းထားသောရဟန်း။

http://www.dhammadownload.com



၅။ ဥပုသ်ပြုရာ၌ သံဃာ၏ ဟတ္ထပါသ်အတွင်းဝယ် လူအစရှိသော ဝဇ္ဇနီယပုဂ္ဂိုလ်များရှိမှန်း သိလျက် ကံပြုလျှင် (က) ကံပျက်/မပျက်၊ (ခ) ဝဇ္ဇနီယပုဂ္ဂိုလ်များရှိလျက် ကံပြုလျှင် သင့်ရောက်နိုင်သောအာပတ်များ။ (ဂ) ဝဇ္ဇနီယပုဂ္ဂိုလ်များကို အဘယ်မျှဝေးကွာအောင် ကြဉ်ဖယ်ရမည်ကိုလည်း ရေးသားဖြေဆိုပါ။

၆။ ပဒေသပညတ်အပြားလေးပါး-တို့ကို ရေတွက်ပြပြီးလျှင် တတိယပါရာဇိကသိက္ခာပုဒ်၏ နိဒါန်း, ပုဂ္ဂိုလ်တို့ကိုလည်း ညွှန်ပြပါ။

## တနင်္သာရီတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (က) အညာတကဝိညတ္တိသိက္ခာပုဒ်၊

(ခ) ထေယျသတ္ထသိက္ခာပုဒ်-တို့ကို ပါဠိရေးလေ။

၂။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ (က) နယုန်လပြည့်ကျော် ၁-ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၅-လ၊

(ခ) ဝါဆိုလဆန်း ၁-ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄-လခွဲ၊

**ရဟန်းခံပေးသော**

(က) ဥပဇ္ဈာယ်ဆရာ- သုဒ္ဓပါစိတ် (တဿ ဒုက္ကဋံ ပါစိတ္တိယံ)

(ခ) ကာရကသံဃာအားလုံး- ဒုက္ကဋ်၊ (တေ စ ဘိက္ခူ ဂါရယှာ)

(ဂ) ရဟန်းလောင်း- ရဟန်းမဖြစ်နိုင်။ (သော စ ပုဂ္ဂလော အနုပသမ္ပန္နော)

၄။ (က) နိဿဂ္ဂိပါစိတ်အာပတ်၊ (အညာတကဝိညတ္တိသိက္ခာပုဒ်)

(ခ) နိဿဂ္ဂိပါစိတ်အာပတ်၊ (ပရိဏတသိက္ခာပုဒ်)

(ဂ) သုဒ္ဓပါစိတ်အာပတ်၊ (ဟာသဓမ္မသိက္ခာပုဒ်)

http://www.dhammadownload.com


(ဃ) ဒုက္ကဋ်အာပတ်၊ (သူ့ပေါဒနဝိညတ္တိသိက္ခာပုဒ်)
(င) ဒုက္ကဋ်အာပတ်။ (ညြဒနပ္ပဋိဋ္ဌာဒနသိက္ခာပုဒ်)

၅။ (က) ကံမပျက်ပါ။
(ခ) ဥက္ခိတ္တကပုဂ္ဂိုလ် သုံးယောက်ရှိလျက် ကံပြုလျှင် ပါစိတ် အာပတ်သင့်၍ ကျန် ပုဂ္ဂိုလ်များရှိလျက် ကံပြုလျှင် ဒုက္ကဋ် အာပတ်သင့်ပါသည်၊
(ဂ) အနည်းဆုံး နှစ်တော်နှင့်ထွာ ဟတ္ထပါသ်မျှဝေးကွာအောင် ကြဉ်ဖယ်ရပါမည်။

၆။ ၁။ ဝိနည်းဓိုရ်လျှင် ၅-ယောက်မြောက်သော ဂိုဏ်းဖြင့် ရဟန်းခံနိုင်ခြင်း၊
၂။ အထပ်ထပ်သော ဝိနပ်ကို စီးနိုင်းခြင်း၊
၃။ အမြဲရေရှိုးနိုင်ခြင်း၊
၄။ သားရေအခင်းကို အသုံးပြုနိုင်ခြင်းတို့ဖြစ်ပါသည်။

**တတိယပါရာဇိက-၌**

**နိဒါန်း**- ဝေသာလီပြည်၊ **ပုဂ္ဂိုလ်**- များစွာသောရဟန်းတို့။

**၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း- (အနောက်ပိုင်း)**
**ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ**
**၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅-၃-၂၀၀၆) စနေနေ့**

၁။ သာသက် သပ္ပဋိဘယ အရှည်ဝါသိတောရဆောက်တည်ကြကုန်သော ရဟန်းတော်များ အတွက် ဆွမ်းခံဘွယ်အလှူခံမှု-ဘုဉ်းပေးမှုနှင့်ယှဉ်တ်သက်၍ ပညတ်တော်မူသော သိက္ခာ ပုဒ်ကို ပါဠိရေးပါ။

၂။ အခြားရဟန်းတို့က သိက္ခာပုဒ်နှင့်ပြပြောဆိုပါလျက် နားမထောင်ဘဲ မိမိပြောလိုရာကို သာ ပြောဆိုမိခြင်းကြောင့် အပြစ်ရပုံသိက္ခာပုဒ်ကို ဆက်လက်ကျင့်သုံးရမည့် ဝတ္တရားများ ပါမကျန် ကုန်စင်အောင် အနက်ရေးပါ။

http://www.dhammadownload.com



၃။ သက်န်းပိုးငွေ လာလှူဖိန်းသည့်အခါ ရဟန်းတော်များ မည်သို့ပြောဆိုသင့်သည်ကို ရာဇ သိက္ခာပုဒ်အရ ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ရေးသား၍ မိုးရေခံသင်္ကန်းနှင့်စပ်၍ (က) ရှာမှီးရမည့်လ (ခ) ဝတ်ရုံရမည့်လတို့ကိုလည်း သတ်မှတ်ပြပါ။

၄။ ဘိက္ခုသုဒ္ဓပါစိတ်လာ ''သမယ''သဒ္ဒါပါသော သိက္ခာပုဒ်များကို ဖော်ပြ၍ အောက်ပါ ရဟန်းတို့အား သင့်ရောက်သည့်အပြစ်တို့ကိုလည်း သိက္ခာပုဒ် အမည်တပ်၍ ဖြေဆိုပါ-

(က) ရဟန်းတစ်ပါးအား ကိုယ်တိုင်သင်္ကန်းပေးပြီးမှ တစ်ပန်စိတ်ဆိုး၍ သင်္ကန်းပြန်လည် လုယူသော ရဟန်း။

(ခ) ''သင် အသက်နှစ်ဆယ်မပြည့်တဲ့ ပဉ္စင်းဖြစ်လာသူထင်တယ်''ဟု ရဟန်းတစ်ပါးကို ကုက္ကုစ္စဖြစ်အောင် ပြောဆိုသော ရဟန်း။

(ဂ) ဆွမ်းစားစဉ် လက်မဆေးဘဲ သောက်ရေခွက်ကို ကိုင်သော ရဟန်း။

၅။ ဘိက္ခုဂဏနာ စ ဩဝါဒေ-ဝယ် 'ဩဝါဒ'အရ ဘိက္ခုနီမတို့ တောင်းပန်သောဩဝါဒကို အဘယ်ရဟန်းတို့သည် လက်ခံယူသင့်ပါသနည်း? ဖြေဆို၍။ သင်္ကန်းကို ဆောင်ယူခြင်း အကျိုးငှါ ကိုယ်တိုင်သင်္ကန်းဝတ်သော ပုဂ္ဂိုလ်၏'ဩဝါဒသံဝါသကဖြစ်/မဖြစ်ကိုလည်း အကြောင်းပြဖြေဆိုပါ။

၆။ ကုန်သည်ပွဲစားများ၏ ''ချိန်ခွင်မမှန် အလေးမမှန် ကတ္တားမမှန် **စကားမမှန်**'' မမှန်လေးချက်ဖြင့်ရောင်းဝယ်ခြင်းသည် မည်သည့်ရိုးခြင်း၌ ပါဝင်သည်ကိုဖြေဆို၍ တတိယ ပါရာဇိကသိက္ခာပုဒ်လာ အာပတ်မသင့်သောပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြပါ။

## ပဲခူးတိုင်း (အနောက်ပိုင်း) (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ စတုတ္ထပါရာဇိကသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ သဟာဓမ္မိကသိက္ခာပုဒ်ကို အနက်ရေးလေ။

http://www.dhammadownload.com



### ၃။ ရဟန်းတော်များ ပြောဆိုပုံ ပါဠိ+မြန်မာ–

၁။ န ခေါ မယံ အာဝုသော စီဝရစေတာပန္နံ ပဋိဂ္ဂဏှာမ၊
ဒါယကာ ငါတို့သည် သင်္ကန်းဖိုးကို မခံယူကြကုန်၊

၂။ စီဝရဉ္စ ခေါ မယံ ပဋိဂ္ဂဏှာမ ကာလေန ကပ္ပိယံ၊
ငါတို့သည် လျှောက်ပတ်သော အခါ၌ အပ်သောသင်္ကန်းကိုသာ ခံယူကြကုန်၏။

**မိုးရေခံသင်္ကန်းနှင့် စပ်၍–––**

(က) နယုန်လပြည့်ကျော် ၁–ရက်မှတန်ဆောင်မုန်းလပြည့်နေ့ အထိ ၅–လ ဖြစ်ပါသည်၊
(ခ) ဝါဆိုလဆန်း ၁–ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄–လခွဲ ဖြစ်ပါသည်။

### ၄။ ဘိက္ခုသုဒ္ဓပါစိတ်လာ "သမယ"သဒ္ဒါပါသော သိက္ခာပုဒ်များ–

၁။ ဘိက္ခုနုပဿယသိက္ခာပုဒ်၊ ၂။ သံဝိဓာနသိက္ခာပုဒ်၊
၃။ ဂဏဘောဇနသိက္ခာပုဒ်၊ ၄။ ပရမ္ပရဘောဇနသိက္ခာပုဒ်
၅။ စာရိတ္တသိက္ခာပုဒ်၊ ၆။ နဟာနသိက္ခာပုဒ်။

**သင့်ရောက်သည့်အပြစ်နှင့် သိက္ခာပုဒ် အမည်–**

(က) နိဿဂ္ဂိပါစိတ်အာပတ်၊ (စီဝရအစ္ဆိန္နသိက္ခာပုဒ်)
(ခ) သုဒ္ဓပါစိတ်အာပတ်၊ (သဉ္စိစ္စသိက္ခာပုဒ်)
(ဂ) ဒုက္ကဋ်အာပတ်။ (သာမိသသိက္ခာပုဒ်)

### ၅။ သြဝါဒကို လက်ခံရမည့်ရဟန်းများ–

ဖျင်းအသော (ဗာလ) ရဟန်း၊ မကျန်းမာသော (ဂိလာန) ရဟန်း၊
ခရီးသွားမည့် (ဂမိက) ရဟန်းတို့မှတစ်ပါး တော၌ နေလေ့ရှိသော ရဟန်းဖြစ်စေကာမူ
ရဟန်းများအားလုံး လက်ခံရပါမည်၊
စင်ကြယ်သော စိတ်ရှိသည်ဖြစ်၍ ရဟန်းဝါရေတွက်ခြင်းစသော သံဝါသကို မသာယာ
(လက်မခံ) သောကြောင့် ထေယျသံဝါသက မဖြစ်ပါ။

http://www.dhammadownload.com


၆။ ထေယျာဝဟာရရိုးခြင်းမျိုး၌ ပါဝင်သည့်

**အာပတ်မသင့်သောပုဂ္ဂိုလ်များ–**

၁။ သဉ္စိစ္စ– စေတနာမပါဘဲ သေစေသောရဟန်း၊

၂။ အဇာနန္တဿ– မသိသောရဟန်း၊

၃။ န မာရဏာဓိပ္ပါယဿ– သေစေလိုမှု မရှိသောရဟန်း၊

၄။ ဥမ္မတ္တကာဒီနံ– ရူးသောရဟန်းစသည်တို့ဖြစ်ပါသည်။

**၈။ ··ယမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ ဝဲဒူးတိုင်း (အရှေ့ပိုင်း)**

**ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ**

**၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂ )ရက်၊ (၂၅– ၃–၂၀၀၆) စနေနေ့**

၁။ ဘိက္ခုနီသင်္ဃာဒိသိက္ခာပုဒ်တို့တွင် သပိတ်နှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

၂။ နှစ်သပိတ်၊ သုံးသပိတ်ထက် အပိုအလွန် မုန့်တို့ကို ခံယူသောရဟန်းလိုက်နာပြုကျင့်ရမည့် သိက္ခာပုဒ်တော်ကို အနက်ပေးပါ။

၃။ နိဿဂ္ဂိထိုက်၍ စွန့်ပြီးတစ်ဖန်ပြန်ရသော်လည်း ရဟန်းတော်များ မသုံးစွဲကောင်းသော အခင်းတို့ကို ထုတ်ပြ၍ နိဿဂ္ဂိ နိသီဒနသန္ထတသိက္ခာပုဒ်လာ နိသီဒိုင်နှင့် ရတနဝဂ်လာ နိသီဒိုင် တို့၏ အထူးကို ပြပါ။

၄။ အောက်ပါရဟန်းတို့အား အဘယ်အာပတ်သင့်သည်ကို သိက္ခာပုဒ်အမည်နှင့်တကွ ပြဆိုပါ။

(က) သာသနာတော်မှ ရွေ့လျောစေလို၍ အခြေအမြစ်မရှိဘဲ ရဟန်းတစ်ပါးကို ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်း၊

(ခ) အမျိုးမတော်စပ်သော ဘိက္ခုနီမကို သင်္ကန်းဟောင်း ဖွပ်လျှော်ခိုင်းသောရဟန်း၊

(ဂ) ရဟန်းတစ်ပါး အလှူခံထားသောငွေဖြင့် ဝယ်မို၍ နိဿဂ္ဂိထိုက်နေသော သင်္ကန်းကို အခြားရဟန်းက ကပ္ပိယဝတ္ထုဖြင့် လဲလှယ်ယူသောရဟန်း၊

http://www.dhammadownload.com


(ဃ) ထောပတ်ကို ဆေးအတွက်မဟုတ်ဘဲ သက်သက်တောင်းစားသောရဟန်း။
(င) စစ်ရေးပြကွင်းသို့ ချီတက်ရန်လာနေသော မြန်မာ့တပ်မတော်ခြေလျင်တပ်ကို သွားရောက်ကြည့်ရှုနေသောရဟန်း။

၅။ တံ သဇ္ဇေဝ-၌ သဇ္ဇ-အရ အဘယ်ရဟန်းမျိုးတို့ကို ယူရမည်ကို ဖြေဆို၍ ယဿ သိယာ အာပတ္တိ-၌ ယဿ-အရ, အာပတ္တိ-အရကိုလည်း ဖော်ပြပါ။

၆။ ဂါမာဝါ အရညာဝါ-၌ ဂါမအရ, အရညအရတို့ကို ပိုင်းခြားပြပြီးလျှင် ပရိယာယ်ဖြင့် စေခိုင်းသတ်ရာ၌ တတိယပါရာဇိကသိက္ခာပုဒ်မှ အပြစ်လွတ်/မလွတ်အကြောင်းပြ ဖြေဆိုပါ။

## ပဲခူးတိုင်း (အရှေ့ပိုင်း) (အဖြေ)

### ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ပတ္တသိက္ခာပုဒ် နှင့် ဦနပဉ္စဗန္ဓနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ကာဏမာတုသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **ပြန်ရသော်လည်းမသုံးစွဲကောင်းသော အခင်းများမှာ-**

ဋ္ဌေကလောမဝဂ် ပထမ, ဒုတိယ, တတိယ (ကောသိယ, သုဒ္ဓကာဠက, ဒွေဘာဂ) သိက္ခာပုဒ်တို့လာ အခင်းများသည် နိဿဂ္ဂိထိုက်၍ စွန့်ပြီးနောက် ပြန်ရသော်လည်း ထိုင်ခြင်း, အိပ်ခြင်းစသော အခင်းအဖြစ် မသုံးစွဲကောင်း။

**နိသီဒိုင် အထူး-**

နိသီဒနသန္ထတသိက္ခာပုဒ်လာ- နိသီဒိုင်သည် အခင်းဖြစ်သည် (သက်နှ်းကိုးထည်တွင် မပါဝင်) အတိုင်းအရှည် ပမာဏမရှိ မရက်ဘဲခင်း၍ ပြုလုပ်ရ၏၊ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ သုံးစွဲနိုင်သည်။

ရတနဝဂ်၌လာသော နိသီဒိုင်ကား သက်နှ်းကိုးထည်တွင်ပါဝင်၏၊ အတိုင်းအရှည် ပမာဏလည်းရှိ၏၊ ရက်ကန်း၌ ရက်အပ်သောအဝတ်ဖြစ်၏၊ အဓိဋ္ဌာန်တင် ဝိကပ္ပနာပြု၍ သုံးစွဲရသည် ဤသို့ထူးပါသည်။

http://www.dhammadownload.com



၄။ (က) သံဃာဒိသေသ်အာပတ်၊ (ဒုဋ္ဌဒေါသသိက္ခာပုဒ်)

(ခ) နိဿဂ္ဂိပါစိတ်အာပတ်၊ (ပုရာဏစီဝရသိက္ခာပုဒ်)

(ဂ) နိဿဂ္ဂိပါစိတ်အာပတ်၊ (ရူပိယသံဝေါဟာရသိက္ခာပုဒ်)

(မှတ်ချက်) ငွေဖြင့်ဝယ်မိ၍ နိဿဂ္ဂိထိုက်နေသော သင်္ကန်းသည်လည်း နိဿဂ္ဂိယ ဖြစ်သည်ဟု ပါတိမောက်ဘာသာဋီကာ ရူပိယသံဝေါဟာရ သိက္ခာပုဒ်၌ ဆိုသည်)

(ဃ) ဒုက္ကဋ်အာပတ်၊ (သူပေါဒနဝိညတ္တိသိက္ခာပုဒ်)

(င) သုဒ္ဓပါစိတ်အာပတ်။ (ဥယျောဓိကသေနာသိက္ခာပုဒ်)

၅။ **သဗ္ဗအရ ယူရမည် ရဟန်း–**

သိမ်အပြင်၌ ထင်ရှားရှိသော ထေရ, နဝ, မဇ္ဈိမဖြစ်သော ရဟန်းအားလုံးကို ယူရပါမည်။

**ယဿ အရ အာပတ္တိ အရ–** (ကချင်ပြည်နယ် နံပါတ် ၅–တွင်ရှု)

၆။ **ဂါမ–အရ အရညာ–အရ ပိုင်းခြားသတ်မှတ်ပုံ–**

တံတိုင်းစည်းစသည်ဖြင့် ကာရံရှိသည်ဖြစ်စေ/ မရှိသည်ဖြစ်စေ၊ လူရှိသည်ဖြစ်စေ/ မရှိသည်ဖြစ်စေ ကေကုဋီက–စသည်ပြားသော အောက်ထစ်ဆုံးအားဖြင့် လေးလထက် ကျော်အောင်နေပြီးသော ကုန်သည်အပေါင်း၏ တည်နေရာအရပ်ကို **ရွာ**–ဟုခေါ်ပါသည်၊ ရွာနှင့် ရွာဥပစာကို ချန်ထား၍ ကြွင်းသောအရပ်အားလုံးကို **တော**–ဟုခေါ်ပါသည်။

**အပြစ်လွတ်/မလွတ်**

တတိယပါရာဇိကသိက္ခာပုဒ်၌ ''သံဝဏ္ဏေယျ'' ဟုတော်မူသောကြောင့် ပရိယာယ်ဖြင့် စေခိုင်းသတ်သော်လည်း တတိယပါရာဇိကသိက္ခာပုဒ်အရ အပြစ်မလွတ်ပါ။

## ၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ မကွေးတိုင်း

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

## ၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅–၃–၂၀၀၆) စနေနေ့

၁။ စိတ်တူကိုယ်မျှ ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်သော ရဟန်းအား ရဟန်းကောင်းတို့က ပြောဆိုပုံပြ စကားရပ်ကိုသာ ပါဠိသက်သက်ရေးခဲ့ပါ။

http://www.dhammadownload.com



၂။ ငါးပွဲမပြည့်သေးသော သပိတ်ရှိလျက် သပိတ်အသစ်ကို တောင်းသောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ ရဟန်းတော်များ စစ်တပ်အတွင်း တည်းခိုနေစဉ် သွားရောက်မကြည့်ရှုရန် ပညတ်ထားသော အရပ်ဌာနတို့ကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖြေဆို၍၊ သိတင်းသုံးဖော်ငါးဦးတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်နှင့်တကွ တွဲစပ်ဖြေဆိုခဲ့ပါ။

(က) ဆွေမျိုးမတော်သော ရဟန်းမအား သင်္ကန်းဟောင်းကို ဖွပ်လျှော်ခိုင်းသောရဟန်း၊

(ခ) ဆွေမျိုးမတော်သော ရဟန်းမ၏ သင်္ကန်းကို ကိုယ်တိုင် ချုပ်ပေးသောရဟန်း၊

(ဂ) ရဟန်းတစ်ပါးကို စိတ်ဆိုးပြီး သံဃိကကျောင်းမှ နှင်ထုတ်သောရဟန်း၊

(ဃ) အတိုင်းအရှည်ပမာဏကိုလွန်၍ မိုးရေခံသင်္ကန်း ပြုလုပ်သောရဟန်း၊

(င) ဆွမ်းကို ရှိသေစွာ မခံယူသောရဟန်း။

၅။ ဗန္ဓသိမ်နှင့် အဗန္ဓသိမ်တို့၏ အထူးကိုဖြေဆို၍၊ သိမ်နိမိတ်ရှစ်မျိုးတို့တွင် တောင်နိမိတ်အပြားကိုလည်း ရေးသားခဲ့ပါ။

၆။ "သိက္ခာတင် ပဉ္စက်" ဟု ဆိုရာ၌ ပဉ္စသရုပ်ကို မြန်မာဘာသာဖြင့်ဖော်ထုတ်ခဲ့ပါ။

## မေးခွန်းတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ မာယာသ္မာ သမဂ္ဂဿ သံဃဿ (ပ) ဝိဟရတိတိ–ကို ပါဠိရေးလေ။

၂။ ဥဒ္ဒေပဥ္စဗန္ဓနသိက္ခာပုဒ်ကို အနက်ရေးလေ။

http://www.dhammadownload.com



၃။ ဥယျောဓိက– တက်၍တက်၍ ထိုးပစ်ရာ အရပ်ဌာန၊
ဗလဂ္ဂ– မိုလ်ပါရဲမက်ကို ရေတွက်ရာအရပ်ဌာန၊
သေနာဗျူဟာ– စစ်ဆင်ရာအရပ်ဌာန၊
အနိကဒဿန– ဆင်တပ်, မြင်းတပ်, ရထားတပ်, လက်နက်ဆွဲသောရဲမက်ကို ရှုကြည့်ရာအရပ်ဌာနတို့ဖြစ်ပါသည်

**သိတင်းသုံးတော် ၅–ဦး**

ရဟန်းယောက်ျား။ ရဟန်းမိန်းမ၊ သိက္ခမာန်၊ သာမဏေ၊ သာမဏေမ။

၄။ (က) နိဿဂ္ဂိပါစိတ်အာပတ်၊ (ပုရာဏစီဝရသိက္ခာပုဒ်)
(ခ) သုဒ္ဓပါစိတ်အာပတ်၊ (စီဝရသိဗ္ဗနသိက္ခာပုဒ်)
(ဂ) သုဒ္ဓပါစိတ်အာပတ်၊ (နိကမနသိက္ခာပုဒ်)
(ဃ) သုဒ္ဓပါစိတ်အာပတ်၊ (ဝဿိကသာဋိကသိက္ခာပုဒ်)
(င) ဒုက္ကဋ်အာပတ်။ (သင်္ကစ္စပဋိဂ္ဂဟဏသိက္ခာပုဒ်)

၅။ (၁၁) လုံးသော ဝိပတ္တိသိမ်တို့ကို ကျော်လွန်၍ သုံးပါးသော သမ္ပတ္တိနှင့်ယှဉ်သော နိမိတ်တစ်ခုနှင့် နိမိတ်တစ်ခု ဆက်စပ်သော ကမ္မဝါစာဖြင့် ဖွဲ့အပ်သမုတ်အပ်သော သိမ်သည် "ဗဒ္ဓသိမ်" မည်ပါသည်၊
ကမ္မဝါစာဖြင့် မဖွဲ့အပ် မသမုတ်အပ်သော သိမ်သည် "အဗဒ္ဓသိမ်" မည်ပါသည် ဤသို့ ထူးပါသည်။

**တောင်နိမိတ်အပြား–**

မြေသက်သက်တောင်၊ ကျောက်သက်သက်တောင်၊ မြေ, ကျောက်ရောသောတောင်။

၆။ **ပဥ္စသရုပ်–**

၁။ ဝတ္ထု၏ ပြည့်စုံခြင်း၊ ၂။ သိမ်၏ ပြည့်စုံခြင်း၊
၃။ ပရိသတ်၏ ပြည့်စုံခြင်း၊ ၄။ ဉာတ်၏ ပြည့်စုံခြင်း၊
၅။ ကမ္မဝါစာ၏ ပြည့်စုံခြင်း–တို့ဖြစ်ပါသည်။

http://www.dhammadownload.com



## ၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ မန္တလေးတိုင်း

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက် ဘာသာ

## ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅-၃-၂၀၀၆) စနေနေ့

၁။ လူနာအတွက် အရေးပေါ်လာရောက်လှူဒါန်းသော အစ္စေကသင်္ကန်းနှင့် ပတ်သက်၍ ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ကဏ္ဍကသာမဏေအား ဒဏ္ဍကမ္မနာသနာဖြင့် ဖျက်ဆီးပုံပြပါဠိကို အနက်ပေးခဲ့ပါ။

၃။ “တဿေဝ ခေါ ပန ဘိက္ခုဿ ဘိက္ခူ ဟောန္တိ” ၌ ဘိက္ခုဿ- နှင့် ဘိက္ခူ-အရတို့ကို ခွဲခြားဖော်ပြ၍ မဟာနာမသိက္ခာပုဒ်လာ ပင့်ဖိတ်ပုံ (၃) မျိုးတို့ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာ ယှဉ်တွဲ ဖော်ပြခဲ့ပါ။

၄။ အောက်ပါရဟန်းတို့အား မည်သည့်ဥဒ္ဒေသလာ မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့် အာပတ် သင့်ရောက်ပါသနည်း။

(က) ရဟန်းဒကာမ အပျိုကြီးအား ယောက်ျားပေးစားသောရဟန်း၊

(ခ) ရဟန်းဒကာမ လှူဒါန်းသောငွေကို အလှူခံသောရဟန်း၊

(ဂ) ရဟန်းဒကာမနှင့် တစ်မိုးတစ်ရံတည်းသောကျောင်း၌ အတူအိပ်သောရဟန်း။

၅။ ကံ၏အစွမ်းဖြင့် ပြားသော သံဃာ (၅) ပါးသရုပ်ကို ထုတ်ပြ၍ သုံးခုမြောက်သံဃာ ပြုနိုင်သောကံ-တို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ပါဏာတိပါတပယောဂအပြားကို ရေးသား၍ အလဇ္ဇိယညာဏဒဿနံ-၌ “ညာဏ” အရကိုလည်း တိကျမှန်ကန်စွာ ကောက်ပြခဲ့ပါ။

http://www.dhammadownload.com



## မန္တလေးတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မာသင်ခန်းစာ

၁။ အစွေကစိဝရသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ အဋ္ဌတဂွေ (ပ) ဝိနဿာတိ–ကို အနက်ရေးလေ။

၃။ **အိတ္တဥ္စ** အရ– သံဃာသင်းခွဲသော ရဟန်းကိုရ၏၊
**အိတ္တူ** အရ– သံဃာသင်းခွဲသော နောက်လိုက်ဖြစ်ကြကုန်သော ဝဂ်ဖြစ်ကြောင်း စကားကိုပြောဆိုတတ်ကုန်သော ၁–ပါး ၂–ပါး, ၃–ပါးသော ရဟန်းများရ၏။

**ဝင့်ဖိတ်ပုံ ၃–မျိုး–**

၁။ စတုမာသပ္ပစ္စယပဝါရဏာ– လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ခြင်း၊
၂။ ပုနပဝါရဏာ– တစ်ဖန်ဖိတ်ခြင်း၊
၃။ နိစ္စပဝါရဏာ– အမြဲဖိတ်ခြင်း။

၄။ (က) သံဃာဒိသုဒ္ဓေသလာ သဥ္စရိတ္တသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
(ခ) ဝိတ္ထာရုဒ္ဒေသလာ ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ဂ) ဝိတ္ထာရုဒ္ဒေသလာ ဒုတိယသဟသေယျသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

၅။ **သံဃာ (၅) ပါးသရုပ်–**

၁။ စတုဝဂ္ဂသံဃာ၊ ၂။ ပဥ္စဝဂ္ဂသံဃာ၊ ၃။ ဒသဝဂ္ဂသံဃာ၊
၄။ ဝီသတိဝဂ္ဂသံဃာ၊ ၅။ အတိရေကဝီသတိဝဂ္ဂသံဃာ။

**သုံးခုမြောက်သံဃာ ပြုနိုင်သောကံ–**

အဗ္ဘာနကံမှတစ်ပါး ကြွင်းသော သံဃကံအားလုံးကို ပြုနိုင်ပါသည်။

http://www.dhammadownload.com



၆။ ပါထာတိပါတ ပယောဂအပြား–

၁။ သာဟတ္ထိကပယောဂ၊ ၂။ နိဿဂ္ဂိယပယောဂ၊

၃။ အာဏတ္တိကပယောဂ၊ ၄။ ထာဝရပယောဂ၊

၅။ ဝိဇ္ဇာမယပယောဂ၊ ၆။ ဣဒ္ဓိမယပယောဂ။

ဉာဏ အရ– မဟာဂ္ဂုတ်လောကုတ္တရာနှင့်ယှဉ်သော ပညာရပါသည်။

## ၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ ချမှတ်ပြည်နယ်
## ပထမငယ်တန်း ။ ။ သိက္ခာပုဒ်ပါတိမောက်ဘာသာ
## ၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၃–၄–၂၀၀၆) တနင်္လာနေ့

၁။ သုဒ္ဓပါစိတ် မုသာဝါဒဝဂ်၌ အမျိုးသမီးများအား တရားဟောမှုနှင့် စပ်လျဉ်း၍ အာပတ်သင့်ပုံပြ သိက္ခာပုဒ်ကို အနက်မှန်မှန်ပေးခဲ့ပါ။

၂။ သုဒ္ဓပါစိတ် သိက္ခာပုဒ်တို့တွင် "ဇာနံ" သဒ္ဒါ ဆက်တိုက်ပါသော သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၃။ သံဃာဒိသေသ် စတုတ္ထသိက္ခာပုဒ်လာ "ဝဏ္ဏံ ဘာသေယျ" အဓိပ္ပါယ်ကို ရေးသားဖြေဆိုပြီးလျှင် မိုးရေခံသင်္ကန်း ရှာမှီးရမည့် အချိန်ကာလကိုလည်း ဖြေဆိုခဲ့ပါ။

၄။ ခံတွယ်, ဘောဇဉ်များမပေးကောင်းသော ပုဂ္ဂိုလ်တို့ကို ပါတိမောက်လာအတိုင်း ဖော်ပြ၍ အမာလွှမ်းသင်္ကန်း၏ အလျား, အနံပမာဏကိုလည်း ကျမ်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၅။ အောက်ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြခဲ့ပါ–

(က) ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်သောရဟန်း၊

(ခ) ရဟန်းမကို သိုးမွေးဆိုးနိုင်းသောရဟန်း၊

(ဂ) မာတုဂါမနှင့်အတူ တစ်ယောက်ချင်း ဆိတ်ကွယ်ရာအရပ်၌ နေထိုင်သောရဟန်း၊

http://www.dhammadownload.com


(ဃ) သဘောတူပြီးသော မွေကံကို ရှုတ်ချသောရဟန်း၊
(င) သက်နိုးကိုပင့်၍ မြို့ ရွာအတွင်းသို့ သွားသောရဟန်း။

၆။ ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ကြုံကြိုက်ပါလျက် ရဟန်းခံခွင့်မရှိသူများကို ကဗီလာသည့်အတိုင်း ဖော်ပြ၍ တတိယပါရာဇိကသိက္ခာပုဒ်လာ ပါဏ, ပါဏာတိပါတ-အရတို့ကိုလည်း ကဗီနှင့်အညီ ဖော်ပြခဲ့ပါ။

## မွန်ပြည်နယ် (အဖြေ)

**ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ**

၁။ မေ့ဒေသနာသိက္ခာပုဒ်ကို အနက်ရေးလော။

၂။ သပ္ပါဏကသိက္ခာပုဒ်မှ ထေယျသတ္ထသိက္ခာပုဒ်အထိ ပါဠိတို့ကို ရေးလော။

၃။ နမ အကြောင်မိန်းမသည် အကျင့်သီလရှိသော ကောင်းသောတရားရှိသော မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော ငါကဲ့သို့သောသူကို ထိုမေထုန်အမှုဖြင့် လုပ်ကျွေးရာ၏၊ ဤလုပ်ကျွေးခြင်းသည် လုပ်ကျွေးခြင်းတကာတို့တွင် အမြတ်ဆုံးပေတည်း။

**မိုးရေခံသင်္ကန်း ရှာမှီးရမည့် အချိန်ကာလ-**

နယုန်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၅-လဖြစ်ပါသည်။

၄။ **ခဲဘွယ်, ဘောဇဉ်များမပေးကောင်းသော ပုဂ္ဂိုလ်များ-**

အဝတ်မဝတ်သောတက္ကတွန်း၊ ပရိဗိုဇ်ရဟန်း၊ ပရိဗိုဇ်မ။

**အမာလွှမ်းသင်္ကန်း ပမာဏာ-**

မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ၄-ထွာ၊ အနံ ၂-ထွာ-ဖြစ်ပါသည်။

၅။ (က) ဒုက္ကဋ်အာပတ်၊ (သံဃဘေဒကသိက္ခာပုဒ်)
(ခ) နိဿဂ္ဂိပါစိတ်အာပတ်၊ (ငွေကလောမဓောဝါပနသိက္ခာပုဒ်)

http://www.dhammadownload.com



(ဂ) သုဒ္ဓပါစိတ်အာပတ်၊ (ရပေါနိသဇ္ဇသိက္ခာပုဒ်)
(ဃ) သုဒ္ဓပါစိတ်အာပတ်၊ (ကမ္ဗုပ္ပဋိဟာဟနသိက္ခာပုဒ်)
(င) ဒုက္ကဋ်အာပတ်။ (ဥက္ခိတ္တကသိက္ခာပုဒ်)

၆။ ရဟန်းခံခွင့်မရှိသူများ–

၁။ အသက်နှစ်ဆယ်မပြည့်သောသူ၊ ၂။ ပါရာဇိကကျဖူးသူ၊
၃။ ပဏ္ဍုက်၊ ၄။ ထေယျသံဝါသက၊ ၅။ တိတ္ထိယပက္ကန္တက၊
၆။ တိရစ္ဆာန်၊ ၇။ မာတုဃာတက၊ ၈။ ပိတုဃာတက၊
၉။ အရဟန္တဃာတက၊ ၁၀။ လောဟိတုပ္ပါဒက၊ ၁၁။ သံဃဘေဒက၊
၁၂။ ဘိက္ခုနီဒူသက၊ ၁၃။ ဥဘတောဗျည်း။

**ပါထာ အရ–** ပညတ်အားဖြင့် သတ္တဝါကိုရပါသည်၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကိုရပါသည်၊
**ပါဏာတိပါတ အရ–** ဇီဝိတိန္ဒြေကို ဖြတ်တတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေကြောင်း စေတနာကိုရပါသည်။

**၁၂။ ပထမဖြစ်စာမေးပွဲကျင်းပရေးဇတိုအဖွဲ့ ရန်ကုန်တိုင်း**
**ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက် ဘာသာ**
**၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅–၃–၂၀၀၆) စနေနေ့**

၁။ ပဏ္ဍိတဘောင်ဝတ်တို့ကို မနာမဖျားဘဲ မိမိအကျိုးငှာ တောင်း၍ စားသောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ခိုးသူလုယက်သော သင်္ကန်းရှိသောရဟန်းအား ဆွေမျိုးမတော်စပ်သူတို့က သင်္ကန်းလှူ အိန်းလာလျှင် အလှူခံနိုင်ခွင့်ရှိသော သင်္ကန်းအပိုင်းအခြားကို ပြဆိုသည့် သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ နိဿဂ္ဂိပါစိတ်လာ အခင်းနှင့်စပ်၍ ပညတ်အပ်သော သိက္ခာပုဒ်တို့ကို အမည်မျှ ဖော်ပြ၍၊ သင်္ကန်းအသစ်ကို ကပ္ပဗိန္ဒုထိုးရာ၌ ထိုးနိုင်သော အရောင်အဆင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၄။ အောက်ပါ ပြစ်မှုကို ကျူးလွန်သော ရဟန်းတော်တို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့် တွဲစပ်ဖော်ပြပါ–

(က) ကွာရှင်းပြတ်စဲပြီးသော ဇနီးမောင်နှံနှစ်ဦးအား ပြန်လည်ပေါင်းသင်းရန် စေ့စပ်ညှိနှိုင်း ပေးသောရဟန်း၊

(ခ) အမည်းသက်သက်သော သိုးမွေးအခင်းကို ပြုလုပ်စေသောရဟန်း၊

(ဂ) တစ်ပါးသောရဟန်း၏ အပ်ကျည်ကို ရယ်မြူးလို၍ ဝှက်ထားသောရဟန်း၊

(ဃ) ငြိမ်းအေးပြီးသော အဓိကရုဏ်းကို တပန် ကံပြုစေရန် လှုံ့ဆော်သောရဟန်း၊

(င) ခါးထောက်၍ မြို့ ရွာအတွင်း၌ သွားလာသောရဟန်း။

၅။ အဘာယ်သိမ်မျိုးကို ဗဒ္ဓသိမ်ခေါ်သည်ဟု ဖော်ပြ၍ သိမ်သမုတ်ရာ၌ ပြည့်စုံရမည့် သမ္ပတ္တိ သုံးမျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ဒုတိယပါရာဇိကသိက္ခာပုဒ်အရ သင့်ရောက်နိုင်သော အာပတ်အပြားတို့ကိုဖော်ပြ၍၊ အညတြ အဓိမာနာ–၌ အဓိမာန်၏ အဓိပ္ပါယ်နှင့် အဓိမာန်ဖြစ်နိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း အသီးသီး ဖော်ပြခဲ့ပါ။

## ရန်ကုန်တိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ပဏီတဘောဇနသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ တတုတ္တရိသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ၁။ ကောသိယသိက္ခာပုဒ်၊ ၂။ သုဒ္ဓကာဠကသိက္ခာပုဒ်၊
၃။ ဒွေဘာဂသိက္ခာပုဒ်၊ ၄။ ဆဗ္ဗဿသိက္ခာပုဒ်၊
၅။ နိသီဒနသန္ထတသိက္ခာပုဒ်။
(တပ္ပဓိမျှ ထိုးနိုင်သော အရောင်အဆင်း– ကယားပြည်နယ် နံပါတ် ၃–တွင်ရှု)။

http://www.dhammadownload.com



၄။ (က) သံဃာဒိသေသ်အာပတ်၊ (သုဒ္ဓရိတ္တသိက္ခာပုဒ်)
(ခ) နိဿဂ္ဂိယပါစိတ်အာပတ်၊ (သုဒ္ဓကာဠကသိက္ခာပုဒ်)
(ဂ) သုဒ္ဓပါစိတ်အာပတ်၊ (အပနိဓာနသိက္ခာပုဒ်)
(ဃ) သုဒ္ဓပါစိတ်အာပတ်၊ (ဥဇ္ဈောဒ္ဓနသိက္ခာပုဒ်)
(င) ဒုက္ကဋ်အာပတ်။ (ခမ္ဘကတသိက္ခာပုဒ်)

၅။ (**ဗုဒ္ဓဿိမ်ဆော်ဆိုပုံ**- မကွေးတိုင်း နံပါတ် ၅-တွင်ရှု)။
(**သမ္ဘွတ္တိသုံးမျိုး**- ကယားပြည်နယ် နံပါတ် ၅-တွင်ရှု)။

၆။ **အာပတ်အပြား**- ၁။ ဒုက္ကဋ်၊ ၂။ ထုလ္လစ္စည်း၊ ၃။ ပါရာဇိက။
**အဓိမာန်၏ အဓိပ္ပါယ်**-မရောက်အပ် မရအပ်သေးသော ဈာန်မဂ်ဖိုလ်တရား၌ ရောက်အပ်ရအပ်ပြီဟုမှတ်ထင်ခြင်းကို "အဓိမာန" ဟုဆိုရပါသည်၊

**အဓိမာန်ဖြစ်နိုင်သော ပုဂ္ဂိုလ်**-

အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာရေးသုံးပါးသို့တင်၍ သင်္ခါရတရားတို့ကို သုံးသပ်နေသည့် အာရဒ္ဓဝိပဿကပုဂ္ဂိုလ်များဖြစ်ပါသည်။

## ၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဖတိုအဖွဲ့ ရခိုင်ပြည်နယ်
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက် ဘာသာ
## ၁၃၆၇-ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၁၃-၄-၂၀၀၆) တနင်္လာနေ့

၁။ သဒ္ဒါလွန်ကဲ ဥစ္စာမွဲသော ဒါယကာတို့အိမ်၌ ဆွမ်းခံရာဝယ် လိုက်နာရမည့် ကျင့်ဝတ်ပြ သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးသားခဲ့ပါ။

၂။ မြတ်ဗုဒ္ဓသည် သိက္ခာပုဒ်ပညတ်ရာဝယ် အနုပညတ်ကို ပြန်လည်ထည့်စွက် ပညတ်တော်မူလေ့ရှိရာ ဘိက္ခုပါတိမောက်လာ အနုပညတ် (၆) မျိုးပါဝင်သော သိက္ခာပုဒ်ကို အနက်မှန်မှန် ရေးသားခဲ့ပါ။

http://www.dhammadownload.com



၃။ ဂိလာနရဟန်းတော်သည် ကာလအပိုင်းအခြားအလိုက် သန္နိဓိပြုခွင့်ရှိသော ပစ္စည်းစာရင်းကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ပြဆို၍ ပါတိမောက်လာ ဂဏ္ဌာဘောဇဉ်, ပရမ္ပရဘောဇဉ်, ပဏီတဘောဇဉ်တို့ဟူသည် အာပတ်ပါနည်း သိသာရုံမျှ ပြဆိုခဲ့ပါ။

၄။ ဖော်ပြပါ ရဟန်းတော်များအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်ပါသနည်း ပြဆိုခဲ့ပါ။

(က) ကွဲကွာနေသော မိတနှစ်ပါးကြား စေ့စပ်ပေးသောရဟန်း၊

(ခ) သပိတ်သက်န်းအရောင်အဝယ် ပြုသောရဟန်း၊

(ဂ) အမျက်ဒေါသထွက်သဖြင့် အတူနေရဟန်းအား သံဃိကကျောင်းမှ နှင်ထုတ်သောရဟန်း၊

(ဃ) ဆွမ်းစားကောင်းအောင် သေရည်သေရက်သောက်သောရဟန်း၊

(င) ဆွမ်းစားရာတွင် မျောက်ကဲ့သို့ ပါးစောင်၌ထား၍ စားသောရဟန်း။

၅။ အာပတ်ကိုထင်စွာပြုခြင်း, မပြုခြင်းတို့ကြောင့် ရအပ်သောအကျိုး, အပြစ်တို့ကို ကဒီနှင့်အညီ ပြဆိုပြီး အညတြ အဓိမာနာ-၌ အဓိမာန အဓိပ္ပါယ်နှင့် အဓိမာနဖြစ်ထိုက်သော ပုဂ္ဂိုလ်မျိုးကိုလည်း ဖော်ပြခဲ့ပါ။

၆။ "အနာဂတေ လဇ္ဇီ ရက္ခိဿန္တိ" ဟုမြတ်ဗုဒ္ဓမိန့်တော်မူခဲ့ရာ အနာဂတ်သာသနာတော်ကို မစောင့်ရှောက်နိုင်သော အလဇ္ဇီရဟန်းယုတ်တို့၏ အင်္ဂါလက္ခဏာများကို ကဒီလာ အတိုင်း ပြည့်စုံစွာပြဆိုပြီး၊ "သိက္ခာတင် ပဉ္စင်္ဂ သိက္ခာချ ဆငင်္ဂ" ဟူသော စကား၌ ပဉ္စင်္ဂသရုပ်ကိုလည်း ပြဆိုခဲ့ပါ။

## ရခိုင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ॥ ॥ ဘိက္ခုပါတိမောက်ဘာသာ

၁။ တတိယပါရာဇိကသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ နဟာနသိက္ခာပုဒ်ကို အနက်ရေးလေ။

http://www.dhammadownload.com



၃။ **သန္နိဓိပြုခွင့်ရှိသော ပစ္စည်းစာရင်း–**

သပ္ပိ– ထောပတ်၊ နဝနီတံ– ဆီဦး၊ တေလ– ဆီ၊ မဓု– ပျား၊ ဖာဏိတ– တင်လဲ။

**ဂဏဘောဇဉ်–** ရဟန်း ၄-ပါး ၄-ပါးထက် ပိုလွန်သော ဂိုဏ်း၏ မအပ်သောပင့်ဖိတ်ခြင်းကြောင့်ဖြစ်စေ, မအပ်သောတောင်းခြင်းကြောင့်ဖြစ်စေ ရအပ်သောဘောဇဉ်ကို စားခြင်းကို ဂဏဘောဇဉ်ဟု ခေါ်ပါသည်၊

**ပရမ္ပရဘောဇဉ်–** ရှေးရှေးပင့်ဖိတ်သူ၏ ဘောဇဉ်ကိုမစား နောက်နောက်ပင့်ဖိတ်သူ၏ ဘောဇဉ်ကို စားခြင်းကို ပရမ္ပရဘောဇဉ် ဟုခေါ်ပါသည်၊

**ပဏီတဘောဇဉ်–** ထောပတ်စသည်နှင့် ရောအပ်သော ထောပတ်ထမင်း ဆီဦးထမင်း နွားနို့ထမင်း-စသည်များကို ပဏီတဘောဇဉ်ဟုခေါ်ပါသည်။

၄။ (က) သဉ္စရိတ္တသိက္ခာပုဒ်ဖြင့် — သံဃာဒိသေသ်အာပတ်၊
(ခ) ကယဝိက္ကယသိက္ခာပုဒ်ဖြင့် — နိဿဂ္ဂိပါစိတ်အာပတ်၊
(ဂ) နိက္ကမ္မနသိက္ခာပုဒ်ဖြင့် — သုဒ္ဓပါစိတ်အာပတ်၊
(ဃ) သုရာပါနသိက္ခာပုဒ်ဖြင့် — သုဒ္ဓပါစိတ်အာပတ်၊
(င) အဝဂဏ္ဍကာရကသိက္ခာပုဒ်ဖြင့် — ဒုက္ကဋ်အာပတ်။

၅။ အာပတ်ကို ထင်စွာပြုခြင်းကြောင့် ပထမဈာန်စသည်ကို ရဖို့ရာ ချမ်းသာလွယ်ကူပါသည်၊ အာပတ်ကို ထင်စွာမပြုခြင်းကြောင့် သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်သင့်ပါသည်။
**(အဝိယာန အဝိပ္ပါယ်နှင့် အဝိယာနဖြစ်ထိုက်သော ပုဂ္ဂိုလ်– ဖုန်ကုန်တိုင်း နံပါတ် ၆-တွင်ရှု)။**

၆။ **အလဇ္ဇီရဟန်းယုတ်တို့၏ အင်္ဂါလက္ခဏာများ–**

၁။ စေတနာနှင့်တကွ စေ့ဆော်၍ အာပတ်သင့်ရောက်ခြင်း၊
၂။ သင့်ရောက်သော အာပတ်ကို ဒေသနာမကြားပဲ လျှို့ဝှက်ထားခြင်း၊
၃။ အဂတိတရား ၄-ပါး လိုက်စားခြင်း-တို့ဖြစ်ပါသည်။
**(ပဉ္စက်သရုပ်– မကွေးတိုင်း နံပါတ် ၆-တွင်ရှု)။**

http://www.dhammadownload.com



၁၄။ ပထမမြန်မာစာမေးပွဲကျင်းပရေးဖတိုအဖွဲ့ရှမ်းပြည်နယ် (တောင်ပိုင်း)
ပထမငယ်တန်း ။ ။ သိက္ခာပုဒ်မေးခွန်းဖြေ

၁၃၆၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်၊ (၃-၄-၂၀၀၆) တနင်္လာနေ့

၁။ ဂိလာနရဟန်းတော်များအတွက် မြတ်စွာဘုရားခွင့်ပြုထားသော ဆေးငါးမျိုးပြ ဘေသဇ္ဇသိက္ခာပုဒ်ကို ကုန်စင်အောင် ပါဠိရေးသားပြခဲ့ပါ။

၂။ ပဋိသန္ဓေမှစ၍ ရေတွက်သော် အသက်နှစ်ဆယ်မပြည့်သေးသောပုဂ္ဂိုလ်ကို သိလျက် ရဟန်းခံပေးရဟု ပညတ်ထားသော ဦနဝီသတိဝဿသိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ရေးသားခဲ့ပါ။

၃။ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်များအချင်းချင်း စည်းလုံးညီညွတ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးထူးများကို မြန်မာလိုဖြေဆိုပြီးလျှင်၊ သက်န်းအသစ်ဝတ်ရုံလိုသော ရဟန်းတော်အတွက် ကပ္ပဗိန္ဒု ထိုးနိုင်သောအရောင်တို့ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖြေဆိုပြခဲ့ပါ။

၄။ ရဟန်းတော်များအချင်းချင်း ကျီစယ်နောက်ပြောင်လိုသဖြင့် ဝှက်မထားကောင်းသော ပစ္စည်းများကို မြန်မာလိုရေတွက်ပြပြီးလျှင်၊ ဝိနည်းသိက္ခာပုဒ်ကို ကျင့်ကြံလိုသော ရဟန်းတော်များ ပြုကျင့်ရမည့် တာဝန်ဝတ္တရားများကိုလည်း ပါဠိမပါ မြန်မာသက်သက်ဖြင့် ရေတွက်ပြခဲ့ပါ။

၅။ ပုရိမဝါကျွတ်သောရဟန်းတော်တို့အတွက် ပဝါရဏာပြုနိုင်သောနေ့များကို တိကျစွာ ဖော်ပြပြီးလျှင်၊ သင်္ကန်းချွတ်လျက် မေထုန်မှီဝဲပြီး သင်္ကန်းပြန်ဝတ်သောသာမဏေအား လိင်္ဂတ္ထေနကဖြစ်/မဖြစ်ကိုလည်း ကဓါအလိုကျ ဝိနိစ္ဆယချပြခဲ့ပါ။

၆။ အောက်ပါရဟန်းတော်တို့အား သင့်ရောက်သောအာပတ်ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



(က) အစားအသောက်ထဲ အဆိပ်ခတ်၍ မိမိရန်သူကို သတ်သောရဟန်း၊
(ခ) ကွဲကွာနေပြီးသော မိတနှစ်ပါးကို ပြန်လည်စေ့စပ်ပေးသောရဟန်း၊
(ဂ) မိမိအနီး၌ ချထားသောရွှေငွေကို သာယာသောရဟန်း၊
(ဃ) မိစ္ဆာအယူကို မစွန့်သေးသောရဟန်းနှင့် ဆွမ်းအတူဘုဉ်းပေးသောရဟန်း၊
(င) ကဲ့ရဲ့လိုသဖြင့် သူငယ်ချင်းရဟန်းတစ်ပါး၏ သပိတ်ကို ဖွင့်ကြည့်သောရဟန်း။

## ရှမ်းပြည်နယ် (တောင်ပိုင်း) (အဖြေ)

### ဝထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ဘောဇနသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဥိနဝိသတိဝဿသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ရရှိနိုင်သော အကျိုးထူးများ—
၁။ ကောင်းစွာဝမ်းမြောက်ရခြင်း၊
၂။ ဓမ္မ အဓမ္မစသည်ဖြင့် မငြင်းခုံ မပြောရခြင်း၊
၃။ တူသော ပါတိမောက်ပြုခြင်းဟူသော ချမ်းသာစွာနေရခြင်း အကျိုးများရရှိနိုင်ပါသည်။
**(တပ္ပမိန္တုထိုးနိုင်သော အရောင်အဆင်း—** ကယားပြည်နယ် နံပါတ် ၃–တွင်ရှု)။

၄။ ဒုက်မထားကောင်းသော ပစ္စည်းများ—
၁။ အဓိဋ္ဌာန်လောက်သော သပိတ်၊ ၂။ ဝိကပ္ပနာလောက်သော သင်္ကန်း၊
၃။ နိသီဒိုင်အခင်း၊ ၄။ အပ်ဗူး၊
၅။ ခါးပန်းကြိုး။

ပြုကျင့်ရမည့် တာဝန်ဝတ္တရားများ—
၁။ မသိ သိအောင်ပြုရမည်၊
၂။ အဖန်တလဲလဲမေးမြန်းရမည်၊
၃။ မေးမြန်းပြီးနောက် အခေါက်ခေါက်အခါခါ ကြံစည်၍ နှိုင်းချိန်ရမည်။

http://www.dhammadownload.com



၅။ ပဝါရဏာ ပြုနိုင်သောနေ့များ–

၁။ သီတင်းကျွတ်လပြည့်နေ့၊

၂။ သီတင်းကျွတ်လကွယ်နေ့၊

၃။ တန်ဆောင်မုန်းလပြည့်နေ့များ ဖြစ်ပါသည်။

**လိင်္ဂတ္ထေနကဖြစ်/မဖြစ်–**

သက်န်းပြန်ဝတ်ရန် ရည်ရွယ်ချက်ဖြင့် သက်န်းချွတ်လျှက် မေထုန်မှီဝဲပြီး သက်န်းပြန် ဝတ်သော သာမဏေအား လိင်္ဂထေနက မဖြစ်ပါ၊ သက်န်းပြန်ဝတ်ရန် ရည်ရွယ်ချက် မရှိပဲ သက်န်းချွတ်လျှက် မေထုန်မှီဝဲပြီး သက်န်းပြန်ဝတ်သော သာမဏေအား လိင်္ဂ ထေနက ဖြစ်ပါသည်။

၆။ (က) တတိယပါရာဇိကအာပတ်၊ (မနုဿဝိဂ္ဂဟသိက္ခာပုဒ်)

(ခ) သံဃာဒိသေသ်အာပတ် ၊ (သဥ္စရိတ္တသိက္ခာပုဒ်)

(ဂ) နိဿဂ္ဂိပါစိတ်အာပတ် (ရူပိယသိက္ခာပုဒ်)

(ဃ) သုဒ္ဓပါစိတ်အာပတ်၊ (ဥက္ကိတ္တသမ္မောဂသိက္ခာပုဒ်)

(င) ဒုက္ကဋ်အာပတ်။ (ဥစ္စာရသညီသိက္ခာပုဒ်)

## ၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ချုပ် ရှမ်းပြည်နယ် (မြောက်ပိုင်း)

**ပထမငယ်တန်း ။ ။ သိက္ခာပါတိမောက်ဘာသာ**

**၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၁–၄–၂၀၀၆) တနင်္လာနေ့**

၁။ သိက္ခာပုဒ်တော်အရ မအပ်စပ်ကြောင်း၊ မလုပ်ကောင်းကြောင်း ပြောဆိုရာ အပြောမခံ ဘဲ ပြန်လှန်ပြောဆိုသော ရဟန်းအား သံဃာဒိသေသ်အာပတ်သင့်ကြောင်းကိုပြသော သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ အများသံဃာပိုင် ပစ္စည်းကို ဖျက်ဆီးဖို့မဆိုထားနှင့် လွှင့်ပြင်၌ပင် ပစ်မထားကောင်း၊ စည်း ကမ်းတကျ သုံးစွဲရန် ပညတ်တော်မူသော သိက္ခာပုဒ်ကို အနက်ရေးပါ။

http://www.dhammadownload.com



၃။ ရဟန်းတစ်ပါးသည် ဒေါသစိတ်ဖြင့် မာတုဂါမကို ယုတ်ရင်းကြမ်းတမ်းသောစကားပြောဆိုလျှင် သံဃာဒိသေသ်အာပတ် သင့်, မသင့် သာကေပြ ဆုံးဖြတ်၍၊ ဘုရားလှူရန် ရည်ရွယ်ချက်ဖြင့် ပန်းပင်စိုက်ပျိုးသောရဟန်း အာပတ် သင့်နိုင်, မသင့်နိုင် သာကေပြ ဆုံးဖြတ်ပါ။

၄။ အောက်ဖော်ပြပါ ရဟန်းတို့အား သိက္ခာပုဒ်ထောက်၍ အာပတ်များကိုဖော်ပြပါ—

(က) တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းဖြင့် ညဉ့်ကင်း၍နေသောရဟန်း၊

(ခ) ဆွေမျိုးမတော်သော ဒါယကာကို သင်္ကန်းတောင်းသောရဟန်း၊

(ဂ) အရောင်းအဝယ်ပြုလုပ်သောရဟန်း၊

(ဃ) သစ်ပင်ခုတ်လှဲသောရဟန်း၊

(င) ကိုယ်တိုင်ဝိကပ္ပနာပြုထားသောသင်္ကန်းကို ဝိကပ္ပနာမပြန်ဘဲ သုံးဆောင်သောရဟန်း။

၅။ ဝိပတ္တိသိမ် (၁၁)လုံးတို့တွင် နောက်ဆုံးသိမ်ပျက်၏ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ၏ အဆိုအမိန့်နှင့်အညီ ဖြေဆို၍ အာပတ်ကို ထင်စွာပြုရမည့် အာဝိကရဏဋ္ဌာနတို့ကိုလည်း အဋ္ဌကထာဆရာ အာဘော်ကျ ပြည့်ပြည့်စုံစုံ ရေးသားခဲ့ပါ။

၆။ သူတစ်ပါးပစ္စည်းကို ခိုးယူသောရဟန်း၏ အပြစ်ကြီးအပြစ်ငယ် အသွယ်သွယ်သော အာပတ်များ သင့်ရောက်ပုံကို ကင်္ခါအဋ္ဌကထာဆရာ ဆုံးဖြတ်ချက် ချပြသည့်အတိုင်း ဖြေဆိုခဲ့ပါ။

## ရှမ်းပြည်နယ် (မြောက်ပိုင်း) (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ဒုဗ္ဗစသိက္ခာပုဒ်ကို ပါဠိရေးလော။

၂။ ပထမသေနာသနသိက္ခာပုဒ်ကို အနက်ရေးလော။

http://www.dhammadownload.com



၃။ ဩတိဏ္ဏော ဝိပရိဏာတေန စိတ္တေန မေထုနပဿံဟိတာဟိ-ကိုထောက်၍ သံဃာဒိသေသ်အာပတ်မသင့်။

**အာပတ် သင့်နိုင်, မသင့်နိုင်—**

ကုလဒူသကော ပါပသမာစာရော (အရ ဒကာ ဒကာမတို့အား ပေးကမ်းဖို့လျှင် ပန်းပင်စိုက်ခြင်း ရေလောင်းခြင်းစသော ရဟန်းတို့နှင့် မလျော်သော အကျင့်များရ၍) ကိုထောက်၍ မသင့်ပါ။

၄။ (က) ဥဒ္ဒေသိတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ခ) အညတကာဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ဂ) ရူပိယသံဝေါဟာရသိက္ခာပုဒ်၊ ကယဝိက္ကယသိက္ခာပုဒ်တို့ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ဃ) ဘူတဂါမသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(င) ဝိကပ္ပနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

၅။ **နောက်ဆုံးသိမ်ဖျက်၏ အဓိပ္ပါယ်—**

မိမိ၏သိမ်ဖြင့် သူတစ်ပါးတို့၏ သိမ်ကို သိမ်တစ်ခုလုံးသော်လည်းကောင်း တစ်စိတ်တစ်ဒေသသော်လည်းကောင်း လွှမ်းမိုး၍သမုတ်အပ်သော သိမ်ဖြစ်ပါသည်။

**အာဝိကရဏပုံ—**

သံဃာအလယ်၌လည်းကောင်း, ဂိုဏ်းအလယ်၌လည်းကောင်း, ပုဂ္ဂိုလ်တစ်ယောက်ထံ၌လည်းကောင်း ထင်စွာပြုရမည်၊ ယုတ်သောအားဖြင့် မိမိ၏ အခြားမဲ့၌ရှိသော ရဟန်းအား " အဟံ အာဝုသော ဣတ္ထန္နာမံ အာပတ္တိံ အာပန္နော၊ ဣတော ဝုဋ္ဌဟိတွာ တံ အာပတ္တိံ ပဋိကရိဿာမိ" ဟု ပြောကြားရပါမည်၊ ယုံမှားသံသယဖြစ်သော် အရှင်ဘုရား တပည့်တော် ကျမည်သောအာပတ်၌ ယုံမှားသံသယရှိပါ၏၊ ယုံမှားသံသယကင်းသောအခါ ထိုအာပတ်ကို ကုစားပါမည်ဟု ပြောဆိုရပါမည်။

၆။ ၁။ တစ်ပဲနှင့် တစ်ပဲအောက် ယုတ်လျော့သော ဝတ္ထုပစ္စည်းကို ခိုးလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်၊

http://www.dhammadownload.com



၂။ တစ်ပဲအထက် ငါးပဲအောက် ယုတ်လျော့သော ဝတ္ထုပစ္စည်းကို ခိုးလျှင် ထုလ္လစ္စည်း အာပတ်သင့်ပါသည်၊

၃။ ငါးပဲကိုဖြစ်စေ ငါးပဲအထက် လွန်သောဥစ္စာကိုဖြစ်စေ ခိုးလျှင် ပါရာဇိကကျပါသည်။

## ၁၆၊ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ချုပ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)
## ပထမငယ်တန်း ။ ။ ဝိနယဘာသာ
## ၁၃၆၇–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်၊ (၁၃–၄–၂၀၀၆) တနင်္လာနေ့

၁။ ဘိက္ခုပါတိမောက် အစလကာဝင်လာ ခြောက်ခုခြောက်သိက္ခာပုဒ်ကို ပဋိသက်သက် ရေးပါ။

၂။ နိဿိုင်အခင်းပြုလုပ်ပုံ အစီအစဉ်ကို ပြဆိုသောသိက္ခာပုဒ်ကို မှန်ကန်စွာအနက်ပေးပါ။

၃။ ဘိက္ခုသံဃာဒိသေသ်လာ မြတ်စွာဘုရားသာသနာ၌ သံဃာညီညွတ်ခြင်း၏ အကျိုးတရားတို့ကို ဖော်ပြ၍ အခင်းသစ်ပြုလုပ်လိုသောရဟန်း ယူရမည့်သိုးမွေးပမာဏတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ အောက်ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်တပ်၍ ဆုံးဖြတ်ပါ–

(က) သံဃိကလာဘ်ကို မိမိအတွက် ညွတ်စေသောရဟန်း၊

(ခ) ပိုးရှိသောရေကို သုံးဆောင်သောရဟန်း၊

(ဂ) ဆင်စွယ်ဖြင့် အပ်ချည်ကို ပြုလုပ်စေသောရဟန်း၊

(ဃ) အာယောဂပတ်ပွဲ ၍ ရွာတွင်း၌နေထိုင်သောရဟန်း၊

(င) ဆွမ်းပေကျံသောလက်ဖြင့် သောက်ရေခွက်ကို ကိုင်သောရဟန်း။

၅။ ပကတတ်ရဟန်းဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးကို ဆိုလိုပါသနည်း ကဒီအလိုကျ ဖြေဆို၍ သာမဂ္ဂီဥပုသ်နေ့ သာမဂ္ဂီပဝါရဏာနေ့တို့ကိုလည်း ထင်ရှားအောင်သတ်မှတ်ပြပါ။

http://www.dhammadownload.com



၆။ ဒုတိယပါရာဇိကသိက္ခာပုဒ်နှင့် တတိယပါရာဇိကသိက္ခာပုဒ်တို့ကို ပရိယာယ်ဖြင့်သွယ်ဝိုက်ပြောဆိုပြုလုပ်လျှင် ပါရာဇိကအာပတ်မှ လွတ်မြောက်နိုင်ပါမည်လော ရှင်းလင်းပြဆိုပါ။

## ရှမ်းပြည်နယ် (အရှေ့ပိုင်း) (အဖြေ)

## ပထမငယ်တန်း ॥ ॥ ဝိနယဘာသာ

၁။ စာရိတ္တသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ နိသီဒနသန္ထတသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **(သံဃာညီညွတ်ခြင်း၏ အကျိုးတရားများ– ရှမ်းပြည်နယ် တောင်ပိုင်း နံပါတ် ၃–၅)**
**ယူရမည့်သိုးမွေးပမာဏ–** သိုးမွေးအနက် ၂–ဆ၊ အဖြူ ၁–ဆ၊ အကြောင် ၁–ဆ။

၄။ (က) နိဿဂ္ဂိပါစိတ်အာပတ်၊ (ပရိဏတသိက္ခာပုဒ်)
(ခ) သုဒ္ဓပါစိတ်အာပတ်၊ (သပ္ပါဏကသိက္ခာပုဒ်)
(ဂ) သုဒ္ဓပါစိတ်အာပတ်၊ (သူစိဃရသိက္ခာပုဒ်)
(ဃ) ဒုက္ကဋ်အာပတ်၊ (ပလ္လတ္ထိကသိက္ခာပုဒ်)
(င) ဒုက္ကဋ်အာပတ်။ (သာမိသသိက္ခာပုဒ်)

၅။ ပကတတ်ရဟန်းဟူသည် – ပါရာဇိကကျသူလည်းမဟုတ် အာပတ်ကို မရှုမကျခြင်း မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခိတ္တကပြုအပ်သူလည်းမဟုတ်သော ရိုးရိုးပင်ကိုယ်အတိုင်း သီလရှိသော ရဟန်းဖြစ်ပါသည်။

**သာမဂ္ဂီဥပုသ်–**

စာတုဒ္ဒသီ, ပန္နရသီဥပုသ်နေ့များမှ တစ်ပါး အခြားသော အကြီးအကျယ်ကွဲပြားသော သံဃာ၏ ပြန်လည်ညီညွတ်ရာအခါသည် မည်သည့်နေ့မဆို သာမဂ္ဂီဥပုသ်နေ့ ဖြစ်ပါသည်။

http://www.dhammadownload.com



**သာမဂ္ဂီပဝါရဏာနေ့–**

ပုရိမဝါမှထသော ရဟန်းများအတွက် သီတင်းကျွတ်လပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့ အကြား အကြီးအကျယ် သံဃာညီညွတ်ရာ နေ့သည်ပင် သာမဂ္ဂီပဝါရဏာနေ့ဖြစ်ပါသည်။

၆။ ဒုတိယပါရာဇိကသိက္ခာပုဒ် ၌ အာဒိယေယျ ဟုဟောတော်မူသောကြောင့် ပရိယာယ်ဖြင့် သွယ်ဝိုက်၍ပြောလျှင် ပါရာဇိကမကျနိုင်ပါ။
တတိယပါရာဇိကသိက္ခာပုဒ်၌ သံဝဏ္ဏေယျ ဟုဟောတော်မူသောကြောင့် ပရိယာယ်ဖြင့် သွယ်ဝိုက်၍ပြောလျှင် လည်း ပါရာဇိကကျနိုင်၏။

**၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရေဝတီတိုင်း**
**ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက် ဘာသာ**
**၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅–၃–၂၀၀၆) စနေနေ့**

၁။ ရဟန်းတော်များ ရွှေငွေကို အလှူမခံကောင်းဟု လူတိုင်းသိကြရာ ရွှေငွေကို အလှူမခံရဟု ပညတ်ထားသော နိဿဂ္ဂိပါစိတ် ရူပိယသိက္ခာပုဒ်ကို ပါဠိရေးပြပါ။

၂။ ရဟန်းတော်များနှင့် မာတုဂါမများ ပြောဆိုဆက်ဆံရေးနှင့် ပတ်သက်၍ ပညတ်တော်မူသော သံဃာဒိသေသ် ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်ကို အနက်ပေးပြပါ။

၃။ ယာဝတတိယက သံဃာဒိသိသ် သိက္ခာပုဒ်တို့ကို ဖော်ပြ၍၊ အောက်ဖော်ပြပါ ရဟန်းတို့ အားသင့်ရောက်သော အပြစ်တို့ကိုလည်း သိက္ခာပုဒ်နှင့်တကွ တွဲစပ်ဖော်ပြပါ–
(က) ကိုယ်တိုင်သက်နိုးပေးပြီးနောက် အမျက်ထွက်၍ ပြန်လုယူသောရဟန်း။
(ခ) မာတုဂါမနှင့် တိုင်ပင်ညီညွတ်၍ ခရီးသွားသောရဟန်း။
(ဂ) ဆွေမျိုးမတော်သော ဘိက္ခုနီမအား လဲလှယ်ခြင်းမျိုး မဟုတ်ဘဲ သင်္ကန်းပေးသော ရဟန်း။

http://www.dhammadownload.com



၄။ ဘေသဇ္ဇသိက္ခာပုဒ်လာ ဂိလာနရဟန်းများ သုံးဆောင်ထိုက်သော ဆေးပစ္စည်းများကို ဖော်ပြပြီး၊ ထိုဆေးပစ္စည်းများကို သိုမှီး၍ သုံးဆောင်ခွင့်ရှိသော အချိန်ကာလအပိုင်း အခြားကိုလည်း ဖော်ပြပါ။

၅။ သုဏာတု မေ ဘန္တေ သံဃော–၌ သံဃော အရ ယူရမည့်သံဃာကို အကြောင်းနှင့်တကွ ဖော်ပြပြီး၊ စတုဝဂ်သံဃာဖြင့် ပြုနိုင်သည့် သံဃာ့ကံများကိုလည်း ဖော်ပြပါ။

၆။ ဝိနည်းဒေသနာတော်မြတ်ဝယ် ဘုရားရှင်ထပ်မံ၍ ပညတ်အပ်သော အနုပညတ်အမျိုး အစားတို့ကို သက်ဆိုင်ရာ သိက္ခာပုဒ်နှင့်တကွ တွဲစပ်ပြ၍၊ ပထမပါရာဇိကသိက္ခာပုဒ်၌ ထည့်သွင်းအပ်သော အနုပညတ်အမျိုးအစားကိုလည်း ကဗျာလင်္ကာအတိုင်းရေးပါ။

## ရှောဝတီတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ရူပိယသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဒုဗ္ဗလဝါစာသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **(ယာဝတတိယက သံဃာဒိသိသ် သိက္ခာပုဒ်များ– ကယားပြည်နယ် နံပါတ် ၃–၅)။**

**သင့်ရောက်သော အပြစ်နှင့် သိက္ခာပုဒ်–**

(က) နိဿဂ္ဂိပါစိတ်အာပတ်၊ (စီဝရအစ္ဆိန္နသိက္ခာပုဒ်)

(ခ) သုဒ္ဓပါစိတ်အာပတ်၊ (သံဝိဓာနသိက္ခာပုဒ်)

(ဂ) သုဒ္ဓပါစိတ်အာပတ်။ (စီဝရဒါနသိက္ခာပုဒ်)

၄။ ၁။ ထောပတ်၊ ၂။ ဆီဦး၊ ၃။ ဆီ၊ ၄။ ပျား၊ ၅။ တင်လဲ။

ထောပတ်စသော ထိုဆေးငါးမျိုးကို အကပ်ခံပြီးနောက် ခုနစ်ရက်အထိ သိုမှီးသိမ်းဆည်း ၍ သုံးဆောင်နိုင်ပါသည်။

http://www.dhammadownload.com



၅။ **သုဏာတု မေ ဘန္တေ သံဃော-၌ သံဃော အရ-**

အရိယာဟုလည်းကောင်း, ပုထုဇဉ်ဟုလည်းကောင်း အထူးဆိုခြင်းမှ ကင်းသောကြောင့် ဤ၌ သမ္မုတိသံဃာကိုသာ အလိုရှိအပ်ပါသည်။

**စတုဝဂ်သံဃာဖြင့် ပြုနိုင်သည့် သံဃာ့ကံများ-**

စတုဝဂ္ဂသံဃာသည်- ဥပသမ္ပဒါကံ, ပဝါရဏာကံ, အဗ္ဘာနကံတို့မှ တစ်ပါး ကြွင်းသော သံဃာကံအားလုံးကို ပြုနိုင်ပါသည်။

၆။ ၁။ အာပတ္တိကရအနုပညတ်- အညတိ္ထကသိက္ခာပုဒ်လာ ဝိပေယသကေ၊

၂။ အနာပတ္တိကရအနုပညတ်- သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်လာ အညတြ သုပိနန္တာ၊

၃။ အာပတ္တိဥပတ္ထမ္ဘကရအနုပညတ်- အဒိန္နာဒါနသိက္ခာပုဒ်လာ ဂါမာ ဝါ အရညာ ဝါ၊

**ပထမပါရာဇိကသိက္ခာပုဒ်၌ ထည့်သွင်းအပ်သော အနုပညတ်သည်-**

အာပတ္တိဥပတ္ထမ္ဘကရအနုပညတ်ဖြစ်ပါသည်။

**၁၃၆၈ ၊ ပထမပြန်အထူးအောင် ရွေးချယ်ရေးစာမေးပွဲ**

**ပထမငယ်တန်း ။ ။ သိက္ခာပုဒ်ပါတိမောက် ဘာသာ**

**၁၃၆၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၅)ရက်၊ (၁၅- ၆ -၂၀၀၆)ကြာသပတေးနေ့**

၁။ ကထိနဝင်၌ အနုပညတ်ပါသော သိက္ခာပုဒ်တို့တွင် လေးခုမြောက် သိက္ခာပုဒ်ကို ပါဠိ ရေးပြပါ။

၂။ ရဟန်းတော်များ သက်နိုးအသစ်ရလာလျှင် ကပ္ပဗိန္ဒုထိုးရမည်ဟု ပညတ်ထားသော သိက္ခာပုဒ်ကို အနက်ပေးပြပါ။

၃။ သံဃာဒိသေသ် အာပတ်သင့်ပါက ပြုရမည့် ကျင့်ဝတ်တာဝန် ဝတ္တရားများကို ဖြေဆိုပါ။

၄။ အောက်ပါရဟန်းတော်များအား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်အမည် ထောက်ပြ၍ ဖြေဆိုပါ-

http://www.dhammadownload.com



(က) သွေးမှူးမတော်သော ရဟန်းအား သင်္ကန်းဟောင်း ဖွပ်ခိုင်းသောရဟန်း၊

(ခ) ရဟန်းတစ်ပါးအား သင်္ကန်းပေးပြီးနောက် စိတ်ဆိုးဆိုးဖြင့် လုယူသောရဟန်း၊

(ဂ) သိလျက် သံဃိကလာဘ်ကို မိမိသို့ ညွှတ်စေသောရဟန်း၊

(ဃ) ရဟန်းကို ခြောက်လှန့်သောရဟန်း၊

(င) ငြိမ်းလေပြီးသော အဓိကရဏ်းမှုန်းသိလျက် ထပ်မံကံပြုဖို့ရာ လှုံ့ဆော်သောရဟန်း။

၅။ ခြောက်ပါးသော အကြောင်းကြောင့် ခုနစ်ပါးသော အာပတ်သို့ရောက်၍ ခြောက်ပါးသော အကြောင်းများကို ရေတွက်ပြပါ။

၆။ တိရစ္ဆာနကထာယပိ-၌ ပါရာဇိကကျနိုင်ဖို့ရာ အငယ်ဆုံး တိရစ္ဆာန်များကို ဖော်ပြ၍၊ ပထမပါရာဇိကသိက္ခာပုဒ်၏ အင်္ဂါများကိုလည်း ရေးပြပါ။

## ပထမပြန်အထူးအောင် (အဖြေ)

## ပထမမေးခွန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ အညာကကာဝိညတ္တိသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ၁။ သိလျက်ဖုံးလွှမ်းထားသော ရက်တို့ပတ်လုံး အလိုဆန္ဒမပါသော်လည်း ပရိဝါသ်နေရခြင်း၊

၂။ ပရိဝါသ်ကျင့်ပြီးသောရဟန်းသည် ပကတတ်ရဟန်းတို့ မြတ်နိုးခြင်းငှါ ခြောက်ညဉ့်ပတ်လုံး မာနတ်ကျင့်ရခြင်း၊

၃။ ခြောက်ညဉ့်မာနတ်ကျင့်ပြီးသောရဟန်းကို သံဃာနှစ်ကျိပ်အရေအတွက်ရှိသော သိမ်၌ အဗ္ဘာန်သွင်းရခြင်း-တို့ဖြစ်ပါသည်။

http://www.dhammadownload.com



၄။ (က) နိဿဂ္ဂိယပါစိတ်အာပတ်၊ (ပုရာဏစိဝရသိက္ခာပုဒ်)
(ခ) နိဿဂ္ဂိယပါစိတ်အာပတ်၊ (စီဝရအစ္ဆိန္နသိက္ခာပုဒ်)
(ဂ) နိဿဂ္ဂိယပါစိတ်အာပတ် (ပရိဏတသိက္ခာပုဒ်)
(ဃ) သုဒ္ဓပါစိတ်အာပတ်၊ (ဘိက္ခုနုပဿယသိက္ခာပုဒ်)
(င) သုဒ္ဓပါစိတ်အာပတ်။ (ဥဇ္ဈာပနကသိက္ခာပုဒ်)

၅။ ခြောက်ပါးသော အကြောင်းများကား—
၁။ အလဇ္ဇိတာ— အရှက်မရှိခြင်း၊
၂။ အညာဏတာ— မသိခြင်း၊
၃။ ကုက္ကုစ္စပကတတာ— ကုက္ကုစ္စနှိပ်စက်အပ်ခြင်း၊
၄။ အကပ္ပိယေကပ္ပိယသညိတာ— မအပ်သောအရာ၌ အပ်သည်ဟုအမှတ်ရှိခြင်း၊
၅။ ကပ္ပိယေအကပ္ပိယသညိတာ— အပ်သောအရာ၌ မအပ်ဟုအမှတ်ရှိခြင်း၊
၆။ သတိသမ္မောသာ— သတိမေ့လျော့ခြင်း။

၆။ တိရစ္ဆာနဂတာယပိ—၌ ပါရာဇိကကျနိုင်ဖို့ရာ အငယ်ဆုံး တိရစ္ဆာန်များမှာ—
ခြေမဲ့သော သတ္တဝါတို့တွင်— မြွေမ, ငါးမ၊ ခြေနှစ်ချောင်းပါသူတို့တွင် —ကြက်မ၊
ခြေလေးချောင်းပါသူတို့တွင်—ကြောင်မတို့ ဖြစ်ပါသည်။

ပဌမပါရာဇိကသိက္ခာပုဒ်၏ အင်္ဂါများ—
၁။ မှီဝဲလိုသော စိတ်ရှိခြင်း၊
၂။ သူတစ်ပါး၏ မဂ်အတွင်း၌ မိမိ၏အင်္ဂါဇာတ်ကို သွင်းခြင်း—တို့ ဖြစ်ပါသည်။

## ၁။ ပဌမပြန်စာမေးပွဲကျင်းပရေးဇတိုအဖွဲ့ချုပ် တချုပ်ပြည်နယ်
## ပဌမငယ်တန်း ။ ။ ဓမ္မပဒဘာသာ
## ၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၃–၄–၂၀၀၆) တနင်္လာနေ့

၁။ အရှင်အာနန္ဒာ၏အထံ၌ မလ္လိကာမိဖုရား၏ရှိသေ့စွာ စာသင်ခြင်း၊ ဝါသဘခတ္တိယာမိဖုရား၏ မရိုမသေ စာသင်ခြင်းတို့ကို အကြောင်းပြု၍ ဟောအပ်သော ဂါထာနှစ်ပုဒ်ကို ပါဠိ ရေးသားခဲ့ပါ။

http://www.dhammadownload.com



၂။ ခိုးသူနှစ်ယောက်တို့တွင် တစ်ယောက်ကား တရားနာ၍ သောတာပန်တည်၏၊ တစ်ယောက်ကား တရားမနာ ဥစ္စာကိုခိုး၏ ဥစ္စာကိုခိုးသူက "သင်သည် မိုက်သောကြောင့် တရားနာ၍ ဥစ္စာကိုမရ ငါကား ဤမျှသော ဥစ္စာကိုရ၏"ဟုဆို၏၊ ဤသူနှစ်ယောက်ကို အကြောင်းပြု၍ ဟောအပ်သော ဂါထာကို အနက်ပေးခဲ့ပါ။

၃။ မကောင်းမှုကို ပြုသောသူသည် အဘယ်သို့သော ဆိုးကျိုးတရားများကို ခံစားရပါသနည်း စုန္ဒသူကရိကဝတ္ထုဂါထာကိုရှု၍ ဖြေဆိုခဲ့ပါ။

၄။ (က) မြေအိုးနှင့်တူသောတရား၊ (ခ) မြို့နှင့်တူသောတရား၊
(ဂ) လက်နက်နှင့်တူသောတရား၊ (ဃ) ရေမြှုပ်နှင့်တူသောတရားတို့ကို ဖော်ပြ၍၊
(င) ရေမြှုပ်နှင့်တူပုံကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

၅။ မြတ်စွာဘုရားအထံ၌ ဒေဝဒတ်တောင်းသော ဆု (၅)မျိုးကို ရေးသားဖော်ပြခဲ့ပါ။

၆။ သိမ်းဝိသာခါအား ဖခင်ဓနဉ္စယသူဌေးကြီး ဆုံးမသောစကားကြီး (၁၀) ခွန်းတို့ကို ရေးသားဖော်ပြခဲ့ပါ။

## တချင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

၁။ ဂါထာ ၅၁၊ ၅၂။ (ပုပ္ဖဝဂ်၊ ဆတ္တပါဏိဥပါသကဝတ္ထု)

၂။ ဂါထာ ၆၃။ (ဗာလဝဂ်၊ ဂဏ္ဌိဘေဒကစောရဝတ္ထု)

၃။ မကောင်းမှုပြုသူသည် ဤပစ္စုပ္ပန်ဘဝ၌လည်း စိုးရိမ်ရ၏၊ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏၊ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ဘဝတို့၌လည်း စိုးရိမ်ရ၏၊ ထိုမကောင်းမှု

http://www.dhammadownload.com



ပြုသောသူသည် မိမိ၏ ညစ်နွမ်းသော အကုသိုလ်ကံကို သိမြင်၍ စိုးရိမ်ပင်ပန်းရ၏။
(ဂါထာ- ၁၅)

၄။ (က) ခန္ဓာကိုယ်၊ (ခ) ဝိပဿနာစိတ်၊ (ဂ) ပညာ၊ (ဂါထာ-၄၀)

(ဃ) ခန္ဓာကိုယ်၊ (ဂါထာ- ၄၆)

(င) "ရေမြှုပ်နှင့်တူပုံ"

ဆံပင်အစရှိသော ကောဋ္ဌာသအပေါင်းဟုဆိုအပ်သော ခန္ဓာကိုယ်သည်အားနည်းသည်၏အဖြစ် အရှည်မခံသည်၏အဖြစ် အခိုက်တန့်မျှ တည်သည်၏ အဖြစ်ကြောင့် ရေမြှုပ်နှင့်တူ၏။ (ဌ- ၁၊ ၂၃၄)

၅။ **ဒေဝဒတ်တောင်းသော ဆု- ၅ မျိုး-**

ရဟန်းတော်များသည် အသက်ထက်ဆုံး ————

၁။ တောခို၌နေစေပါ။ ၂။ ဆွမ်းခံစားစေပါ။ ၃။ပံ့သကူသင်္ကန်းဝတ်စေပါ။

၄။ သစ်ပင်ရင်း၌နေစေပါ။ ၅။ ငါးအသားစားခြင်းမှ ရှောင်ကြဉ်စေပါ။ (ဌ- ၁၊ ၉၁)

၆။ **စကားကြီး ၁၀-ခွန်း-**

၁။ အတွင်းမီးကို အပြင်မထုတ်အပ်၊ ၂။ အပြင်မီးကို အတွင်းမသွင်းအပ်၊

၃။ ပေးသောသူအား ပေးအပ်၏၊ ၄။ မပေးသောသူအား မပေးအပ်၊

၅။ ပေးသောသူအားလည်းကောင်း မပေးသောသူအားလည်းကောင်း ပေးအပ်၏၊

၆။ ချမ်းသာစွာ နေထိုင်အပ်၏၊ ၇။ ချမ်းသာစွာ စားအပ်၏၊

၈။ ချမ်းသာစွာ အိပ်စက်အပ်၏၊ ၉။ မီးကိုလုပ်ကျွေးအပ်၏၊

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးအပ်၏။ (ဌ-၁၊ ၂၅၁)

http://www.dhammadownload.com



## ၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ တယားပြည်နယ်

## ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

## ၁၃၆၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်၊ (၃-၄-၂၀၀၆) တနင်္လာနေ့

၁။ တံလျှပ်ကို ကမ္မဋ္ဌာန်းရှုသောရဟန်းအား မြတ်စွာဘုရား ဟောကြားတော်မူသော ဂါထာကို ပါဠိရေးပြပါ။

၂။ ယမကဝဂ် မဟာကာဠမထေရ်ဝတ္ထု၌ မြတ်စွာဘုရားဟောကြားတော်မူသော ဒုတိယ ဂါထာကို အနက်ရေးပြပါ။

၃။ အပ္ပမာဒဝဂ် သာမာဝတီဝတ္ထုလာ မေ့လျော့သူနှင့် မမေ့လျော့သူတို့၏ ထူးခြားချက်ကို ပေါ်လွင်အောင် ဖြေဆိုပါ။

၄။ အဘယ်ကဲ့သို့စိတ်ရှိသောပုဂ္ဂိုလ်ကို အနဝဋ္ဌိတ စိတ်ရှိသောပုဂ္ဂိုလ်ဟု ခေါ်ဆိုရပါသနည်း အမြင်ရှင်းအောင် ထင်လင်းစွာဖြေဆို၍၊ "သဒ္ဓမ္မံ ဝိဇာနတော"၌ သဒ္ဓမ္မ အရကို ဖော်ပြပါ။

၅။ ဤပစ္စုပ္ပန်လောက၌ ဝမ်းမြောက်ရပုံ, တမလွန်လောက၌ ဝမ်းမြောက်ရပုံတို့ကို ဓမ္မိက ဥပါသကာကို ပုံစံထား၍ ဖြေဆိုပါ။

၆။ "ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ" အစရှိသောဂါထာကို လေးလတိုင်တိုင် သင်ယူပါ သော်လည်း ရယူမှတ်သားခြင်းငှါ မစွမ်းနိုင်သော မထေရ်၏အမည်ကို ဖော်ပြ၍၊ သင်ပေး သောမထေရ်၏အမည်, သင်ပေးရာကျောင်း၏ အမည်နှင့်တကွဥာဏ်လေးရပုံ အကြောင်း ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



## ကာယာနုပြည်နယ် (အဖြေ)

### ပဌမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

၁။ ဂါထာ ၄၆။ (ပုပ္ဖဝဂ်၊ မရီစိကမ္မဋ္ဌာနိကဘိက္ခုဝတ္ထု)

၂။ (ထင်းရှားပြီ)။

၃။ **မေ့လျော့သူနှင့် မမေ့လျော့သူတို့၏ ထူးခြားချက်-**

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းတည်း၊

မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း၊

မမေ့မလျော့ကုန်သောသူတို့သည် သေသည် မမည်ကုန်၊

မေ့လျော့ကုန်သောသူတို့သည် သေသည်မည်ကုန်၏။

၄။ **အနဝဋ္ဌိတ စိတ်ရှိသောပုဂ္ဂိုလ်-**

သူတော်ကောင်းတရားကိုမသိပဲ မခိုင်မြဲသော သဒ္ဓါတရားရှိသောပုဂ္ဂိုလ်ကို အနဝဋ္ဌိတ စိတ်ရှိသောပုဂ္ဂိုလ် (ဖွဲပုံစု၌ သစ်ငုတ်စိုက်သကဲ့သို့ မတည်တံ့သော စိတ်ရှိသောပုဂ္ဂိုလ်) ဟု ခေါ်ဆိုရပါသည်။ (ဂါထာ- ၃၈)

**သဒ္ဓမ္မံ အဝိဇာနတော ၌-**

**သဒ္ဓမ္မ အရ-** ဗောဓိပက္ခိယတရား ၃၇-ပါးရ၏။

**(မှတ်ချက်)** ပုဒ္ဓာ၌ ဝိဇာနတော ဖြစ်နေ ပုဒ္ဓာများ၏။

၅။ **ပစ္စုပ္ပန်လောက၌ ဝမ်းမြောက်ရပုံ-**

ဓမ္မိကဥပါသကာသည် သေခါနီးအခါ၌ "ငါသည် မကောင်းမှုကို မပြုမိ၊ကောင်းမှုကို သာ ပြုခဲ့ပြီးပြီ"ဟု တွေး၍ အကြောင်းကံနှင့်စပ်၍ ဝမ်းမြောက်ရ၏။

**ပစ္စုပ္ပန်လောက၌ ဝမ်းမြောက်ရပုံ-**

ဓမ္မိကဥပါသကာသည် သေပြီးနောက် တုသိတာနတ်ပြည်ဝယ် သုံးဂါဝုတ်အတိုင်း ရှည်ရှိသော ခန္ဓာကိုယ်ဖြင့် နတ်သမီးတစ်ထောင်ခြံရံကာ နှစ်ဆယ့်ငါးယူဇနာရှိသော

http://www.dhammadownload.com



ရွှေဇိမာန်၌ ဖြစ်သည်ရှိသော် မိမိ၏ ကံ၏ စင်ကြယ်ခြင်း ကောင်းမှုကံ၏ ပြည့်စုံခြင်းတို့ကို မြင်ရ၍၊ ပြုအပ်သောကံ၏ အကျိုးနှင့်စပ်သဖြင့် အလွန်အလွန်ဝမ်းမြောက်ရ၏။

(ဌ- ၁၊ ၈၅)

၆။ **မထေရ်၏ အမည်–** စူဠပန္ထကမထေရ်၊

**သင်ပေးသောမထေရ်၏ အမည်–** မဟာပန္ထကမထေရ်၊

**သင်ပေးရာကျောင်း–** ဇီဝက၏ သရက်ဥယျာဉ်၊

**ဉာဏ်လေးရခြင်း အကြောင်း–** စူဠပန္ထကမထေရ်လောင်းလျာသည် ကဿပဘုရားရှင် လက်ထက်တော်အခါ လျှင်မြန်ထက်မြက်သော ဉာဏ်ပညာရှိ ရဟန်းတစ်ပါးဖြစ်စဉ် ဉာဏ်နုံ့နှေးသော ရဟန်းတစ်ပါးကို ရှက်၍ စာဆက်လက်မသင်ဝံ့လောက်အောင် ပြက်ရယ်ပြောင်လှောင်ခဲ့သော အကုသိုလ်ကံကြောင့် ဉာဏ်လေးရပါသည်။ (ဌ-၁၊ ၁၅၅)

## ၃။ ပထမပြန်စာမေးပွဲကျင်းပရေးဇတိုအဖွဲ့ခွဲ တရင်ပြည်နယ်
## ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ
## ၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၁၃–၄–၂၀၀၆) တနင်္လာနေ့

၁။ ''စိတ်သာရှင်စေ ဘုရားဟော'' ဟူသောဆိုရိုးစကားနှင့်အညီ ကိုယ်မှုနှုတ်မှု ဟူသမျှ၌ စိတ်နေစိတ်ထားအလျောက် ထိုသူ့နောက်မှ ဆင်းရဲချမ်းသာတို့ အစဉ်လိုက်တတ်ပုံပြ ဒေသနာတော်တို့ကို ပါဠိဘာသာဖြင့် ဖော်ပြခဲ့ပါ။

၂။ ပန်းရောင်းလျက် ဝမ်းကြောင်းရရှာသော ပန်းသည်မလေး၏ ပန်းပုံထဲမှ ပန်းပွင့်လေးများကို ရွေးတုံ ကောက်တုံ ပန်းသီပုံပမာ သတ္တဝါမှန်လျှင် ကုသိုလ်ကောင်းမှု များစွာပြုသင့်ပုံပြ ဒေသနာပါဠိကို အနက်ရေးခဲ့ပါ။

၃။ ''စိတ်ဟူသည် မည်သို့သောအရာဖြစ်၏'' ဟု နားလည်နိုင်ရန် စိတ္တဇေဒဘာသာရပ်တစ်ခုအဖြစ် ဟောကြားအပ်သော စိတ္တဝဂ်လာ ဒုတိယနှင့် တတိယဝတ္ထုတို့မှ ဘုရားရှင်၏ အဆိုအမိန့်တို့ဖြင့် ရှင်းလင်းတင်ပြခဲ့ပါ။

http://www.dhammadownload.com



၄။ "ညဥ့်တာ, ခရီးတာ, သံသရာတို့ဟူသည် မသိသောသူများအတွက်သာ ရှည်၏" ဟု သိနိုင်ရန် ဗာလဝဂ် အညတရပုရိသဝတ္ထုလာ ဘုရားဟောဒေသနာတော်တစ်ပုဒ်မှ ထုတ်နုတ်တင်ပြခဲ့ပါ။

၅။ "ကြမ္မာဘေးဝဋ် ပြေးမလွတ်" ဟူသည်နှင့်အညီ အတိတ်ကံမလှခဲ့သော မိသံညီအစ်မတို့အား မိမိနှင့်အတူ မီးလောင်တိုက်အသွင်းခံရစဉ် ဆုံးမသော သာမာဝတီ၏ ဩဝါဒနှင့် ထိုသူမတို့ ရအပ်သော တရားထူးတို့ကို ဖြေဆိုခဲ့ပါ။

၆။ နှုတ်ခမ်းနီ မိတ်ကပ် အဝတ်အစား ပေါ်ပင်တွေနှင့် ပျော်ရွှင်ဝတ်စားကာ အနေမှားခဲ့သော သိကြားလောင်း မောင်မာဃ, ဇနီးချောလေး "သုဇာ" ၏ လွဲမှားသောအတွေးနှင့် လားရာဂတိ တို့ကို သတိပြုဖွယ်တစ်ရပ်အဖြစ် ဖော်ပြခဲ့ပါ။

## တရင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

၁။ ဂါထာ ၁၊ ၂-တို့ကို ပါဠိ ရေးလေ။

၂။ ဂါထာ ၅၃။ (ပုပ္ဖဝဂ်၊ ဝိသာခါဥပါသိကာဝတ္ထု)

၃။ နှိမ်နင်းရင် အလွန်ခဲယဉ်း၍ လျင်မြန်သောသဘောရှိသော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ ဆုံးမ၍ ယဉ်ကျေးသောစိတ်သည် မဂ်, ဖိုလ်, နိဗ္ဗာန်-သုံးတန်သောချမ်းသာကို ရွက်ဆောင်တတ်၏။ (ဂါထာ- ၃၅)

အလွန်မြင်နိုင်ခဲသော အလွန်အလွန်သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည်စောင့်ရှောက်ရာ၏၊ စောင့်ရှောက်ထား၍ လုံခြုံသောစိတ်သည် မဂ်, ဖိုလ်, နိဗ္ဗာန်-သုံးတန်သောချမ်းသာကို ရွက်ဆောင်တတ်၏။ (ဂါထာ-၃၆)

http://www.dhammadownload.com



၄။ ညဉ့်တာသည် အိပ်၍မပျော်သောသူများအတွက် ရှည်၏၊
ခရီးတာသည် ခရီးပန်းသောသူများအတွက် ရှည်၏၊
သံသရာသည် သူတော်ကောင်းတရားကို မသိသူများအတွက် ရှည်၏။

၅။ **သာမာဝတီ၏ ကြံဖန်ဒ –**

"ချစ်ညီမတို့ အစမထင်သံသရာ၌ ကျင်လည်ကုန်သော ငါတို့အား ဤအတူသာလျှင် မီးလောင်ကျွမ်းခံရသော အတ္တဘောတို့၏ အပိုင်းအခြား အရေအတွက်ကို မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သော်လည်း ထုတ်ဖော်ပိုင်းခြား ရေတွက်ခြင်းငှါ မလွယ်ကူ မမေ့မလျော့သောသူတို့ ဖြစ်ကြကုန်လော့" (ဌ-၁၊ ၁၄၁)

**ရအပ်သောတရားထူး–**

ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြသဖြင့် အချို့ သကဒါဂါမိဖိုလ်၊ အချို့ အနာဂါမိဖိုလ်–ကို ရကြပါသည်။ (ဌ-၁၊ ၁၄၁)

၆။ **သုဇာ– ၏ လွဲမှားသောအတွေး**

"ငါသည် မာဃလုလင်၏ ဦးရီးသမီးလည်းဖြစ်၏၊ ခြေရင်းအလုပ်အကျွေး မယားလည်းဖြစ်၏၊ ဤလုလင်ပြုအပ်သော ကောင်းမှုသည် ငါ့ကောင်းမှုသာတည်း၊ ငါပြုအပ်သော ကောင်းမှုသည်လည်း မာဃလုလင်၏ ကောင်းမှုသာတည်း" ဟု တွေးကာ ကောင်းမှု တစုံတခုကိုမျှ မပြု။ (ဌ-၁၊ ၁၂၂)

**လားရာဂတိ**

တစ်ခုသော တောင်ချောက်ကြား၌ ဗျိုင်းမတစ်ကောင်ဖြစ်၍ တိရစ္ဆာနဂတိသို့ လားရပါသည်။ (ဌ-၁၊ ၁၃၄)

http://www.dhammadownload.com



## ၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ ချင်းပြည်နယ်

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

### ၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၁၃–၄–၂၀၀၆) တနင်္လာနေ့

၁။ ပညာရှိထံ ချဉ်းကပ်၍ နေရပြားသော်လည်း ချဉ်းကပ်၍ နေရကျိုး မနပ်ပုံကို ပြဆိုပေးနေသော ဗာလဝဂ် ဥဒါယိတ္ထေရဝတ္ထုလာ ဂါထာကို ပါဠိသက်သက်မျှသာ ရေးပြပါ။

၂။ အပ္ပမာဒနှင့် ပမာဒ–တို့ သဘောသဘာဝ ကွာခြားပုံပြ အပ္ပမာဒဝဂ် မဃဝတ္ထု–လာ ဂါထာကို အနက်မှန်မှန် ပေးပြပါ။

၃။ လောက၌ တစ်ဦးနှင့် တစ်ဦး ရန်မပြေငြိမ်းနိုင်သော အကြောင်းတရားများကို ယမကဝဂ် တိဿတ္ထေရဝတ္ထု–လာ ဂါထာ၏ အဆိုအမိန့်နှင့်အညီ မှန်ကန်စွာရေးသားပြပါ။

၄။ သီလစသော ဂုဏ်အနှစ်သာရကို လုံးဝ ခံစားနိုင်ခွင့် မရသော ပုဂ္ဂိုလ်အမျိုးအစားကို ယမကဝဂ် သာရိပုတ္တတ္ထေရဝတ္ထုလာ ဂါထာတော်အရ မှန်ကန်စွာ ရေးသားဖြေဆိုပြပါ။

၅။ ဘုရားရှင်သည် သာဝတ္ထိမြို့ကို အမှီပြု၍ ဟောဆိုတော်မူခဲ့သော နှစ်ပရိစ္ဆေဒ ဥပမာဏကို အတိအကျ ဖော်ပြပြီးလျှင်၊ သာသနာတော်၌ ကျင့်ဆောင်ရမည့် လုပ်ငန်း နှစ်မျိုးအမည်များကိုလည်း ရေးသားဖြေဆိုပြပါ။

၆။ ရဟန်းတော်တို့၏ အချင်းချင်း မညီမညွတ်ဖြစ်ပုံကို တွေ့မြင်ရ၍ ကောသမ္ဗီပြည်သားလူအများတို့၏ သန္တာန်၌ ဖြစ်ပေါ်နေသော စိတ်သဘောထားကို မှန်ကန်စွာ ဖြေဆိုပြပါ။

## ချင်းပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

၁။ (ထင်ရှားပြီ)။

http://www.dhammadownload.com


၂။ (ထင်ရှားပြီ)။

၃။ ရန်မပြေငြိမ်းနိုင်သော အကြောင်းတရား—

ဤသူသည် ငါ့ကိုဆဲရေးပြီ၊ ဤသူသည် ငါ့ကိုညှင်းဆဲပြီ၊ ဤသူသည် ငါ့ကို အောင်နိုင်ပြီ၊ဤသူသည် ငါ၏ ဥစ္စာကို ခိုးယူပြီ–ဟု ထိုသူတို့အပေါ်၌ ရန်ငြိုးဖွဲ့ကုန်သောသူတို့အား ရန်မငြိမ်း။ (ဂါထာ– ၃)

၄။ အနှစ်မရှိသော တိတ္ထိတို့၏ တရား၌ အနှစ်သာရဟု အယူရှိကြကုန်၍ အနှစ်ရှိသော သူတော်ကောင်းတရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် မှားသောအကြံလျှင် ကျက်စားရာရှိကုန်သည်ဖြစ်၍ သီလစသော ဂုဏ်အနှစ်သာရကို လုံးဝခံစားနိုင်ခွင့် မရပါ။ (ဂါထာ– ၁၁)

၅။ **သာဝတ္ထိပြည်ကို အမှီပြု၍ ငါဆိုတော်မူခဲ့သောနှစ်– ၂၅–နှစ်။** (ဋ္ဌ–၁၊ ၃)

**သာသနာတော်၌ ကျင့်ဆောင်ရမည့် လုပ်ငန်း ၂–မျိုး–**

**ဂန္ထဓူရ**– ဉာဏ်စွမ်းအလျောက် ပိဋကတ်တော်များကို သင်ယူ၍ ဆောင်ထားမှု၊ ဟောပြောမှု၊ ပို့ချမှု။

**ဝိပဿနာဓူရ**– ဆိတ်ငြိမ်ရာအရပ်၌ တစ်ယောက်တည်း နေပြီးလျှင် ခန္ဓာကိုယ် အတွင်း၌ အဖြစ်အပျက်ကို အမြဲရှုလုံ့လသွင်းကာ ဝိပဿနာတရားကို အားထုတ်မှု။ (ဋ္ဌ– ၁၊ ၄)

၆။ **ကောသမ္ဗီပြည်သားတို့၏ စိတ်သဘောထား–**

ဤရဟန်းတို့သည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုလျက် ဘုရားရှင်က ညီညွတ်အောင်ပြုသော်လည်း မညီညွတ်ကြကုန်၊ ငါတို့ကား ဤရဟန်းတို့ကို မှီ၍ မြတ်စွာဘုရားကို ကောင်းစွာဖူးမြင်ခြင်းငှါ အခွင့်မရကြကုန်၊ ထိုကြောင့် ဤရဟန်းတို့အား နေရာကို မပေးကုန်အံ့၊ ရှိခိုးခြင်းစသည်တို့ကိုလည်း မပြုကုန်အံ့။ (ဋ္ဌ– ၁၊ ၃၅)

http://www.dhammadownload.com


## ၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ စစ်ကိုင်းတိုင်း

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

### ၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅–၃–၂၀၀၆) စနေနေ့

၁။ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သော ဘုရားရှင် ဟောကြားတော်မူခဲ့သည့် စိတ္တဝဂ်, သောရေယျဝတ္ထုလာ ဂါထာကို ပါဠိသက်သက်ရေးသားခဲ့ပါ။

၂။ ရဟန်းတော်များ ဒကာ ဒကာမတို့အပေါ် အလှူခံရာ၌ မဆွေရပျောက် သဒ္ဓါတရား ပေါက်အောင်နည်းပေးလမ်းညွှန်ခဲ့သော ပုပ္ဖဝဂ်, မစ္ဆရိယကောသိယ သေဋ္ဌိဝတ္ထုလာ ဂါထာကို အနက်ယောနောပြပါ။

၃။ အရဟဒ္ဓဇဂုဏ်ထိုက်သော သင်္ကန်းကို ဝတ်ထိုက်သောပုဂ္ဂိုလ်နှင့် မဝတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို ယမကဝဂ်, ဒေဝဒတ္တဝတ္ထုကို နှလုံးသွင်းလျက် ဖြေဆိုခဲ့ပါ။

၄။ စူဠကာဠသည် ကမ်းနားသစ်ပင်နှင့်တူ၏၊ မဟာကာဠသည် ကျောက်တောင်နှင့်တူ၏–ဟူသော သဘောကွဲပြားကြောင်းကို ယမကဝဂ်, မဟာကာဠတ္ထေရဝတ္ထုကို နောင်းခေတ်လူများ မှတ်သားရလောက်အောင် လိုရင်း အကျဉ်းချုပ်မျှ ရေးသားခဲ့ပါ။

၅။ ဒဏ်မပေးထိုက်သောပုဂ္ဂိုလ်တို့ကို ဒဏ်ပေးခြင်း၊ အပြစ်မပေးထိုက်သောပုဂ္ဂိုလ်တို့ကို အပြစ်ပေးခြင်းကြောင့် ရရှိအပ်သော ဆိုးကျိုးတို့ကို အပ္ပမာဒဝဂ်, သာမာဝတီဝတ္ထု အဋ္ဌကထာဆရာ၏ ဖွင့်ဆိုချက်နှင့်အညီ ရေးသားပါ။

၆။ သုပ္ပဗုဒ္ဓ၏ နုနာဖြစ်ရခြင်းအကြောင်းကို ဖြေဆိုပြီးလျှင်၊ ယင်းဝတ္ထုလာ ချမ်းသာကြီးပွားအကျင့်တရားများကိုလည်း အဋ္ဌကထာဆရာ၏ ဖွင့်ဆိုချက်နှင့်အညီ ရေးသားဖြေဆိုပါ။

http://www.dhammadownload.com



## စစ်ကိုင်းတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

၁။ (ထင်ရှားပြီ)။

၂။ (ထင်ရှားပြီ)။

၃။ **သက်န်းဝတ်ထိုက်သောပုဂ္ဂိုလ် နှင့် မဝတ်ထိုက်သောပုဂ္ဂိုလ်-**

လေးပါးသောမဂ်ဖြင့် ကိလေသာဟူသော ဖန်ရည်ကို ထွေးအန်အပ်ပြီးသော စတုပါရိသုဒ္ဓိသီလတို့၌ ကောင်းစွာတည်၍ ဣန္ဒြေကိုဆုံးမခြင်း၊ မှန်ကန်သောစကားကို ဆိုခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သက်န်းနှင့် ထိုက်တန်ပါသည်။ (ဂါထာ- ၁၀)

ကိလေသာဟူသော ဖန်ရည်မကင်းပဲလျက် ဖန်ရည်စွန်းသော သက်န်းကို ဝတ်ရုံသော ဣန္ဒြေကိုဆုံးမခြင်း၊ မှန်ကန်သောစကားကို ဆိုခြင်းမှကင်းသောပုဂ္ဂိုလ်သည် သက်န်းနှင့် မထိုက်တန်ပါ။ (ဂါထာ- ၉)

၄။ မတင့်တယ်သောအာရုံကို တင့်တယ်၏ဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍နေသော စက္ခုစသော ဣန္ဒြေတို့၌ မစောင့်စည်းပဲ ဘောဇဉ်၌ ရှာမှီးခံယူ သုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကိုမသိသော ပျင်းရိ၍ ယုတ်လျော့သောဝီရိယရှိသော ရဟန်းကို အားကြီးသော လေမုန်တိုင်းသည် အားနည်းသော ကမ်းနားသစ်ပင်ကို နှိပ်စက်ဖျက်စီး သကဲ့သို့ ကိလေသာမာရ်သည် စင်စစ် နှိပ်စက် ဖျက်စီးနိုင်၏။

မတင့်တယ်သောအာရုံကို မတင့်တယ်ဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍နေသော စက္ခုစသော ဣန္ဒြေတို့၌ စောင့်စည်းလျက် ဘောဇဉ်၌ ရှာမှီး, ခံယူသုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကိုသိ၍ ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်းလက္ခဏာရှိသော လောကီသဒ္ဓါ ရတနာသုံးပါး၌ မတုန်မလှုပ် ကြည်ညိုခြင်းရှိသော လောကုတ္တရာသဒ္ဓါတရားနှင့် ပြည့်စုံသော အားထုတ်သောဝီရိယရှိသော ရဟန်းကို လေပြေလေညှင်းသည် ကျောက် တောင်ကြီးကို မနှိပ်စက်မဖျက်ဆီးနိုင်သကဲ့သို့ ကိလေသာမာရ်သည် စင်စစ် မနှိပ်စက် မဖျက်စီးနိုင်၏။ (ဂါထာ ၇၊ ၈)

http://www.dhammadownload.com



၅။ ရရှိအပ်သော ဆိုးကျိုး—

ပြင်းထန်သော ဝေဒနာစွဲကပ်ခြင်း၊ ဥစ္စာဆုံးရှုံးခြင်း၊ ကိုယ်အင်္ဂါပျက်စီးခြင်း၊ နာမကျန်းစွာ ဝေဒနာ စွဲကပ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ (ရူးခြင်း) မင်းပြစ်မင်းဒဏ်သင့်ခြင်း၊ (ရာထူးလျော့ကျခြင်း) ကြမ်းတမ်းစွာ စွပ်စွဲခံရခြင်း၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊ မိမိအိမ်တို့ကို ပကတိ မီးလောင်ခြင်း, လောင်မီးကျခြင်း—ဟူသော ၁၀—ပါးသော ဒဏ်တို့တွင် တစ်ပါးပါးသော ဒဏ်သို့ ဧကန်မုချ လျင်မြန်စွာ ရောက်ရာ၏၊ တမလွန် ဘဝ၌ငရဲသို့ ကျရောက်ရ၏။ (ဓ—၁၊ ၁၃၅)

၆။ သုပ္ပဗုဒ္ဓ၏ နာမကျန်းဖြစ်ရခြင်း အကြောင်း—

သုပ္ပဗုဒ္ဓသည် တဂရသိခိပစ္စေကဗုဒ္ဓါကို တံတွေးဖြင့် ထွေးခဲ့မှုကြောင့် ကြာရှည်စွာ ငရဲခံရပြီးသောတာပန်ဖြစ်ရသည် ဘဝမှာပင် နာမကျန်းဖြစ်ရသည်။ (ဓ—၁၊ ၃၀၃)

ချမ်းသာကြီးပွားကြောင်း အကျင့်တရား—

သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, သုတ, စာဂ, ပညာ—တို့ဖြစ်ပါသည်။ (ဓ—၁၊ ၃၀၂)

ဂု။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ တနင်္သာရီတိုင်း

ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၇—ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်၊ (၃—၄—၂၀၀၆) တနင်္လာနေ့

၁။ အယူတိမ်းမှား တက္ကတွန်းများ၏တပည့် ဂရဟဒိန္နသူကြွယ်ကို အကြောင်းပြု၍ ဟောကြားတော်မူထားသည့် ဓမ္မပဒဂါထာတို့ကို ပါဠိရေးပြပါ။

၂။ အပ္ပမာဒဝဂ်လာ အညတရဘိက္ခုဝတ္ထုဂါထာကို အနက်ပေးပြပါ။

၃။ (က) ပညာမပြည့်စုံနိုင်သောသူ၊ (ခ) ကြောက်ဖွယ်ရာဘေးမရှိသောသူ—တို့ကို ဓမ္မပဒပါဠိတော်, စိတ္တဝဂ်မှ ထုတ်နုတ်ရေးပြပါ။

http://www.dhammadownload.com



၄။ (က) နန္ဒလုလင်၏ ဗလက္ကာရပြုကျင့်ခံရသော ဥပ္ပလဝဏ်ထေရီမ၊ (ခ) ဘွဲ့နာမည်လေး မျိုးရ သာမဏေ-တို့ကို အကြောင်းပြု၍ ဟောကြားတော်မူသော ဓမ္မပဒဒေသနာတော်၏ ဆိုလိုရင်းသဘောအဓိပ္ပါယ်ကို ရေးပြပါ။

၅။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ" ဟူသော ပါဠိတော်၌ "မန" အရကို ကောက်ပြ၍ 'မနောသေဋ္ဌာ၊ မနောမယာ' ဖြစ်ပုံကိုလည်း ဓမ္မပဒအဋ္ဌကထာ နှင့်အညီ အသီးသီးဖြေဆိုပါ။

၆။ နတ်သားနတ်သမီးများ စုတေခြင်း၏ အကြောင်းတရားများကို ဖော်ပြ၍၊ ဉာဏ်ပညာ ကြီးမားပါလျက် ခုဇ္ဇုတ္တရာ၏ သူတပါးကျွန်ဖြစ်ရခြင်း အကြောင်းကိုလည်း ဓမ္မပဒ အဋ္ဌကထာလာသည့်အတိုင်း ရေးပြပါ။

## တနင်္သာရီတိုင်း (အဖြေ)

**ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ**

၁။ (ထင်ရှားပြီ)။

၂။ (ထင်ရှားပြီ)။

၃။ (က) **ပညာမပြည့်စုံသောနိုင်သောသူ**—မတည်တံ့သောစိတ်ရှိ၍ သူတော်ကောင်း တရားကိုမသိပဲ မငြိမ်မြဲသောသဒ္ဓါတရားရှိသူအား ပညာမပြည့်စုံနိုင်ပါ။(ဂါထာ-၃၈)

(ခ) **ဘေးမရှိသူ**— –ရာဂတည်းဟူသော မိုးမစွတ်သော စိတ်ရှိ၍ ဒေါသသည် မဖျက်စီး အပ်သော စိတ်ရှိသော ကုသိုလ်, အကုသိုလ်ကို ပယ်ပြီး၍ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးသောသူအား ဘေးမရှိ။ (ဂါထာ- ၃၉)

http://www.dhammadownload.com



၄။ (က) မိုက်သောသူသည် မကောင်းမှု အကျိုးမပေးသေးသမျှ ကာလပတ်လုံး ထိုမကောင်းမှုကို ပျားသကာကဲ့သို့ မှတ်ထင်၏၊ ယင်းမကောင်းမှု အကျိုးပေးသော အခါ၌ကား ကြီးစွာသော ဆင်းရဲသို့ ရောက်၏။ (ဂါထာ- ၆၉)

(ခ) လာဘ်ရကြောင်းအကျင့်သည် တစ်မျိုးတစ်ခြားတည်း နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်သည် တစ်မျိုးတစ်ခြားတည်း ဤသို့ အကျင့်နှစ်ပါး အပေါင်းကိုထူးသော ဉာဏ်ဖြင့်သိ၍ မြတ်စွာဘုရား၏ တပည့်သားသည် လာဘ်ပူဇော်သက္ကာရကို မနှစ်သက်ရာ တစ်ကိုယ်တည်းနေခြင်းတည်းဟူသော ကာယဝိဝေက၊ သမာပတ် ရှစ်ပါးတည်းဟူသော စိတ္တဝိဝေက၊ နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေက ကိုသာလျှင် အဖန်တလဲလဲ တိုးပွါးစေကုန်၏။ (ဂါထာ- ၇၅)

၅။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ-စသော ပါဠိတော်၌ "မန"အရ-စိတ်အားလုံးရသင့်သော်လည်း- စက္ခုပါလတ္ထေရဝတ္ထု-၌ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်စိတ်ကိုသာ ရ၏။ (ဋ္ဌ- ၁၊ ၁၄)

မဋ္ဌကုဏ္ဍလီဝတ္ထု-၌ မဟာကုသိုလ်သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်စိတ်ကိုသာ ရ၏။ (ဋ္ဌ- ၁၊ ၂၄)

မနောသေဋ္ဌ ဖြစ်ပုံ-

ဂိုဏ်း-စသော အသင်းအဖွဲ့တို့၏ အကြီးအမှူးဖြစ်သော ယောက်ျားကို ဂဏသေဋ္ဌ၊ (ဂိုဏ်း၏ အမြတ်ဆုံး) သေဏိသေဋ္ဌ-(အသင်းအဖွဲ့၏ အမြတ်ဆုံး) ဟုဆိုအပ်သကဲ့သို့ စိတ်သည် စေတသိက်တရားတို့၏ အကြီးအမှူးဖြစ်သောကြောင့် စိတ်သည်သာ ထိုစေတသိက်တို့ထက် အမြတ်ဆုံး (မနောသေဋ္ဌ) ဖြစ်ပါသည်။ (ဋ္ဌ- ၁၊ ၂၄)

မနောမယာ- မည်ပုံ-

သစ်သားစသည်ကြောင့် ဖြစ်သောဘဏ္ဍာတို့သည် ဒါရုမယ-စသည် မည်ကုန်သကဲ့သို့ လည်းကောင်း။ (ဋ္ဌ-၁၊ ၁၅)

ရွှေစသည်တို့ဖြင့် ဖြစ်စေအပ်ကုန်သော ဘဏ္ဍာတို့သည် "သုဝဏ္ဏမယ" စသည် မည်ကုန်သကဲ့သို့လည်းကောင်း၊ ထိုအတူ စေတသိက်တရားများသည်လည်း စိတ်ကြောင့် ဖြစ်ကုန်သောကြောင့် "မနောမယ"မည်ပါသည်။ (ဋ္ဌ- ၁၊ ၂၄)

http://www.dhammadownload.com


၆။ **နတ်စုတေခြင်း အကြောင်း—**

အသက်တမ်းကုန်မှုကြောင့် စုတေခြင်း၊ ကောင်းမှု ကံစွမ်းကုန်မှုကြောင့် စုတေခြင်း၊ အစာစားချိန်လွန်မှုကြောင့် စုတေခြင်း၊ သူတစ်ပါးအပေါ် စိတ်ဆိုးမှုကြောင့် စုတေခြင်း။ (ဖွ-၁၊ ၁၁၀၊ ၁၁၁)

**စုဠသုဘဒ္ဒာရာဏ် သူတပါးကျွန်ဖြစ်ရခြင်း အကြောင်း—**

ကဿပဘုရားလက်ထက် ဗာရဏသီ သူဌေးသမီးဘ၀ဖြစ်စဉ် ရဟန္တာထေရီမ တစ်ပါးကို စေခိုင်းခဲ့သော အကုသိုလ်ကံကြောင့် သူတပါးကျွန်ဖြစ်ရသည်။(ဖွ- ၁၊ ၁၄၄)

**၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း— (အနောက်ပိုင်း)**

**ပထမငယ်တန်း ။ ။ ဓမ္မပဒ၊ ပါဠိ၊ အဋ္ဌကထာဘာသာ**

**၁၃၆၇—ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅—၃—၂၀၀၆) စနေနေ့**

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက်ရေးပြပါ။

(က) မြေကြီး၊ သတ္တလောကတို့နှင့် တရားအစုကို စိစစ်နိုင်သူပြဂါထာ၊

(ခ) သား,သမီးနှင့် ဥစ္စာမရှိပါဟု မိန့်ဆိုပုံပြဂါထာ။

၂။ အောက်ဖော်ပြပါ ဂါထာများကို အနက်မှန်မှန်ပေးပြပါ။

(က) သီလရှိသူတို့၏ ရနံ့သည်သာ နတ်ပြည်တို့၌ လှိုင်နေပုံပြဂါထာ၊

(ခ) သူမိုက်တို့၏ မြိုးမြီသောအကျင့်သည် အရိယာပုဂ္ဂိုလ်တို့ မြိုးမြီသောအကျင့်၏ တန်ဘိုးကိုလိုက်၍ မမှီနိုင်ပုံပြဂါထာ။

၃။ မေလျော့မှုနှင့်–တဏှာနှင့် အကျွမ်းဝင်မှုကို အားမထုတ်ကြကုန်လင့် ဟု အဘယ်ကြောင့် ဘုရားရှင်တိုက်တွန်းရသည်ကို ဖြေဆိုပြီး၊ ပညာမဲ့သူနှင့် ပညာရှိသူတို့၏ ပမာဒ+အပ္ပမာဒ နှင့်စပ်၍ သဘောထားအမြင်ကွာခြားပုံကိုလည်း ဖြေဆိုပါ။

၄။ မြတ်စွာဘုရားစကားတော်ကို မလိုက်နာသူနှင့် လိုက်နာသူတို့အား လိုအပ်သောအကျိုးကို ဆောင်နိုင်/မဆောင်နိုင်ပုံကို ဥပမာဖြင့် ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com



၅။ သုဘာနုပဿီပုဂ္ဂိုလ်နှင့် ဘောဇနမတ္တညူပုဂ္ဂိုလ်များမည်ပုံတို့ကို ပြည့်စုံစွာ ရှင်းလင်း ဖြေဆိုပါ။

၆။ စူဠပန္ထကမထေရ် ဉာဏ်လေးသူဖြစ်ရခြင်းအကြောင်းကို ဖော်ပြပြီး၊ ယင်းမထေရ်အား ဘုရားရှင်ပေးအပ်သော ကမ္မဋ္ဌာန်းနှင့် ဝိပဿနာကူးပြောင်းရာ၌ ဘုရားရှင်မိန့်ဆိုအပ် သော ဩဝါဒစကားများကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

## ပဲခူးတိုင်း– (အနောက်ပိုင်း) (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒ၊ ဇာတ်၊ အဋ္ဌကထာဘာသာ

၁။ (က) ဂါထာ– ၄၅။ (ပုပ္ဖဝဂ်၊ ပဉ္စသတဘိက္ခုဝတ္ထု ဒုတိယဂါထာ)

(ခ) ဂါထာ– ၆၂။ (ဗာလဝဂ်၊ အာနန္ဒသေဋ္ဌိဝတ္ထု)

၂။ (က) ဂါထာ– ၅၆။ (ပုပ္ဖဝဂ်၊ မဟာကဿပတ္ထေရဝတ္ထု)

(ခ) ဂါထာ– ၇၀။ (ဗာလဝဂ်၊ ဇမ္ဗုကတ္ထေရဝတ္ထု)

၃။ မမေ့မလျော့ရှုဆင်ခြင်သောပုဂ္ဂိုလ်သည် ကြီးကျယ်ပြန့်သော နိဗ္ဗာန်ချမ်းသာသို့ ရောက်နိုင်သောကြောင့် မေ့လျော့မှုကိုလည်းကောင်း၊ တဏှာနှင့် အကျွမ်းဝင်မှုကိုလည်း ကောင်း အားမထုတ်ကြကုန်လင့်ဟု ဘုရားရှင်တိုက်တွန်းရပါသည်။ (ဂါထာ– ၂၇)

**သဘောထားအမြင်ကွာခြားပုံ**

ပညာမဲ့သူတို့သည်– ပမာဒကို လုံ့လပြုကုန်၏၊

ပညာရှိသူတို့သည်– အပ္ပမာဒကိုသာ မြတ်သောဥစ္စာကဲ့သို့ စောင့်ရှောက်၏။ (ဂါထာ–၂၆)

၄။ အရောင်ဖြင့်တင့်တယ်လှပသော အဆင်းသာရှိ၍ အနံ့မရှိသော ပေါက်ပွင့်မိုးဆွေ စသောပန်းသည် လူမမြတ်နိုး အကျိုးမရှိသကဲ့သို့ ကောင်းစွာဟောကြားအပ်သော ဘုရားစကားတော်သည် မလိုက်နာသူအား အကျိုးမရှိ။ (ဂါထာ– ၅၁)

http://www.dhammadownload.com


အရောင်ဖြင့်တင့်တယ်လှပသော အဆင်းလည်းလှ အနံ့လည်းကောင်းသော စံပယ်, စကား-စသောပန်းသည် လှူမြတ်နိုး၍ အကျိုးရှိသကဲ့သို့ ကောင်းစွာဟောကြားအပ်သော ဘုရားစကားတော်သည် ရိုသေစွာလိုက်နာသူအား အကျိုးရှိ၏။ (ဂါထာ- ၅၂)

၅။ သုဘာနုပဿီပုဂ္ဂိုလ်မည်ပုံ-

မိန်းမယောကျ်ားဟူသော နိမိတ်ကိုယူ၍ လက်ခြေစသော ကိုယ်အင်္ဂါ အစိတ်အပိုင်း တို့ကို လှပတင့်တယ်၏ဟု အဖန်ဖန်ရှုဖတ်သော ပုဂ္ဂိုလ်သည် သုဘာနုပဿီပုဂ္ဂိုလ် မည်ပါသည်။ (ဋ္ဌ- ၁၊ ၄၇)

ဘောဇနမတ္တညူပုဂ္ဂိုလ်-

ဘောဇဉ်ကို ရှာမှီးခြင်း, ခံယူခြင်း, သုံးဆောင်ခြင်းတို့၌ အတိုင်းအရှည်ကို သိသောပုဂ္ဂိုလ်၊ ဆင်ခြင်ခြင်း, စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၌ အတိုင်းအရှည်ကို သိသောပုဂ္ဂိုလ်၊ တရားနှင့်လျော်သောဘောဇဉ်, တရားနှင့်မလျော်သောဘောဇဉ်ဟု သိသောပုဂ္ဂိုလ်။ (ဋ္ဌ- ၁၊ ၄၈)

၆။ (ဉာဏ်လေးသူဖြစ်ရခြင်း အကြောင်း- ကယားပြည်နယ် နံပါတ် ၆-ရှု) (ဋ္ဌ- ၁၊ ၁၅၆)

**ကမ္မဋ္ဌာန်း-** အနိစ္စသညာ (ရဇောဟရဏ) ကမ္မဋ္ဌာန်း။ (ဋ္ဌ- ၁၊ ၁၅၆)

**ဩဝါဒစကား-** 'စူဠပန္ထက သင်သည် ပုဆိုးပိုင်းကိုသာလျှင် ညစ်နွမ်း၏၊ မြူ, မြေမှုန့်ဖြစ်၏' ဟု အမှတ်သညာမပြုလင့်၊ သင်၏ ကိုယ်တွင်း၌လည်း ရာဂမြူစသည်တို့သည် ရှိကုန်၏၊ ထိုရာဂမြူစသည်တို့ကို ပယ်လေလော့။ (ဋ္ဌ- ၁၊ ၁၅၆)

## ၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ ခွဲ ဝဲခူးတိုင်း (အရှေ့ပိုင်း)

## ပထမငယ်တန်း ။ ။ မေဓာဝီဘာသာ

## ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅-၃-၂၀၀၆) စနေနေ့

၁။ (က) သူတစ်ပါး မကောင်းမှုလျှစ်လျူရှု၍ ကိုယ့်ကိုယ်ကို ဆင်ခြင်ရန်ဟောကြားတော်မူ သောဂါထာ၊

http://www.dhammadownload.com



(ခ) တောင်ဖလပ် စန္ဒကူးအနံ့တို့ထက် သီလနံ့သည် နတ်ပြည်အထိ လှိုင်ကြောင်းဟော တော်မူသောဂါထာတို့ကို ပါဠိသက်သက်ရေးပါ။

၂။ လာဘ်ရကြောင်းအကျင့် နိဗ္ဗာန်ရကြောင်းအကျင့်တို့ တစ်ခြားစီဖြစ်ပုံ ဟောကြားတော် မူသောဂါထာကို အနက်ယောဇနာပြုပါ။

၃။ အဘယ်သူတို့သည် အနှစ်ကို မရကြကုန်သနည်း ဖြေဆို၍ အပ္ပမာဒ (သတိ)တရား ဖြင့် မွေလျော်သော ရဟန်းအား ရရှိနိုင်သောအကျိုးဆက်ကို ဥပမာဖြင့်ဖြေဆိုပြပါ။

၄။ ရန်သူတစ်ယောက်သည် အခြားရန်သူတစ်ယောက်ကို အကျိုးမဲ့ပြုခြင်းထက် ပိုမိုပျက်စီး စေသော အရာကိုဖော်ပြ၍ မိုက်သော်လည်း ပညာရှိဟု ခေါ်ဆိုနိုင်သူကိုလည်းဖြေဆိုပါ။

၅။ မြတ်စွာဘုရားအား ပါလိလေယျကဆင်က နှစ်ကြိမ်တိုင်တိုင် ကန့်လန့်ခံ၍ တားမြစ်ရာ၌ ရည်ရွယ်ချက်တို့ကို ဖော်ပြ၍၊ အဘယ်ကောင်းမှုကြောင့် အဘယ်မင်းသားသည် **“မရှိစတား”** မကြားဖူးပါသနည်း ဖြေဆိုပါ။

၆။ ဘုရားရှင်လက်ထက် အရှင်လတ်လတ် ယောကျ်ားဘဝမှ မိန်းမဘဝပြောင်းသွားရသူ၏ အမည်နာမနှင့် မည်သို့သော ပြစ်မှားမှုကြောင့် ပြောင်းသွားရသည်ကို ဖြေဆို၍ မြတ်စွာ ဘုရားကိုယ်တော်တိုင် သက်သေအဖြစ် ရပ်တည်ပေးခဲ့ရသော လယ်သမားတစ်ယောက် ၏ ပြစ်မှုကိုဖော်ပြပါ။

## ဝဲစွဲးတိုင်း (အရှေ့ပိုင်း) (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

၁။ (က) ဂါထာ- ၅၀။ (ပုပ္ဖဝဂ်၊ ပါဝေယျကအာဇီဝကဝတ္ထု)

(ခ) ဂါထာ- ၅၀။ (ပုပ္ဖဝဂ်၊ မဟာကဿပတ္ထေရဝတ္ထု)

http://www.dhammadownload.com


၂။ ဂါထာ- ၅၅။ (ဗာလဝဂ်၊ ဝနဝါသိတိဿသာမဏေရဝတ္ထု)

၃။ **(အနှစ်ကို မရကြသူ- ချင်းပြည်နယ် နံပါတ် ၄-တွင်ရှု)။**

**ရရှိနိုင်သောအကျိုးဆက်-**

ပမာဒကို ဘေးဟုရှုလေ့ရှိ၍ အပ္ပမာဒ၌ မွေ့လျော်သော ရဟန်းအား—– အငယ်, အကြီးဖြစ်သော သံယောဇဉ်ဟူသမျှကို မီးကဲ့သို့ လောင်ကျွမ်းစေလျက် သွားခြင်း၊ သမထဝိပဿနာ, မဂ်, ဖိုလ်တို့မှ ဆုတ်ယုတ်ခြင်းငှါ မထိုက်ပဲ၊ နိဗ္ဗာန်၏ အနီး၌သာလျှင် ဖြစ်ခြင်းဟူသော အကျိုးတို့ကို ရရှိနိုင်ပါသည်။ (ဂါထာ-၃၁၊ ၃၂)

၄။ **အကျိုးမဲ့ပြုခြင်းထက် ပိုမိုပျက်စီးစေသော အရာ-**

မိမိကိုယ်ကို ဘဝများစွာ သံသရာ၌ ယုတ်မာအောင်ပြုနိုင်သော မကောင်းသဖြင့် ဆောက်တည်အပ်သော (မိစ္ဆာပဏိဟိတ) အကုသိုလ်စိတ် ဖြစ်ပါသည်။ (ဂါထာ-၄၂)

**မိုက်သော်လည်း ပညာရှိဟု ခေါ်ဆိုနိုင်သူ-**

မိမိမိုက်သည်၏ အဖြစ်ကို သိသောသူမိုက်။ (ဂါထာ- ၆၃)

၅။ **ဇါလိလေယျတဆင်၏ ရည်ရွယ်ချက်-**

**ပထမအကြိမ်-** ရဟန်းတို့အား ဆွမ်းကပ်လှူလို၍ တားမြစ်ပါသည်၊

**ဒုတိယအကြိမ်-** ရဟန်းတို့အား ပြန်လွှတ်၍ မြတ်စွာဘုရားအား ကျန်ရစ်ခဲ့စေလို၍ တားမြစ်ပါသည်။ (ဋ္ဌ- ၁၊ ၄၀)

**"မရှိစကား" မကြားဖူးသူ-**

အနုရုဒ္ဓါမင်းသားသည် အန္တတာရ မြက်ရိတ်သမားဖြစ်စဉ် မိမိတို့ဆောင်ယူခဲ့သော ထမင်းကို ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ပေးလှူ၍ မရှိဟူသောစကားကို မကြားရပါစေသတည်း၊ ထမင်းဖြစ်ရာ အရပ်ကို မသိရပါစေသတည်း ဟု ဆုတောင်းခဲ့၍ မရှိစကားကို မကြားဖူးပါ။ (ဋ္ဌ- ၁၊ ၈၆)

http://www.dhammadownload.com



၆။ အမည်နာမ–သောရေယျသူဌေးသား ဖြစ်ပါသည်၊

ဖြစ်မှု– သောရေယျသူဌေးသားသည် ရွှေအဆင်းကဲ့သို့ လှပသောအဆင်းရှိသော ရှင်မဟာကစ္စည်းမထေရ်ကို မြင်သောအခါ "ဤမထေရ်မူလည်း ငါ၏မယားဖြစ်မူ ကောင်းလေစွ၊ ငါ့မယား၏ ကိုယ်အဆင်းသည်မူလည်း ဤမထေရ်၏ ကိုယ်အဆင်းကဲ့သို့ ဖြစ်မူ ကောင်းလေစွ" ဟု ကြံမိသော အကုသိုလ်ကံကြောင့် မိန်းမဘာဝပြောင်းသွား ရပါသည်။ (ဋ္ဌ– ၁၊ ၂၀၇)

လယ်သမားတစ်ယောက်၏ ဖြစ်မှု–

သူခိုးများ ခိုးယူလာသော အသပြာထောင်ထုပ်ကို နောင်ရေးမတွေးဘဲ ယူမိသော ဖြစ်မှု။ (ဋ္ဌ– ၁၊ ၃၀၄၊ )

## ၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ချုပ် မေးတိုင်း ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

### ၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅–၃–၂၀၀၆) စနေနေ့

၁။ အမိုးမလုံ အမိုးလုံခြင်းကြောင့် မိုးရေယိုမှု, မယိုမှုဖြစ်သကဲ့သို့ ဘာဝနာအလုပ် အားထုတ်ပွါးများမှု ပြုလုပ်မထား, ပြုလုပ်ထားခြင်းကြောင့် တပ်မက်ခြင်းရာဂ ထိုးဆွ နှိပ်စက်, မနှိပ်စက်နိုင်ပုံကို စုံလင်စွာဟောပြ ဓမ္မဒေသနာ ဂါထာများကိုထုတ်ဖော် ရေးပြခဲ့ပါ။

၂။ မြေအိုးပမာ ဤခန္ဓာ သေချာသိပြီးလျှင်၊ မြို့နှင့်တူစွာ စိတ်ကိုသာ ခိုင်စွာပြုပြီးလျှင်၊ ပညာလက်နက်စွဲကိုင်လျက် တိုက်ဖျက်ကိလေသာစသည်ဖြင့် ဟောတော်မူထားသော ဂါထာကို အနက်ရေးခဲ့ပါ။

၃။ ဝိဋကတ်ကျမ်းစာ အပြာပြာကို သင်ရိုးသာသင်၍ မကျင့်သူ၊ သင်ယူပြီးနောက် ကျင့်သုံးသူ တို့၏ ရရှိသည့်အကျိုးတရား ကွာခြားပုံကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၄။ အပ္ပမာဒ၌ မွေ့လျော်ကာ ပမာဒ၌ အပြစ်မြင်တတ်သူတို့၏ ရရှိမည့်အကျိုးတရားတို့ကို ဆိုင်ရာဂါထာများအရ ထုတ်ပြခဲ့ပါ။

၅။ "စိတ်သည် အလိုရှိရာ အာရုံ၌ ကျရောက်တတ်သည်" ဟူသော စကားကို ပြည့်စုံစွာ အဓိပ္ပါယ်ဖွင့်ဆိုပြ၍၊ ယင်းစိတ်ကို မည်သို့ဆုံးမလျှင် မည်သည့် အကျိုးတရားများ ရရှိနိုင်ကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

၆။ နန္ဒမာရေဂါရှင် သုပ္ပဗုဒ္ဓသည် သူ့သန္တာန်၌ မည်သည့်တရားများ ရှိနေ၍ "ငါသည် သူဆင်းရဲမဟုတ်" ဟု သိကြားမင်းကို ပြောဆိုပါသနည်း၊ ယင်းသုပ္ပဗုဒ္ဓကဲ့သို့ နွားမ ဝှေ့သတ်ခံရသူတို့ကိုလည်း ထုတ်ပြခဲ့ပါ။

## မကွေးတိုင်း (အဖြေ)

### ပထမငယ်တန်း ॥ ॥ ဓမ္မပဒ ဘာသာ

၁။ ဂါထာ- ၁၃၊ ၁၄။ (ယမကဝဂ်၊ နန္ဒတ္ထေရဝတ္ထု)

၂။ ဂါထာ- ၄၀။ (စိတ္တဝဂ်၊ ပဉ္စသတဘိက္ခုဝတ္ထု)

၃။ နွားရှင်တို့အား နွားတို့ကို ရေတွက်အပ်နှင်းလိုက်ရသော အခစား နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ အစီးအပွားရှိသော ပိဋကတ်သုံးပုံကို များစွာ သင်ကြားပို့ချ ဟောပြောနေသော်လည်း ကမ္မဋ္ဌာန်းတရားကို မကျင့်ပဲ မေ့လျော့နေသူသည် ဈာန်, မဂ်ဖိုလ်ဟူသော ရဟန်း၏ အရသာကို မခံစားရ။

အစီးအပွားရှိသော ပိဋကတ်သုံးပုံကို အနည်းငယ်မျှ သင်ကြားပို့ချသော ဟောပြောနေသော်လည်း တရားအားလျော်သော အကျင့်ကို ကျင့်ကြံအားထုတ်သူသည် ရာဂ, ဒေါသ, မောဟကိုပယ်လျက် ကောင်းစွာအပြားအားဖြင့် သိသည်ဖြစ်၍ ကိလေသာတို့မှ လွတ်သောစိတ်ရှိသည်ဖြစ်၍ ပစ္စုပ္ပန် တမလွန်ဘဝတို့၌ စွဲလမ်းမှုမရှိပဲ ဈာန် မဂ်ဖိုလ် ဟူသော ရဟန်း၏ အရသာကို ခံစားရ၏။ (ဂါထာ- ၁၉၊ ၂၀)

http://www.dhammadownload.com



၄။ အပ္ပမာဒ၌မွေ့လျော်ကာ ပမာဒ၌ အပြစ်မြင်တတ်သူသည် မီးသည် လောင်စာဟူသမျှကို လောင်ကျွမ်းစေလျက် သွားသကဲ့သို့ အငယ်အကြီးဖြစ်သော သံယောဇဉ်မှန်သမျှကို လောင်ကျွမ်းစေလျက် နိဗ္ဗာန်သို့သွား၏။ (ဓါထာ- ၃၁)

အပ္ပမာဒ၌မွေ့လျော်ကာ ပမာဒ၌ အပြစ်မြင်တတ်သူသည် သမထ, ဝိပဿနာ, ဈာန် မဂ်ဖိုလ်တို့မှ ဆုတ်ယုတ်ခြင်းငှါ မထိုက် နိဗ္ဗာန်၏ အနီး၌သာလျှင် ဖြစ်၏။

(ဓါထာ- ၃၂)

၅။ **စိတ်သည် အလိုရှိရာရှိရာ အာရုံ၌ ကျရောက်တတ်သည် တူသော စကား၏ အဓိပ္ပါယ်—**

စိတ်သည် ရထိုက်သောအရာဌာန၊ မရထိုက်သောအရာဌာန၊ သင့်လျော်သောအရာဌာန၊ မသင့်လျော်သောအရာဌာန—တို့ကို မသိတတ်၊ အမျိုး, အနွယ်, အရွယ်တို့ကို မကြည့်တတ်၊ အလိုရှိရာ ထိုထိုအာရုံ၌သာ ကျတတ်၏။ (ဓ္မ- ၁၊ ၁၉၈၊ ၁၉၉)

ယင်းစိတ်ကို အရိယာမဂ် ၄—ပါးဖြင့် ထိုးဆွရခြင်းမရှိအောင်၊ (တစ်နည်း) ယဉ်ကျေးအောင် ဆုံးမလျှင် မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်ပါသည်။ (ဓ္မ- ၁၊ ၁၉၉)

၆။ **သုပ္ပဗုဒ္ဓသက္ကာက်၌ ရှိသောတရားများ—**

သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, သုတ, စာဂ, ပညာ—ဟူသော ၇—ပါး။ (ဓ္မ- ၁၊ ၃၀၂)

**ရွှေးမထေ့သတ်ခံရသူများ—**

ပုက္ကုသာတိအမျိုးသား၊ ဗာဟိယဒါရုစီရိယ၊ တမ္ဗဒါဌိကခိုးသူ၏ ယောက်ျား၊ သုပ္ပဗုဒ္ဓနူနာ။

(ဓ္မ- ၁၊ ၃၀၃)

http://www.dhammadownload.com



## ၁၀။ ပထမပြန်တမေးပွဲကျင်းပရေးဗဟိုအဖွဲ့ ၏ မန္တလေးတိုင်း
## ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ
## ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅-၃-၂၀၀၆) စနေနေ့

၁။ အောက်ဖော်ပြပါ ဂါထာပါဠိများကို ရေးပါ။
(က) အကာကို အနှစ်, အနှစ်ကို အကာ ထင်သူ၏ ဆိုးကျိုးပြ ဂါထာ၊
(ခ) လိုလိုဝိရိယစသည်နှင့် ပြည့်စုံသူအား ခြွေရံကျော်စော လွန်ပြန့်ပြောပုံပြ ဂါထာ။

၂။ နောင်တတဖန် ပူပန်ရသောကံမျိုးနှင့် မျက်ရည်စက်လက် ငိုကြွေးလျက် ခံရသောကံမျိုးကို ပြုလုပ်ခြင်းသည် မကောင်းကြောင်းပြသည့် လယ်ထွန်ယောက်ျားအား ဟောကြားအပ်သော ဗာလဝဂ်လာဂါထာကို အနက်ယောဇနာပါ။

၃။ ဓမ္မပဒပါဠိတော် အပ္ပမာဒဝဂ်လာ မာဃလုလင်၏ နတ်တို့၏အထွဋ်အထိပ်သို့ ရောက်ကြောင်းတရားကို ဖော်ပြ၍ ဗာလဝဂ် ဝနပါသီတိဿဝတ္ထုလာ (က) မနှစ်သက်အပ်သောအရာ၊ (ခ) အဖန်တလဲလဲပွားများသင့်သောအရာတို့ကိုလည်း ဖြေဆိုပြပါ။

၄။ ဓမ္မပဒပါဠိတော်လာ ကိလေသာမာရ်ကို တိုက်ခိုက်ရန် နည်းလမ်းနှင့်လက်နက်တို့ကို ဖော်ပြ၍ သံသရာရှည်သော လူမိုက်တို့ကိုလည်း ထုတ်ပြပါ။

၅။ ဓမ္မိကဥပါသကာ (က) ကြားနာလိုသောသုတ်အမည်၊ (ခ) ဆိုက်ရောက်လာသောနတ်ရထားတို့၏ အမြင့်ယူဇနာပမာဏ၊ (ဂ) သွားရောက်သောနတ်ပြည်၊ (ဃ) အခြံအရံနတ်သမီးအရေအတွက်၊ (င) ရရှိသောရွှေဗိမာန်၏ယူဇနာပမာဏတို့ကို အသီးသီး ရေးသားဖြေဆိုပါ။

၆။ ဘုရားရှင်ထံရောက်ရှိနေသော ဆတ္တပါဏိဥပါသကာသည် ကောသလမင်းရောက်လာသောအခါ နေရာမှမထသင့်-ဟု အကြံဖြစ်ပုံကို အကြောင်းနှင့်တကွ ရေးသားဖြေဆို၍ ယင်းဥပါသကာ၏ ဂုဏ်ပုဒ်များကိုလည်း စုံလင်အောင် ထုတ်ပြပါ။

http://www.dhammadownload.com



## မန္တလေးတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

၁။ (က) ဂါထာ- ၁၁။ (ယမကဝဂ်၊ သာရိပုတ္တတ္ထေရဝတ္ထု ပထမဂါထာ)

(ခ) ဂါထာ- ၂၄။ (အပ္ပမာဒဝဂ်၊ ကုမ္ဘဃောသကသေဋ္ဌိဝတ္ထု)

၂။ ဂါထာ- ၆၇။ (ဗာလဝဂ်၊ ကဿကဥပါသကဝတ္ထု)

၃။ **နတ်တို့၏ အထွဋ်အထိပ်သို့ရောက်ကြောင်း တရားမှာ-**

အပ္ပမာဒ- တရားဖြစ်ပါသည်၊ (ဂါထာ- ၃၀)

(က) မနှစ်သက်အပ်သောအရာမှာ- လာဘ်ပူဇော်သက္ကာရတည်း။

(ခ) အဖန်တလဲလဲပွားများသင့်သော အရာမှာ- ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေက-တည်း။ (ဂါထာ- ၇၅)

၄။ **ကိလေသာမာရ်ကို တိုက်ခိုက်ရန် နည်းလမ်းနှင့် လက်နက်-**

ဤကိုယ်ကို အိုးနှင့်တူစွာ မကြာမရှည် ပျက်တတ်၏ ဟုသိ၍ မြို့နှင့်တူသော ဤဝိပဿနာစိတ်ကို ဖြစ်စေ၍ (ဝါ) ပွားများ၍ ပညာတည်းဟူသော လက်နက်ဖြင့် ကိလေသာမာရ်ကို တိုက်ခိုက်ရာ၏၊ အောင်ပြီးသောတရားကိုလည်း စောင့်ရာ၏၊ ဈာန်ချမ်းသာ၌ သာယာကပ်ငြိခြင်းလည်း မရှိရာ။ (ဂါထာ- ၄၀)

**သံသရာရှည်သော လူမိုက်-**

သူတော်ကောင်းတရားကို မသိကုန်သော သူမိုက်တို့တည်း။ (ဂါထာ- ၆၀)

၅။ (က) သတိပဋ္ဌာန်သုတ္တန်တရားတော်၊ (ဋ္ဌ- ၁၊ ၈၃)

(ခ) ယူဇနာ တစ်ရာ့ငါးဆယ်၊ (ဋ္ဌ- ၁၊ ၈၃)

(ဂ) တုသိတာနတ်ပြည်၊ (ဋ္ဌ- ၁၊ ၈၃)

(ဃ) နတ်သမီးတစ်ထောင်၊ (ဋ္ဌ- ၁၊ ၈၅)

(င) နှစ်ဆယ့်ငါးယူဇနာရှိသော ရွှေဗိမာန်။ (ဋ္ဌ- ၁၊ ၈၅)

http://www.dhammadownload.com



၆။ **ဆတ္တပါဏိဆိ၏ အကြံ–**

ငါသည် မြတ်သော မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ အထံတော်၌ ထိုင်နေ၏၊ ပသေနေရာဇ်မင်းကို မြင်၍ ထခြင်းငှါ ငါ့အား မသင့်လျော်၊ မင်းကြီးသည် မထဘဲနေသော ငါ့အား အမုန်ပင် အမျက်ထွက်လိမ့်မည်၊ ဤမင်းကြီး အမျက်ထွက်တော်မူလည်း အမျက်ထွက်စေတော့ မထတော့အံ့၊

မင်းကို မြင်၍ ထသောသူသည် မင်း၌ အလေးပြုရာ ရောက်သော်လည်း မြတ်စွာ ဘုရား၌ အလေးပြုရာ မရောက်သောကြောင့် မထပဲနေတော့အံ့ဟု ကြံစည်ပါသည်။

(ဋ္ဌ– ၁၊ ၂၄၀)

**ဝုဏ်ပုဒ်များ–**

ပညာရှိ၏၊ သိမြင်အပ်ပြီးသော တရားရှိ၏၊ ပိဋကတ်သုံးပုံကို ဆောင်နိုင်၏၊ အကျိုးဟုတ်သည် မဟုတ်သည်၌ လိမ္မာ၏။ (ဋ္ဌ– ၁၊ ၂၄၀)

**၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဇတိုအဖွဲ့ခွဲ မွန်ပြည်နယ်**

**ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ**

**၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ (၁၃–၄–၂၀၀၆) တနင်္လာနေ့**

၁။ "ကိုယ့်အတတ် ကိုယ်ပြန်စူး" ဟူသည်နှင့်အညီ သူမိုက်၏အတတ်သည် သူမိုက်အား အကျိုးမဲ့များ ဖြစ်စေ၍ ဖျက်ဆီးပစ်ကြောင်းကို ပြဆိုသော ဗာလဝဂ်လာ ဂါထာကို ပါဠိရေးခဲ့ပါ။

၂။ "ရဟန်းကျင့်ထုံး ပျားပိတုန်း" ဟူသည်နှင့်အညီ ပျားပိတုန်း ဥပမာဖြင့် ရဟန်းကျင့် စရာဝတ်ကို ဖော်ညွှန်းသော ပုပ္ဖဝဂ်လာ ဂါထာကို အနက်ပေးခဲ့ပါ။

၃။ မိုးရေ မိုးပေါက် ဝင်ရောက်သွန်းဖြိုးသောအိမ်ကို ကောင်းစွာမိုးရသကဲ့သို့ ရာဂညစ်ဆိုး ထိုးပေါက်ဆုတ်ဖြဲ၍ စုတ်ပြဲနေသောစိတ်ကို အဘယ်သို့ ဖာထေးရမည်နည်း? ဖြေဆို၍၊ "ရှင်လျက်နှင့်သေ" ဟူသည့်အတိုင်း သေသူနှင့် တူသောလူကိုလည်း အပ္ပမာဒဝဂ်မှ ထုတ်နုတ်တင်ပြခဲ့ပါ။

http://www.dhammadownload.com


၄။ အောက်ပါတို့ကို (က)၌ စိတ္တဝဂ်မှ၊ (ခ)၌ ပုပ္ဖဝဂ်မှ၊ (ဂ)၌ ဗာလဝဂ်မှ ရှာဖွေဖော်ပြခဲ့ပါ။
(က) ချမ်းသာကို ဆောင်ကြဉ်းပေးနိုင်သောစိတ်။
(ခ) နတ်ပြည်တိုင် မွှေးကြိုင်လှိုင်သင်းသောရနံ့။
(ဂ) မပြုလုပ်ကောင်းသော အလုပ် (ကံ)။

၅။ အကြံပက်စက်ယုတ်မာသော မာဂဏ္ဍီမိဖုရားမိုက်ကြီး၏ မရှုမလှ ဘဝဇာတ်သိမ်းသွားရပုံကိုရေးပြီး၊ ကိုယ်ပြုသည့်ကံ ကိုယ်သာခံ၊ ကိုယ်ပြုသည့်ကံ ကိုယ်သာစံ–ရသည့် ခုဇ္ဇုတ္တရာ၏–
(က) ခါးကုန်းရခြင်း အကြောင်းကို။
(ခ) အစေခံဖြစ်ရခြင်း အကြောင်းကို။
(ဂ) ဉာဏ်ပညာကြီးမားသော ပိဋကတ်သုံးပုံဆောင် သောတာပန်ဖြစ်ရခြင်းအကြောင်းကို တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၆။ ယောက္ခမအိမ်သွား သမီးတော်ဝိသာခါအား မှာကြားဆုံးမသည့် ဓနဥ္စယသူဌေး၏ အတုယူဖွယ် ဩဝါဒတို့တွင် နောက်ဆုံးဩဝါဒနှစ်မျိုးကိုသာ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်တကွ ထုတ်နုတ် တင်ပြခဲ့ပါ။

## မွန်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

၁။ ဂါထာ– ၇၂။ (ဗာလဝဂ်၊ သဋ္ဌိကူဋပေတဝတ္ထု)

၂။ ဂါထာ– ၄၉။ (ပုပ္ဖဝဂ်၊ မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထု)

၃။ ရာဂညစ်ဆိုး ထိုးဖောက်ဆုတ်ဖြဲ၍ စုတ်ပြဲနေသော စိတ်ကို သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ဖြင့် ဖာထေးရမည်။ (ဂါထာ– ၁၄)

http://www.dhammadownload.com



၄။ (က) ဆုံးမ၍ ယဉ်ကျေးသောစိတ်၊ (ဝါထာ- ၃၅) စောင့်၍ လုံခြုံသောစိတ်၊ (ဝါထာ- ၃၆)

(ခ) သီလရှိသူတို့၏ သီလရနံ့၊ (ဝါထာ- ၅၆)

(ဂ)နောင်တတစ်ဖန် ပူပန်၍ ဝိုကျွေးမြည်တမ်းရခြင်း အကျိုးကို ခံစားရသော (မကောင်းမှု)

(ဝါထာ- ၆၇)

## ၅။ မာဂဏ္ဍီ မိဖုရားကြီး၏ ဘဝဇာတ်သိမ်း–

မာဂဏ္ဍီ၏ ကိုယ်မှ ထူထဲသောနေရာတို့၌ အသားတို့ကို ဓားထက်ထက်ဖြင့် လှီး၍ သိအိုးကင်းထဲ၌ မုန့်ကဲ့သို့ ကြော်စေလျက် ထိုမာဂဏ္ဍီကိုပင် ပြန်၍ စားခိုင်း၏။

(ဓ္မ- ၁၊ ၁၄၂၊ ၁၄၃)

(က) ခါးကုန်းသော ပစ္စေကဗုဒ္ဓါ၏ ဆွမ်းခံကြွလာပုံကို အတုပြု၍ ပြက်ရယ်မှု ပြုခဲ့သော ကြောင့် ခါးကုန်းရသည်၊

(ခ) ရဟန္တာထေရီမ တစ်ပါးကို စေခိုင်းခဲ့သော အကုသိုလ်ကံကြောင့် အစေခံဖြစ်ရသည်၊

(ဂ) ပစ္စေကဗုဒ္ဓါတို့အား မိမိပိုင်ဆင်စွယ်လက်ကောက် ရှစ်ခုတို့ကို သပိတ်ခြေပြု၍ ပေးလှူခဲ့သော ကုသိုလ်ကံကြောင့် ဉာဏ်ပညာကြီးမားသော ပိဋကတ်သုံးပုံ ဆောင်ဖြစ်ရသည်၊ ပစ္စေကဗုဒ္ဓါတို့အား လုပ်ကျွေးသမှုပြုစုရသော ကံကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ပါသည်။ (ဓ္မ- ၁၊ ၁၄၄)

## ၆။ မီးကိုလုပ်ကျွေးအပ်၏–တူသည်–

ယောက္ခမများနှင့် လင်ယောကျ်ားကို မီးပုံကြီးကဲ့သို့လည်းကောင်း၊ နဂါးမင်းကြီးကဲ့သို့ လည်းကောင်း ရှိသေကြောက်ရွံ့ ခြင်းကို ပြု၍ ကြည့်ရှုသင့်၏။

### အိမ်တွင်းနတ်ကို ရှိခိုးအပ်၏ တူသည်–

ယောက္ခမများနှင့် လင်ယောကျ်ားကို နတ်ကဲ့သို့ အရိုအသေအလေးအမြတ်ပြု၍ ကြည့်ရှုသင့်၏။ (ဓ္မ- ၁၊ ၂၅၅)

http://www.dhammadownload.com



## ၁၂။ ဝထမပြန်စာမေးပွဲကျင်းပရေးဗတိုအဖွဲ့ခွဲ ရန်ကုန်တိုင်း

## ပထမငယ်တန်း ။ ။ ဓမ္မပဒ ဘာသာ

## ၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂၅–၃–၂၀၀၆) စနေနေ့

၁။ အောက်ပါတို့ကို ပါဠိရေးခဲ့ပါ–

(က) မကောင်းမှုကို ပြုလုပ်သူသည် ပစ္စုပ္ပန်, တမလွန် ဘဝနှစ်တန်လုံး၌ စိုးရိမ်သောက ရောက်ရတတ်ပုံပြ ဒေသနာတော်၊

(ခ) ဝေါင်ဖလပ်, စန္ဒကူးစသော ပန်းတို့၏ ရနံ့ထက် သီလရနံ့က နတ်ပြည်တိုင်အောင် သင်းပျံ့ ကြိုင်လှိုင်၍ ဖြစ်တတ်ပုံပြ ဒေသနာတော်။

၂။ မိမိ၏ ရန်သူထက် မိမိ၏ မကောင်းသောစိတ်ထားက ဘဝများစွာ သံသရာပတ်လုံး အကျိုးမဲ့ကို ပြုတတ်ပုံပြ ဒေသနာပါဠိကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၃။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခြင်းကို ဘေးဟုရှုမြင်လေ့ရှိသော အပ္ပမာဒရတ ပုဂ္ဂိုလ်တို့အား ရရှိနိုင်သော အကျိုးတရားတို့ကို ဥပမာဖြင့် ထင်ရှားအောင် ပြဆို၍၊ စိတ်၏ သဘာဝနှင့် ထိုစိတ်ကို စောင့်ထိန်းခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားတို့ ကိုလည်း ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု၌ ဘုရားရှင်ဟောတော်မူသည်နှင့်အညီ ဖော်ပြပါ။

(ခ) ကာရကကျမ်းလာ ဝိသေသနေ စ–သုတ်, ဝုတ္တိ, ဥဒါဟရုဏ်။

၂။ အောက်ပါတို့ကို အနက်မှန်မှန်ရေးသားပြပါ။

(က) အနေန ဓမ္မဒါနေန သုခိတာ ဟောတု သာ ပဇာ၊

(ခ) အာစရိယုပဇ္ဈာယေဟိ သိက္ခံ ဂဏှာတိ သိသော၊

(ဂ) ပုညာယ သုဂတိံ ယန္တိ စာဂါယ ဝိပုလံ ဓနံ၊

(ဃ) အာကာသေ သကုဏာ ပက္ခန္ဒန္တိ၊

(င) သဗ္ဗေ ဘာယန္တိ မစ္စုနော။

၃။ အောက်ဖော်ပြပါတို့တွင် (က) ကို သန္ဓိရုပ်၊ (ခ) ကို နာမ်ရုပ်တွက်ပြပါ။

(က) အဇ္ဈဇော၊ (ခ) နဇ္ဇော။

၄။ သဟာဒိယောဂေ စ ၌ အာဒိ အရကို ထုတ်ပြ၍ အကာသိ–ကို ဓာတ်+ဝိဘတ်၊ ဘိက္ခူ–ကို ဓာတ်+ပစ္စည်း တို့ဖြင့် ဝေဖန်ပြပါ။

၅။ ကွစိ ဩ ဗျဉ္ဇနေ–သုတ်၌ ဩ–အက္ခရာလာရာဌာနကို ရူ–ဆရာအလိုကျ သတ်မှတ်ပြ၍ ယောသု ဒွိန္နံ ဒွေ စ–သုတ်၌ ဒွိ–သဒ္ဒါတစ်ခုတည်းဖြစ်ပါလျက် ဒွိသ ဟု မဆိုဘဲ ဒွိန္နံ ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်းအကြောင်းကိုလည်း ရေးသားပြပါ။

၆။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ပြယုဂ်ပုံစံထုတ်၍ ရေးသားပြပါ။

(က) သနိဒ္ဒေသရသသန္ဓိ၊ (ခ) ဝိဘတ္တိယုတ္တနိပါတ်ပုဒ်။

http://www.dhammadownload.com



## ရှမ်းပြည်နယ် (တောင်ပိုင်း) (အဖြေ)

## ပထမငယ်တန်း ‖ ‖ တစ္စည်းသန္ဓေဘာသာ

၁။ (က ၊ ခ – ပါဠိရေးလေ)။

၂။ (က) အနေန ဓမ္မဒါနေန– ဤဓမ္မဒါနကြောင့်၊ သာ ပဇာ– ထိုသတ္တဝါအပေါင်းသည်၊ သုခိတာ– ချမ်းသာခြင်းရှိသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

(ခ) (ရန်ကုန် ၂–(က)တွင်ရှု)။

(ဂ) ပုညာယ– ကောင်းမှုကြောင့်၊ သုဂတိ –သုဂတိသို့၊ ယန္တိ– ရောက်ကုန်၏၊ စာဂါယ– စွန့်ကြဲခြင်းကြောင့်၊ ဝိပုလံ–ပြန့်ပြောသော၊ ဓနံ–ဥစ္စာသည်၊ (ဟောတိ–ဖြစ်၏။)

(ဃ) အာကာသေ–ကောင်းကင်၌၊ သကုဏာ–ငှက်တို့သည်၊ ဝိကွဒန္တိ– ပျံကုန်၏။

(င) သဗ္ဗေ– အလုံးစုံသောသူတို့သည်၊ မစ္စုနော– သေခြင်းမှ၊ ဘာယန္တိ– ကြောက်ကုန်၏။

၃။ (က) အတ္တဇော–တည်၊ ဇေ၊ ဓာဿ စ–သုတ်၌ ဇော တ္တဿ–ဖြင့် တ္တ–ကို တြ–ပြု အတြဇော–ပြီး၏။

(ခ) နဒီ–တည်၊ ယော–သက်၊ မာတုလာဒိနမာနတ္တမိကာရေ–၌ အာနတ္တ–သန္ဓိပိုဖြင့် နဒီ–သန္ဓိ၏ ဒီ–ကို ယော နှင့်တကွ ဇ္ဇော ပြု နဇ္ဇော ပြီး၏။

၄။ **အာဒိအရ—** ဝိနာ သဒ္ဓိံ သမံ စသည်။

ကရဏတ် + အဇ္ဈတ္တိ ဤ ဝိဘတ်။ ဘိက္ခု ဓာတ် + ရူ ပစ္စည်း။

၅။ အတိပ္ပ နှင့် ပရ နောက်၌သာ ဩ–လာသည်။

ဒ္ဓိ သန္ဓိနောင် ဗဟုဝုစ်သာ သက်သည်ဟု သိစေခြင်းငှာ ဒ္ဓိန္တိ–ဟု ဗဟုဝုစ်ဖြင့်ဆိုသည်။

၆။ - (ပုဒ်စစ် ထင်ရှားပြီ)။

http://www.dhammadownload.com



## ၁၅။ ပထမပြန်စာမေးပွဲကျောင်းပရေးဇတိုအဖွဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)

## ပထမငယ်တန်း ။ ။ ကစ္စည်းကြီးသဒ္ဒါဘာသာ

## ၁၃၆၇-ခုနှစ်၊ တန်ခူးလဆန်း (၇) ရက်၊ (၄-၄-၂၀၀၆) အင်္ဂါနေ့

၁။ အောက်ပါ ကာရိယနှစ်ချက် စိရင်သော သုတ်များကို ဝုတ္တိ၊ ဥဒါဟရဏ်မှုရေးပါ။

(က) ဝေါဒိဿရေ ပုဗ္ဗောစ ရဿော၊

(ခ) လောပဥ္စ တတြာ ကာရော၊

(ဂ) ဗျဉ္ဇနောစ ဝိသညောဂေါ။

၂။ "ယောဓာရော တမောကာသံ" သုတ်ကို သုတ်နက်မှုရေး၍ အောက်ပါ (က) (ခ)-တို့ကို ကာရက သဘောသွားနှင့် ညီညွတ်စေလျက် အနက်ပေးခဲ့ပါ။

(က) အဇ္ဈာ မုပ္ပေတ္တာဝ စန္ဒိမာ၊

(ခ) ဘဂဝတိ ပြဗ္ဗဝရိယံ ဝုသတိ ကုလပုတ္တော။

၃။ (က) ကို ပုဒ်ဖြတ်၊ (ခ) ကို ပုဒ်စပ်၊ (ဂ) ကို ဓာတ်၊ ပစ္စည်း၊ ဝိဘတ်၊ (ဃ) ကို ဓာတ်၊ ပစ္စည်း။ (င) ကို နာမ်ရုပ်အကျဉ်းတွက်ပြပါ-

(က) ဃတေ၊ (ခ) ဣယသာ+ ဣဒံ+ အံ၊ (ဂ) ဇညာ၊

(ဃ) ဇေယျံ၊ (င) ပဝတ္တံ။

၄။ "သရာပကတိ ဗျဉ္ဇနေ"သုတ်သည် ဝိဓိသုတ် (၈)မျိုးတို့တွင် အဘယ်ဝိဓိသုတ်ဖြစ်သည်ကို ရှင်းလင်းဖြေဆို၍၊ နိဂ္ဂဟိတ်ကို အံ ပြုသဖြင့် အဘယ်အကျိုးရှိပါသနည်း။

၅။ အောက်ဖော်ပြပါတို့မှ (က) အမှတ်ပြကို သန္ဓိရုပ်တွက်၊ (ခ) အမှတ်ပြကို အဓိပ္ပါယ်၊ (ဂ) အမှတ်ပြကို နာမ်ဂိုဏ်း အသီးသီး ရူပသိဒ္ဓိဆရာအလိုကျ ဖြေဆိုခဲ့ပါ-

(က) သလ္လာပေါ၊ (ခ) ဝိဘတ်၊ (ဂ) နဒီသဒ္ဒါ။

http://www.dhammadownload.com



၆။ အောက်ဖော်ပြပါတို့၏ အဓိပ္ပါယ်များကို ပုံစံများထုတ်ပြကာ ပုဒ်စစ်ကျမ်းလာအတိုင်း ရှင်းပြခဲ့ပါ–

(က) အနိဒ္ဒေသ ရဿ သန္ဓိ၊ (ခ) တဒ္ဓိနာမ်၊ (ဂ) ဝိဘတ္တိ ယုတ္တ နိပါတ်။

## ရှမ်းပြည်နယ် (မြောက်ပိုင်း) (အဖြေ)

## ပထမငယ်တန်း ။ ။ တစ္စည်းကြီးသဒ္ဒါဘာသာ

၁။ (ပါဠိထင်ရှားပြီ)။

၂။ ယော–အကြင်ကာရကသည်၊ အာစာရော–ကြိယာ၏မှီရာဖြစ်သော ကတ္တားကံတို့၏ တည်ရာသည်၊ ဟောတိ–ဖြစ်၏။ တံ– ထိုတည်ရာကာရကသည်၊ သြကာသံ– သြကာသမည်သည်၊ ဟောတိ– ဖြစ်၏။

(က) အဘ္ဘာ–တိမ်တိုက်မှ၊ မုတ္တော– လွတ်သော၊ စန္ဒိမာ ဣဝ– လကဲ့သို့။

(ခ) ကုလပုတ္တော– အမျိုးကောင်းသားသည်၊ ဘဂဝတိ– မြတ်စွာဘုရား၌၊ ဗြဟ္မစရိယံ– မြတ်သောအကျင့်ကို၊ ဝသတိ– ကျင့်သုံး၏။

၃။ (က) ဃတော + ဧ။ (ခ) ဣကုမသိဒမ်။

(ဂ) ဉာ ဓာတ် + နာ ပစ္စည်း + ယျေ ဝိဘတ်။ (ဃ) ဇိ ဓာတ် + ဏျ ပစ္စည်း။

(င) ပဝတ္တိ–တည်၊ သွိ–သက်၊ ပညာသ စ–ဖြင့် ပ–မည်သော ဣ–ကို ယ–ပြု၊ ယ အံ–သို့ကပ်၊ တ္တ–ယံ–သို့ကပ်၊ (ပဝတ္တျံ) ဗျဉ္ဇနော စ ဝိသညောဂေါ–၌ စသဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် သဘောတူ အစဗျည်းတစ်လုံးကိုချေ၊ ပဝတ္တံ ပြီး၏။

၄။ ပကတိပြုခြင်းသည် အစီအရင်ကို တားမြစ်ရာရောက်သောကြောင့် သရာပကတိ ဗျဉ္ဇနေ သုတ်သည် ပဋိသေဓ ဝိဓိသုတ်။

နိဂ္ဂဟိတ်ကို ချေခြင်း ပြုခြင်းအကျိုးငှာ နိဂ္ဂဟိတ်ကို အံ–ပြုသည်။

http://www.dhammadownload.com


၅။ (က) သံ + လာပေါ်–တည်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–၌ ဝါ သန္ဓိဖြင့် နိဂ္ဂဟိတ်ကို လ–ပြု၊ သလ္လာပေါ်– ပြီး၏။

(ခ) ကံ–စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ ကေဝုစ်စသည်တို့၏ အစွမ်းအား ဖြင့်လည်းကောင်း လိင်၏အနက်ကို ဝေဘန်တတ်သောကြောင့် ဝိဘတ်မည်၏။

(ဂ) နဒီ–သဒ္ဒါ၏ ပဒမာလာစဉ်လေ။

၆။ (ပုဒ်စစ် ထင်ရှားပြီ)။

**၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရှမ်းပြည်နယ် (အရှေ့ပိုင်း)**

**ပထမငယ်တန်း ။ ။ တစ္စည်းသန္ဓိဘာသာ**

**၁၃၆၇–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇) ရက်၊ (၄–၄–၂၀၀၆) အင်္ဂါနေ့**

၁။ အောက်ဖော်ပြပါတို့၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်တို့ကို စုံလင်စွာပါဋ္ဌိသက်သက်ရေးပါ–

(က) နာမ်ကျမ်း၌ ရုပ်တည်ဖို့ရန်အတွက် ပရိဘာသာပြုသောသုတ်၊

(ခ) နာမ်ကျမ်း၌ ရုပ်ပြီးဖို့ရန်အတွက်ပရိဘာသာပြုသောသုတ်။

၂။ အောက်ပါ ဥဒါဟရဏ်ပါဋ္ဌိတို့ကို အနက်မှန်မှန်ပေးပါ–

(က) ရုစိမံ ပုပ္ဖံ ဝိရောစတိ၊

(ခ) ဒဒါမိ တေ ဂါမဝရာနိ ပဉ္စ၊

(ဂ) ပဿေယျ တံ ဝဿသတံ အရောဂံ၊

(ဃ) ဝါသိယာ ကဋ္ဌံ တစ္ဆတိ၊

(င) ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ ကုလပုတ္တော။

၃။ အောက်ပါတို့တွင် (က) ကိုပုဒ်စပ်၊ (ခ) ကိုပုဒ်ဖြတ်ပြီး၊ (ဂ) ကို နာမ်ရုပ်အကျဉ်း၊ (ဃ) (င) တို့ကို ဓာတ်+ပစ္စည်းခွဲပြပါ–

(က) အဂ္ဂိ+အာဂါရံ၊ (ခ) အဂ္ဂိသိခိနိ၊ (ဂ) ရတ္တိံ၊ (ဃ) ကိစ္စ၊ (င) နန္ဒန။

http://www.dhammadownload.com


၄။ ကွစာသဝဏ္ဏံ လုဇ္ဇေ-သုတ်လာ သဝဏ္ဏ, အသဝဏ္ဏ-အရတို့ကို ခွဲခြားဖော်ပြပြီး၍ ပထမာဝိဘတ်သက်သော အနက်များကိုလည်း သုတ်ထောက်၍ ဖြေဆိုပြပါ။

၅။ သန္ဓိ တတိယပိုင်း ဣဃံ-သုတ်၌ ဣဃ-ပြုရမည့်ဌာနများကို ရူပသိဒ္ဓိလာသည့်အတိုင်း ဖြေဆို၍၊ နာမ်ကျမ်း ယောသု စ-သုတ်၌ စ-သဒ္ဒါ၏အနက်ကိုလည်း ဖော်ပြခဲ့ပါ။

၆။ (က) ပဋိပက္ခနာမ်၊ (ခ)တိလိင်အပြားတို့၏ သဘောအဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပုံစံထုတ်ကာ ရှင်းပြဖြေဆိုပါ။

## ရှမ်းပြည်နယ် (အရှေ့ပိုင်း) (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါဘာသာ

၁။ (က) (လိင်္ဂဋ္ဌ နိပ္ပဇ္ဇတေ-သုတ်ဆိုင်ရာကို ပါဠိရေးလေ)။

(ခ) တဒနုပရောဓေန-သုတ်ဆိုင်ရာကို ပါဠိရေးလေ)။

၂။ (က) ရုစိမံ- အရောင်ရှိသော၊ ပုပ္ဖံ-ပန်းသည်၊ ဝိရောစတိ- တင့်တယ်၏။

(ခ) တေ-သင့်အား၊ ပဥ္စ-ငါးပါးကုန်သော၊ ဂါမဝရာနိ- ရွာစားဆုတို့ကို၊ ဒဒါမိ-ပေး၏။

(ဂ) (ကရင် ၂-(က)တွင်ရှု)

(ဃ) ဝါသိယာ-ပဲကွပ်ဖြင့်၊ ကဋ္ဌံ- သစ်သားကို၊ တစ္ဆတိ- ရွေ၏။

(င) (ရှမ်းမြောက် ၂-(ခ)တွင်ရှု)။

၃။ (က) အဂ္ဂါဂါရံ၊

(ခ) အဂ္ဂိဿ + ဣတိ၊

(ဂ) ရတ္တိ-တည်၊ ယော သက်၊ ပ-မှည့်၊ ဃပတော စ ယောနံ လောပေါ်-ဖြင့် ယော-ချေ၊ ယောသုကတနိကာရလောပေသု ဒီဃံ-ဖြင့် ဒီဃ-ပြု၊ ရတ္တီ-ပြီး၏။

(ဃ) ကရ ဓာတ် + ရိစ္စ ပစ္စည်း၊

(င) နန္ဒ ဓာတ် + ယု ပစ္စည်း။

http://www.dhammadownload.com


၄။ သဝဏ္ဏ–– အ အာ၊ ဣ ဤ၊ ဥ ဦ။
အသဝဏ္ဏ––ဧ ဩ။
လိင်္ဂတ္ထေ ပဌမာ–ဖြင့် လိင်အနက်၊
အာလပနေ စ–ဖြင့် အာလုပ်အနက်ပိုလွှန်သော လိင်အနက်။

၅။ ဒီဃ ပြုရာဌာန–(ချင်းပြည်နယ် နံပါတ် ၅–တွင်ရှု)
စသဒ္ဒါသည် နာ သ္မာ သွိံ သုဝိဘတ်တို့ကြောင့်လည်း ဧ၊ ဩ–ကို အာဝ–အပြုကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိသည်။

၆။ (ပုဒ်စစ် ထင်ရှားပြီ)။

## ၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဇတိုအဖွဲ့ခွဲ ရောဝတီတိုင်း
## ပထမငယ်တန်း ။ ။ တစ္စည်းသဒ္ဒါကြီးဘာသာ
## ၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၆–၃–၂၀၀၆) တနင်္ဂနွေနေ့

၁။ အောက်ပါတို့ကို ပါဠိရေးပြပါ။
(က) သန္ဓိကျမ်း သဒ္ဒါသဒ္ဒေဘော်လာသောသုတ်၏ သုတ်, ဝုတ္တိ, ဥဒါဟရုဏ်၊
(ခ) အကမ္မန္တသ စ သုတ်၏ စသဒ္ဒါ အကျိုးပြပါဠိ။

၂။ အောက်ပါ ပါဠိပါကျတို့ကို ဝိဘတ်နက်မှန်ကန်စေလျက် အနက်ပေးပြပါ။
(က) သုန္ဒရာဝုသော ဣမေ အာဇီဝကာ ဘိက္ခူသု အဘိဝါဒေန္တိ။
(ခ) သဟာပိ ဂင္ဂေန သံယော ဥပေါသထံ ကရေယျ၊ ဝိနာပိ ဂင္ဂေန။

၃။ အောက်ဖော်ပြပါတို့တွင် (က) ကိုပုဒ်စပ် (ခ) ကို နာမ်ရုပ်တွက် (ဂ) ကို ဓာတ်, ဝိဘတ် ခွဲပြပါ။
(က) ဝိရံ+ပဋ္ဌိသိ၊ (ခ) ဂစ္ဆတိ၊ (ဂ) အာသိ၊ အာဟ။

http://www.dhammadownload.com


၄။ ဝိဘတ်မသက်မီ သက်ရသော ဓာတုနိဒ္ဒေသပစ္စည်းတို့ကို ဖော်ပြ၍၊ အာချာတ်၌ (က) အ-လာသောဝိဘတ်၊ (ခ) ဣ-လာသောဝိဘတ်တို့ကို သုတ်စဉ်ပါဠိသာဓကဖြင့် ဖြေဆိုပြပါ။

၅။ အဂ္ဂါဂါရံ ကို သန္ဓိ နာမ် ၂-နည်းဖြင့် ရုပ်ကျဉ်းတွက်ပြ၍၊ အဝမှိ စ သုတ်၌ စ သဒ္ဒါ၏ အစီအရင်ကိုလည်း ရူပသိဒ္ဓိနှင့်အညီ ရေးသားဖော်ပြပါ။

၆။ သရသန္ဓိ ဝုတ္တသန္ဓိ တို့၏ အဓိပ္ပါယ်ကို ပုံစံနှင့်တကွ ပုဒ်စစ်ကျမ်းလာအတိုင်း ရေးသားပြီး၊ အန္တရဂ်ဝိဓိ-စသော ဝိဓိသုတ်တို့ကိုလည်း ပုံစံထုတ်၍ သုတ်စစ်လာအတိုင်း ရေးပြပါ။

## ရောဝတီတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) ပရဒွေဘာဝေါ ဌာနေ သုတ်ဆိုင်ရာ ပါဠိရေးလေ)။
(ခ) (ပါဠိ ထင်ရှားပြီ။)

၂။ (က) အာဝုသော- ငါ့ရှင်တို့၊ ဣမေ အာဇီဝကာ- ဤတက္ကတွန်းတို့သည်၊ သုန္ဒရာ-ကောင်း (တော်) ပါပေကုန်၏။
(တစ်နည်း) သုန္ဒရာ-ကောင်းကုန်သော၊ ဣမေ အာဇီဝကာ- ဤတက္ကတွန်းတို့သည်၊ ဘိက္ခုသု- ရဟန်းတို့ကို၊ အဘိဝါဒေန္တိ- ရှိခိုးကုန်၏။
(ခ) ဂစ္ဆေန- ဂဂ္ဂရဟန်းရှုးနှင့်၊ သဟာပိ-တကွလည်း၊ သံဃော-သံဃာသည်၊ ဥပေါသထံ- ဥပုသ်ကို၊ ကရေယျ- ပြုရာ၏။ ဂစ္ဆေန-ဂဂ္ဂရဟန်းရှုးနှင့်၊ ဝိနာပိ-ကင်း၍လည်း။

၃။ (က) ဝိရုပ္ပဝါသိံ၊
(ခ) ဂစ္ဆန္တာ-တည်၊ သိမ္ပိံသက်၊ သေသေန္တာ ၂၀-ဖြင့် န္တာ ၂-ကိုကဲ့သို့၊ တောဝတိတာ သသ္မိန္နာသုဖြင့် ဝိဘတ်နှင့်တကွ န္တာ၂-ကို တိ-ပြု၊ ဂစ္ဆတိ- ပြီး၏။

http://www.dhammadownload.com



(ဂ) အာသိ= အသ ဓာတ် + သိ ဝိဘတ်။

အာဟ= ဗြူ ဓာတ် + ပရောက္ခာ အ ဝိဘတ် (တနည်း) ဝတ္တမာန် တိ ဝိဘတ်။

၄။ **ဓာတုနိဒ္ဒေသပစ္စည်း** ----(ရန်ကုန် ၄-တွင်ရှု)။

(က) အကာရာဂမော ဟိယျတ္တနီ အဇ္ဇတ္တနီ ကာလာတိပတ္တိသု-သုတ်အရ ဟိယျတ္တနီ အဇ္ဇတ္တနီ, ကာလာတိပတ္တိဝိဘတ်။

(ခ) ဗ္ဗကာရာဂမော အသဗ္ဗဓာတုကမှိ-သုတ်အရ ပရောက္ခာ, အဇ္ဇတ္တနီ , ဘဝိဿန္တိ ကာလာတိပတ္တိ ဝိဘတ်။

၅။ **သန္ဓိရုပ်ကျဉ်း-**

အဂ္ဂိ + အာဂါရံ-တည်၊ ဗ္ဗဝဏ္ဏော ယံ နဝါ-ဖြင့် ဗ္ဗ-ကို ယ-ပြု၊ ယ အာ-သို့ကပ်၊ ဂ္ဂ-ယာသို့ကပ်၊ (အဂ္ဂျာဂါရံ) ဗျဉ္ဇနော စ ဝိသညောဂေါ-သုတ်၌ စ သဒ္ဒါဖြင့် ဗျည်း ၃-လုံးတို့တွင် သဒေါတူအစဗျည်းတစ်လုံးကိုချေ၊ အဂျာဂါရံ ပြီး၏။

**နာမ်ရုပ်ကျဉ်း**

အဂ္ဂိ+အာဂါရံ-တည်၊ ဗ္ဗဝဏ္ဏာဝဏ္ဏာ ဗျလာ-ဖြင့် ဗ္ဗ-ကို ဗျ-မှည့်၊ ယဝကာရာ စ-ဖြင့် ဗျ မည်သော ဗ္ဗ-ကို ယ-ပြု၊ ယ အာ-သို့ ကပ်၊ ဂ္ဂ ယာသို့ကပ်၊ (အဂ္ဂျာဂါရံ) ဗျဉ္ဇနော စ ဝိသညောဂေါ-သုတ်၌ စ သဒ္ဒါဖြင့် ဗျည်း ၃-လုံးတို့တွင် သဒေါတူ အစဗျည်းတစ်လုံးကိုချေ၊ အဂျာဂါရံ ပြီး၏။

**စ-သဒ္ဒါ အစီအရင်** ——

စ-သဒ္ဒါဖြင့် ယော နာ သ သ္မာ သ္မိံ သု ဝိဘတ်တို့ကြောင့် ဂေါ-၏ ဩ-ကို အဝ-ပြု။

၆။ (ပုဒ်စစ် ထင်ရှားပြီ)။

http://www.dhammadownload.com



## ၁၈။ ပထမပြန်အထူးအောင် ရွေးချယ်ရေးစာမေးပွဲ

## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီး ဘာသာ

## ၁၃၆၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၅)ရက်၊ (၁၅- ၆ -၂၀၀၆)ကြာသပတေးနေ့

၁။ သန္ဓိကျမ်းလာ နိဂ္ဂဟိတ်မှ နောက်ဖြစ်သော သရကျေသောသုတ်နှင့် ကိတ်ကျမ်းလာ နာမာပေက္ခသုတ်တို့၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်အစုံ ပါဠိရေးခဲ့ပါ။

၂။ အောက်ပါပုံစံများကို အနက်မှန်စွာ ရေးခဲ့ပါ-

(က) အနေန ဓမ္မဒါနေန၊ သုဝိတာ ဟောတု သာ ပဇာ၊
ဣမိနာ ပုဉ္ဉပူဇေန၊ ပတ္တာန အမတံ ပဒံ။

(ခ) ဗိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။

(ဂ) ပါပါ စိတ္တံ နိဝါရယေ၊ ဘယာ မုစ္စတိ သော နရော။

(ဃ) ဟတ္ထေသု ပိဏ္ဍာယ စရန္တိ ဒိဝိ စမ္မေသု ဟညတေ။

၃။ အောက်ဖော်ပြပါ ပုံစံများကို ပုဒ်ဖြတ်၍ " စတာသန္ဓိ" ပုံစံကို နာမ်ရပ်တွက်ပြပါ-

(က) အပာိခွဇ္ဇ (ခ) ယွာယံ (ဂ) သွေဝ (ဃ) အန္တဒ္ဓမာသိ (င) ဝုတျာသာ။

၄။ ပရဒွေဘာဝေါ ဌာနေ၊ ဝဂ္ဂေ ဃောသာဃောသာနံ- သုတ်တို့၏ အထူးနှင့် ကွစိ လောပံ၊ ဗျဉ္ဇနေ စ-သုတ်တို့၏ ဖွင့်ပုံ ထူးခြားချက်ကို စာကိုယ်လာအတိုင်း ရေး၍၊ (က) ပဗ္ဗိတဗ္ဗံ၊ (ခ) ဂမိုယံ၊ (ဂ) ဗေယျံ- ပုံစံတို့ကို တတ် ပစ္စည်းခွဲပြပါ။

၅။ နောက်သရနောင်းတိုင်း အစိတ်ညြ ဥတို့ကို အချို့ပုံစံ "ဝ" ပြုရမည်ဟု ဆိုရာဝယ် ဝမောဒုဒန္တာနံ-သုတ်၌ အဘာယ်သဒ္ဒါတို့၏ အစိတ်ညြကို ယူရပါမည်နည်း? မာဂဓဘာသာ ပြောကြားသူတို့ကို ရူပသိဒ္ဓိကျမ်းလာအတိုင်း ပြည့်စုံအောင် ရေးခဲ့ပါ။

၆။ ဖော်ပြပါ ပုဒ်စစ်ကျမ်းလာ စကားရပ်ကို ပေယျာလဖော်၍ ရေးခဲ့ပါ-

တစ်နည်းကား- သာမညနာမ်, ဂုဏနာမ် (ပ) မြင်းဇာတ်ကို စွဲ၍ ဖြစ်သောကြောင့် သာမညနာမ်မည်၏။

http://www.dhammadownload.com



## ပထမပြန်အထူးအောင် (အဖြေ)

## ပထမငယ်တန်း ။ ။ တစ္စည်းသန္ဓိကြီး ဘာသာ

၁။ ပရော ဝါ သရော-သုတ်နှင့် တဒ္ဓိတာသမာသကိတကာ နာမံ ဝါ တဝေတုနာဒီသု စ-သုတ်ဆိုင်ရာကို ပါဠိရေးလေ။

၂။ (က) အနေန ဓမ္မဒါနေန- ဤဓမ္မဒါနကြောင့်၊ သာပဇာ-ထိုသတ္တဝါအပေါင်းသည်၊ သုခိတာ- ချမ်းသာခြင်းရှိသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

တ္တမိနာ ဗုဒ္ဓပူဇေန- ဤဘုရားကို ပူဇော်ခြင်းကြောင့်၊ အမတံ- သေခြင်းကင်းသော၊ ပဒံ- နိဗ္ဗာန်သို့ ပတ္တာန- ရောက်၍။

(ခ) သုစိတ္တာ- ဆန်းကြယ်ကုန်သော၊ ရာဇရထာ- မင်း၏ရထားတို့သည်၊ ဝေ- စင်စစ်၊ ဇီရန္တိ- ဆွေးမြေ့ကုန်ပြီ၊ အထော- ထို့ပြင်၊ သရီရံပိ- ကိုယ်သည်လည်း၊ ဇရံ- ဆွေးမြေ့ ခြင်းသို့ ဥပေတိ- ကပ်ရောက်ရ၏။

(ဂ) ပါပါ- မကောင်းမှု၊ စိတ္တံ- စိတ်ကို၊ နိဝါရယေ- တားမြစ်ရာ၏။

သော နရော- ထိုလူသည်၊ ဘယာ-ဘေးမှ၊ မုစ္စတိ- လွတ်၏။

(ဃ) ဟတ္ထေသု- လက်တို့ဖြင့်၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှါ၊ စရန္တိ- လှည့်လည်ကုန်၏။

ဒိဝိ- သစ်ကို၊ ဓမ္မေသု- အရေတို့ကြောင့်၊ ဟညတေ- သတ်အပ်၏။

၃။ (က) အဟံ + ခေါ + အဇ္ဇ၊ (ခ) ယော+ အယံ၊ (ဂ) သော+ ဝေ၊

(ဃ) အနု+ အဒ္ဓမာသံ၊ (င) ဝုတ္တိ+ အဿ။

### စတာဿန္ဓိ ရုပ်တွက်ပုံ-

စတဿန္ဓိ-ကို စတု-တည်၊ နံ-သက်၊ (စတု+နံ) နော စ ဒွါဒိတော နံမှိ-သုတ်၌ စ-သန္ဓိဖြင့် စတု-နောင် သံ-လာ၊ (စတု+သံ+နံ) နိဂ္ဂဟိတ်ကို တ-ဝဂ္ဂန္တ န်-ပြု၊ တ်-ခွင်း ဥ-ကြွင်း၊ ပဉ္စာဒီနမတ္တံ-၌ အတ္တံ-ဟူသော ဘာဝနိဒ္ဒေသဖြင့် ဥ-ကို အ-ပြု၊ တ်-အ-သို့ကပ်၊ စတဿန္ဓိ-ပြီး၏။

http://www.dhammadownload.com


၄။ ပရဒွေဘာဝေါ ဌာနေ-သုတ်ဖြင့် ဝင်၍ ပထမ, တတိယ, ပဉ္စမက္ခရာများနှင့် ယ, ရ, ဝ, သ-ဗျည်းတို့၏ သဒိသဒွေဘော်လာသည်၊

ဝဂ္ဂေ ဃောသာဃောသာနံ တတိယ ပဌမာ-သုတ်ဖြင့် ဝင်၍ ဒုတိယက္ခရာရှိရာ ပထမက္ခရာလာခြင်း၊ စတုတ္ထရှိရာ တတိယက္ခရာလာခြင်းဟူသော အသဒိသဒွေဘော်လာသည် ဤသို့ ထူးသည်။

***ဆောင်-ရဿသုံးဖြာ၊ အာဒိဿနောက်၊ ကြရောက်ဝဂ္ဂ၊ ပ, တ, မ-နှင့်၊ ယ, လ, ဝ, သာ၊ ဗျည်းတို့မှာ၊ ဒွေဘာသဒိသ၊ ဝင်တွင်နှ, စ၊ ရှိလေတ၊ ပ, တ-စဉ်တိုင်းလာ။***

**ထူးခြားချက်-**

ကွစိ လောပံ-သုတ်ဖြင့် သရနောင်းရာ၌ နိဂ္ဂဟိတ်ကိုချေသည်၊

ဗျဉ္ဇနေ စ-သုတ်ဖြင့် ဗျည်းနောင်းရာ၌ နိဂ္ဂဟိတ်ကိုချေသည် ဤသို့ထူးသည်။

**ဓာတ်,ပစ္စည်းခွဲပြပုံ-**

(က) ပဒ-ဓာတ်၊ ယ-ပစ္စည်း၊ တဗ္ဗ-ပစ္စည်း။

(ခ) ဂမု-ဓာတ်၊ အနီယ-ပစ္စည်း။ (ဂ) ဇိ-ဓာတ်၊ ဏျ-ပစ္စည်း။

၅။ က, ခ, ယ, တ-သဒ္ဒါတို့၏ အဆုံးသြ-ကိုသာယူရမည်၊

**မာဂဓဘာသာ ပြောကြားသူများ-**

ကမ္ဘာဦးလူ၊ ဗြဟ္မာ၊ သူတစ်ပါးစကားပြောသံမကြားဘူးသေးသော ကလေး၊ မြတ်စွာဘုရား ဤလေးဦးဖြစ်သည်။

၆။ (ပုဒ်စစ်ရေးလေ)။

http://www.dhammadownload.com



## ၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ တချင်ပြည်နယ်
## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ
## ၁၃၆၇-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၁၅-၄-၂၀၀၆) စနေနေ့

၁။ စိတ်အကျယ် ၁၂၁-ပါးကို ဇာတိဘေဒအားဖြင့် ခွဲခြားပြ၍၊ ဝိတက်၏ ယှဉ်ရာစိတ်, မယှဉ်ရာစိတ်တို့ကိုလည်း စေတသိက်ပိုင်းလာသည့်အတိုင်း ခွဲခြားဖော်ပြခဲ့ပါ။

၂။ အကုသိုလ် ပဉ္စမမြောက်စိတ်နှင့် ဒသမမြောက်စိတ်တို့၌ ယှဉ်နိုင်သောစေတသိက်တို့ကို ရေတွက်ဖော်ပြ၍၊ ဟဒယဝတ္ထုရုပ်ကို ကေန်မှီသော စိတ်တို့ကိုလည်း ရေးသားပြခဲ့ပါ။

၃။ ဋ္ဌကာဝတာ စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ-ဟူသော စကားအရ ဘဝင်လှုပ်၍ ပထမဆုံး ဝီထိစိတ်ဖြစ်ပုံကို ပြသော ပါဠိ၊ နောက်ဆုံး ဝီထိစိတ်တို့ ဖြစ်ပုံကိုပြသော ပါဠိ၊ နောက်ဆုံး ဝီထိစိတ်တို့၏အင်္ဂါပြ ပါဠိတို့ကို အသီးအသီးရေးသားပြခဲ့ပါ။

၄။ ကာမတစ်ဆယ့်တစ်ဘုံတွင် အမြင့်ဆုံးဘုံသားတို့၏ သက်တမ်းပြ သင်္ဂဟပါဠိတို့ကို ကျနစွာ အနက်ပေးပြခဲ့ပါ။

၅။ မောဟမူစိတ်နှစ်ပါး ဥပေက္ခာသဟဂုတ်သာ ဖြစ်ရခြင်း အကြောင်းကို ဖြေဆိုပြီးလျှင်၊ ပဿသည် နာမ်တရားဖြစ်၍ အာရုံကို အဟုတ်တကယ် မတွေ့ထိကောင်းပါလျက် တွေ့ထိခြင်းလက္ခဏာရှိသည်တု အဘယ့်ကြောင့် ဆိုရပါသနည်း ဥပမာဆောင်၍ ရှင်းပြခဲ့ပါ။

၆။ အရှက် အကြောက်တရား နှစ်ပါးဟု ဆိုအပ်သော ဟိရီနှင့် ဩတ္တပ္ပ၏ အထူးကို ဋီကာဆရာအလိုကျ ဥပမာပြ ရေးသား၍၊ ပဋိသန္ဓေဘဝင် စုတိစိတ်တို့ ဒွါရဝိမုတ် ဖြစ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပြခဲ့ပါ။

http://www.dhammadownload.com



## ကချင်ပြည်နယ် (အဖြေ)

### ပထမပယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ အကုသိုလ်စိတ်- ၁၂၊ ကုသိုလ်စိတ်- ၃၇၊ ဝိပါက်စိတ်- ၅၂၊ ကြိယာစိတ်- ၂၀၊ ပေါင်း ၁၂၁-ပါး။

***ဆောင်- အကု ဆယ့်နှစ်၊ နှစ်တစ် ကုမှာ၊ သုံးဆယ့်ခြောက် ဝိ၊ ကြိ ဝီသာ၊ တျှင်းရှစ်ဆယ်ကိုး၊ တစ်မျိုးကျယ်မှာ၊ ဆယ့်ခြောက်ဝ၊ တိုးကြ တု,ဝိမှာ။*** (အဘိလက်ဆောင်)

**ဝိတက်ယှဉ်ရာစိတ်-**

ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး၊ ပထမဈာန် ၁၁-ပါး၊ ပေါင်း ၅၅-ပါး။

**ဝိတက်မယှဉ်ရာစိတ်-**

ဒွေပဉ္စဝိညာဏ် - ၁၀၊ ဒု ဈာန်- ၁၁၊ တ ဈာန်- ၁၁၊ စတု ဈာန်- ၁၁၊ ပဉ္စမ ဈာန်-၂၃၊ ပေါင်း ၆၆- ပါး။

***(ဆောင်)*** ပဉ္စဝိညာဏ်၊ ပယ်ကြဉ်ကာမ၊ ပထမဈာန်၊ ငါးဆယ့်ငါး၊ ငါးတန် ဝိတက်ယှဉ်။

၂။ **ယှဉ်သော စေတသိက်—**

ပဉ္စမ အကုသိုလ်စိတ်၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ လောဘ ဒိဋ္ဌိ ၂၊ ပေါင်း ၁၈-ပါး။

ဒသမအကုသိုလ်စိတ်၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ ဒေါစတုက် ၄၊ ထိန, မိဒ္ဓ ၂၊ ပေါင်း ၂၂-ပါး။

**ထဒယဝတ္ထု ကောန်မှီစိတ်များ—**

မနောဓာတ် ၃၊ ဒေါသမူ ၂၊ တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် ၁၊ ရူပ ၁၅၊ သောတာပတ္တိမဂ် ၁၊ ပေါင်း ၃၃-ပါး။

***ဆောင်- ပဉ္စသမ္ဗန္ဓေး၊ မနောတေးနှင့်၊ ဒေါ်ခွေး တဒါ၊ တသိတာတို့၊ ရူပသောမဂ်၊ သုံးသုံးတွက်၊ မှီလျက် ထဒယ၊ တေနျှ။*** (အဘိလက်ဆောင်)

http://www.dhammadownload.com



၃။ တတော ဒွိက္ခတ္တုံ ဘဝင်ေ စလိတေ ဘဝင်္ဂသောတံ ဝေါစ္ဆိန္ဒိတွာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။
ဇဝနာနုဗန္ဓာနိ စ ဒွေ တဒါရမ္မဏပါကာနိ ယထာရဟံ ပဝတ္တန္တိ၊
တထာ ကာမာဝစရဇဝနာဝသာနေ ကာမာဝစရသတ္တာနံ ကာမာဝစရဓမ္မေသွေဝ အာရမ္မဏဘူတေသု တဒါရမ္မဏံ ဣစ္ဆန္တိ။
ကာမေ ဇဝနသတ္တာလမ္ဗဏာနံ နိယမေ သတိ ဝိဘူတေ'တိမဟန္တေ စ တဒါရမ္မဏ မိရိတံ။

၄။ နဝသတဒွေကဝိသ- ဝဿာနံ- စသောဂါထာကို အနက်ရေးလေ။

၅။ လောဘ ဒေါသဟူသော အခြားမူလတို့မှ ကင်းသည့်အတွက်အလွန်တွေဝေသော ကြောင့်၎င်း၊ ထက်ဝန်းကျင် ရွေ့ရှားခြင်း၏အစွမ်းအားဖြင့်ဖြစ်သော ဝိစိကိစ္ဆာ ပျံ့လွင့် ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော ဥဒ္ဒစ္စတို့နှင့် ယှဉ်သည့်အတွက် အလွန်တုန်လှုပ်သော ကြောင့်၎င်း၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံ အားလုံးတို့၌လည်း တပ်မက်ခြင်း ပြစ်မှားခြင်း ကင်းသောကြောင့် မောဟမူစိတ် ၂-ပါးသည် ဥပေက္ခာသဟဂုတ်စိတ်သာ ဖြစ်ရသည်။

**တွေ့ထိခြင်းလက္ခဏာ-**

ချဉ်သီးကိုစားသူ စသည်တို့ကို မြင်ရသော အခြားသူမှာ သွားရေယိုသကဲ့သို့ ဖဿသည် နာမ်တရားဖြစ်သော်လည်း အာရုံ၌ တွေ့ထိသောအခြင်းအရာအားဖြင့် ဖြစ်သောကြောင့် တွေ့ထိခြင်းလက္ခဏာ ဖြစ်သည်ဟု ဆိုရသည်။

၆။ ရှာသူတို့၏ ဝက်သည် မစင်မှ မစက်ဆုတ်သကဲ့သို့ ကာယဒုစရိုက် စသည်မှ မစက်ဆုတ်ခြင်းသဘောသည် အဟိရိက၊
ဝိုးဖလံသည် မီးမှမကြောက်လန့်သကဲ့သို့ ကာယဒုစရိုက် စသည်မှ မကြောက်လန့်ခြင်း သဘောသည် အနောတ္တပ္ပ၊ ဤသို့ ထူးသည်။

**ဒွါရဝိမုတ်ဖြစ်ရကြောင်း--**

စက္ခုစသော ဒွါရတို့၌ မဖြစ်သောကြောင့်လည်းကောင်း မနောဒွါရဟုဆိုအပ်သော ဘဝင်ဖြစ်သောကြောင့်လည်းကောင်း ပဋိသန္ဓေယူအပ်ပြီးသော အာရုံမှတပါးသော

http://www.dhammadownload.com


အရုံကိုယူခြင်း၏ အစွမ်းဖြင့် မဖြစ်ခြင်းကြောင့်လည်းကောင်း ပဋိသန္ဓေဘဝင် စုတိစိတ်တို့ ဒွါရဝိမုတ်ဖြစ်ရသည်။

## ၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ကယားပြည်နယ်
## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ
## ၁၃၆၇–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၅–၄–၂၀၀၆) ဗုဒ္ဓဟူးနေ့

၁။ အောက်ပါတို့ကို မှန်ကန်စွာ ပါဠိသက်သက် ရေးခဲ့ပါ။

(က) ပစ္စဝေက္ခဏာဇော စောပုံပြ သင်္ဂဟာပါဌ်၊

(ခ) သက်တမ်း သတ်မှတ်၍ မရနိုင်သော ပုဂ္ဂိုလ်များကို ပြဆိုသောသင်္ဂဟာပါဌ်။

၂။ သစ္စာလေးပါး တရားကိုယ်ပြ ဂါထာကို အနက်ရေးပြပါ။

၃။ အဟိတ်စိတ်တွင် နှစ်နာမည် ခေါ်တွင်လေ့ရှိသော စိတ်တစ်လုံးကို ဖော်ပြ၍ ၎င်း၏ပြုစွမ်းနိုင်သမျှသော အာရုံကိုလည်း ညွှန်ပြဖြေဆိုကာ၊ ကာရဏ ပရိယာယနိဗ္ဗာန်ဟု အာကာရဘေဒ နိဗ္ဗာန်တို့ကိုလည်း ညွှန်ပြပါ။

၄။ စတ္တာရော ပန မဂ္ဂဋ္ဌါ ကေစိတ္တက္ခဏိကာ ဆိုလိုက်သဖြင့် ကာမစိတ် မဟာဂ္ဂုတ်စိတ်တို့နှင့် မတူ လောကုတ္တရာစိတ်၏ ခြားနားဟန်ကိုဖော်ပြ၍၊ သုဒ္ဓါဝါသဘုံ၌ အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့ဖြစ်နိုင်သည် မဟုတ်ပါလော? အဘယ်ကြောင့် "အနာဂါမိနော ပန သုဒ္ဓါဝါသေသု" ဟုဆိုရပါသနည်း? ရှင်းပြပါ။

၅။ ကာယဝိညာဏ်ဒွေးသည် ဥပေက္ခာသဟဂုတ်မဖြစ်ဘဲ အဘယ်ကြောင့် ဒုက္ခ, သုခသဟဂုတ်ဖြစ်ရပါသနည်း? ဖြေဆို၍၊ လောဘနှင့်ဆန္ဒတို့၏ အထူးကိုလည်း ဋီကာလာသည့်အတိုင်း ဖြေဆိုပါ။

http://www.dhammadownload.com



၆။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၏ ယုံ့ရာစေတသိက်ကို ပြဆိုရာ၌ အဓိမောက္ခ ဝိရဟိတာ-ဟုပြဆိုရခြင်း အကြောင်းကို ဋီကာအလိုကျ ရေးပြ၍ နိဗ္ဗာန်နှင့် ပညတ်တရားတို့သည် အဘယ်ကြောင့် ကာလဝိမုတ် မည်သည်ကိုလည်း ဖြေဆိုပါ။

## ကယားပြည်နယ် (အဖြေ)

**ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ**

၁။ (က) ဘဂဝတော ပန ယမက ပါဠိဟာရိယ-စသော ပါဠိကိုရေးလေ။

(ခ) တေသု စတုန္နံ အပါယာနံ -စသော ပါဠိကို ရေးလေ။

၂။ ဒုက္ခံ တေဘူမကံ ဝဋ္ဋံ- စသော ပါဠိကို အနက်ရေးလေ။

၃။ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်သည်။ ၎င်းစိတ်သည် အလုံးစုံကိုအာရုံပြုသည်။

**တာရဏပရိယာယ နိဗ္ဗာန်-** ၁။ သဥပါဒိသေသနိဗ္ဗာန်၊ ၂။ အနုပါဒိသေသနိဗ္ဗာန်။

**အာကာရဘေဒနိဗ္ဗာန်-**

၁။ သုညတနိဗ္ဗာန်၊ ၂။ အနိမိတ္တနိဗ္ဗာန်၊ ၃။ အပ္ပဏိဟိတနိဗ္ဗာန်။

၄။ မဂ်စိတ်တစ်ကြိမ်ဖြစ်သောကြောင့် လောကုတ္တရာစိတ်၌ ကြိယာ မရှိပါ။ ကုသိုလ်နှင့် ဝိပါက် နှစ်မျိုးသာရှိသည်၊ ကာမစိတ် မဟဂ္ဂုတ်စိတ်များကား ကုသိုလ် ဝိပါက်ကြိယာ သုံးမျိုးစီ ရှိသည်။

**အနာဂါမိနော ပန သုဒ္ဓါဝါသေသု--**

သုဒ္ဓါဝါသဘုံ၌ ပုဂ္ဂိုလ်သုံးယောက်ရှိနိုင်သော်လည်း ပဋိသန္ဓေနေနိုင်သူမှာ အနာဂါမ်သာ ဖြစ်သောကြောင့် အနာဂါမိနော ပန သုဒ္ဓါဝါသေသု- ဟု ဆိုရပါသည်။

၅။ ဝတ္ထုအာရုံတို့အချင်းချင်း ထိခိုက်ခြင်းအားရှိသောကြောင့် ကာယဝိညာဉ်ဒွေသည် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ်၊ ဣဋ္ဌာရုံ၌ သုခသဟဂုတ် ဖြစ်ပါသည်။

http://www.dhammadownload.com



**လောဘနှင့် ဆန္ဒ အထူး–**

လောဘသည် အာရုံ၌ ငြိကပ်သောအားဖြင့် လိုချင်တပ်မက်ခြင်း သဘောရှိသည်၊ ဆန္ဒသည် အာရုံ၌ ငြိကပ်မှုမရှိဘဲ ပြုလိုကာမတ္တသဘောရှိသည် ဟု၍သို့ထူးပါသည်။

၆။ အဓိမောက္ခစေတသိက်သည် ဆုံးဖြတ်သောအခြင်းအရာအားဖြင့် ဖြစ်တတ်သည့်အတွက် နှလုံးနှစ်ခွရှိသော ဝိစိကိစ္ဆာစိတ် မဖြစ်သင့်သောကြောင့် အဓိမောက္ခဝိရဟိတာ–ဟု ဆိုရပါသည်။

**ကာလဝိမုတ်ဖြစ်ရကြောင်း–**

ပျက်စီးခြင်းသဘော မရှိသည့်အတွက် အတိတ်စသော ကာလ၏ အစွမ်းအားဖြင့် မဆိုအပ်သောကြောင့် နိဗ္ဗာန် ပညတ်သည် ကာလဝိမုတ် ဖြစ်ရပါသည်။

**၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ကရင်ပြည်နယ်**

**ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ**

**၁၃၆၇–ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၅–၄–၂၀၀၆)ဗုဒ္ဓဟူးနေ့**

၁။ "နိဗ္ဗာန်မင်္ဂလိ ရက်တိုတို အမြန်ရလို၍" ဟု သူတော်စင်များဆုတောင်းကြသည့် နိဗ္ဗာန်တရားကိုပြဆိုသော သင်္ဂဟပါဠိများကို စုံလင်စွာရေးသားပါ။

၂။ ခန္ဓာ (၅) ပါး တရားကိုယ်ပြ သင်္ဂဟဂါထာကို ကျနစွာအနက်ပေးခဲ့ပါ။

၃။ ထိန, မိဒ္ဓ စေတသိက်နှင့် ယှဉ်တွဲနိုင်သောစိတ်များကို ဖော်ပြ၍ စိတ်တံခါးပေါက်မှ ဝင်ရောက်နိုင်သော (မနောဒွါရ၌ဖြစ်သော) တရားများကိုလည်း ကောက်ပြပါ။

၄။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄– ယောက်တို့၌ ရထိုက်သော ဝီထိစိတ်သရုပ်များကို သင်္ဂဟအထောက်ပြ ပြဆို၍ "မြင်းအသက် ၇– နှစ်၊ ဆင်အသက် (၇၀)" ဟူသောစကားမှန်ကန်မှု ရှိ/မရှိကိုလည်း သာဓကပြ ဖြေဆိုပါ။

http://www.dhammadownload.com



၅။ ဝမ်းမြောက်မှု (သောမနဿ) ဖြစ်ရန် လိုအပ်သောအကြောင်းတရားများကို ဋီကာကျော် လာသည့်အတိုင်း ထုတ်ပြ၍ လောဘနှင့် ဆန္ဒထူးခြားချက်ကိုလည်း ရေးခဲ့ပါ။

၆။ ဂန္ထနှင့် ရသတို့၏ အဓိပ္ပါယ်ကို ဖော်ပြ၍ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ–၌ သဗ္ဗာရမ္မဏာ– ကို အာရုံပြုနိုင်ရာ အခါကိုလည်း ဋီကာကျော်လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

## တရင်ဖြည်နယ် (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ– စသော ပါဠိနှင့် ပဒမစ္စုတမစ္စန္တံ– စသော ပါဠိတို့ကို ရေးလေ။

(တစ်နည်း) နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ –စသော ၄–ပုဒ်လုံးကိုလည်း ရေးနိုင်သည်။

၂။ ရူပဉ္စ ဝေဒနာသညာ –စသော ဂါထာကို အနက်ရေးလေ။

၃။ အကုသိုလ်သသင်္ခါရိကစိတ်များ ဖြစ်ပါသည်။

**မနောဒွါရ၌ ဖြစ်သောစိတ်—**

မနောဒွါရဝဇ္ဇန်း ၁၊ ဇော ၅၅၊ တဒါရုံ ၁၁၊ ပေါင်း ၆၇–ပါး။

၄။ **စိတ်သရုပ်များ –** မဂ်စိတ် ၄–ခု ဖြစ်သည်။

**သင်္ဂဟအထောက်–** စတ္တာရော ပန မဂ္ဂပ္ပါဒ ကေစိတ္တုက္ခဏိကာ။

လောကုတ္တရာဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တိ။

**မြင်း, ဆင်အသက်—**

မြင်းအသက် ၇–နှစ်၊ ဆင်အသက် နှစ် ၇၀–ဟူသော စကားသည်မှန်ကန်မှု မရှိပါ။

• သာဓက–တေသု စတုန္နံ အပါယာနံ မနုဿာနံ ဝိနိပါတိကအသုရာနဉ္စ အာယုပ္ပ

http://www.dhammadownload.com



၅။ **သောမနဿ ဖြစ်ကြောင်း–**

**၁။** သဘာဝအားဖြင့်လည်းကောင်း၊ ပရိကပ္ပအားဖြင့်လည်းကောင်း၊ ဣဋ္ဌာရုံနှင့်တွေ့ကြုံခြင်း၊

**၂။** သောမနဿပဋိသန္ဓေ နေခဲ့ခြင်း၊ **၃။** နက်နဲသောသဘောမရှိခြင်း၊

**မှတ်ချက်။** ။(ကုသိုလ်အရာ အကုသိုလ်အရာ ခွဲခြားမမေး၍ အကုသိုလ်အရာကို ရည်ရွယ်၍ ဖြေသည်)။

**လောဘနှင့် ဆန္ဒ အထူး–** (ကယားပြည်နယ် နံပါတ် ၅–တွင်ရှု)

၆။ ဤအရပ်၌ ဤဝတ္ထု ရှိ၏ဟု ကုန်းတိုက်သကဲ့သို့ မိမိ၏ တည်ရာဝတ္ထုကို ထင်ရှားပြတတ်သောကြောင့် ဂန္ဓမည်သည်။

သတ္တဝါတို့ သာယာအပ်သောကြောင့် အရသာသည် ရသမည်၏။

**သဗ္ဗာရမ္မဏကို အာရုံပြုနိုင်ရာအခါ–**

ကြိယာဇောတို့သည် သဗ္ဗညုတဉာဏ်စသည်တို့၏ အစွမ်းဖြင့် ဖြစ်သောအခါ၊ ဝုဋ္ဌောသည် ထိုထိုသဗ္ဗညုတဉာဏ်စသည်တို့၏ ရှေ့သွားအစွမ်းဖြင့် ဖြစ်သောအခါ သဗ္ဗာရမ္မဏကို အာရုံပြုနိုင်သည်။

## ၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ချင်းပြည်နယ်

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

**၁၃၆၇–ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်၊ (၁၅–၄–၂၀၀၆)ဗုဒ္ဓဟူးနေ့**

၁။ တဒါရုံကျရာ အင်္ဂါရပ်ပြ သင်္ဂဟစုဏ္ဏိယပါဠိကို ပါဠိမှန်ကန်စွာ ရေးသားပြပါ။

၂။ သေခြင်းအကြောင်းတရား လေးပါးပြ သင်္ဂဟစုဏ္ဏိယပါဠိကို အနက်မှန်မှန် သမ္ဗန်ပြပါ။

၃။ ကာမစိတ် စေတသိက်ဉာဏ (၅၄) ပါးကို ဝေဒနာဘေဒ (၅) မျိုးနည်းအားဖြင့် ကျကျနန ခွဲဝေပြ၍၊ မြတ်နိဗ္ဗာန် ကောင်း ရုံပြုသော စိတ်တို့ကိုလည်း သင်္ဂဟ ထောက်ပြ၍ ဖြေဆိုပြပါ။

http://www.dhammadownload.com


၄။ ရုပ်တရားအားလုံးတို့၏ ရနိုင်သော အမည် (၈) မျိုးကိုလည်း အစဉ်မပျက် ရေတွက်ဖော်ပြ၍ နိဗ္ဗာန်ကို ခန္ဓာ–ဟု ခေါ်နိုင်/မခေါ်နိုင်ကိုလည်း သင်္ဂဟသာဓက အထောက်အထားပြ၍ မှန်ကန်စွာ ဆုံးဖြတ်ပေးပါ။

၅။ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းဆရာ အရှင်အနုရုဒ္ဓါ မဟာထေရ်မြတ်သည် "ဘုရားရှင်အား သမ္မဒ္ဒါ သုံးပါးဖြင့် ရှိခိုးမွမ်းတော်မူထား၏" ဟုဆိုရာ၌ ယင်း သမ္မဒ္ဒါ သုံးပါး အမည်များကို ဋီကာကျော်ကျမ်းနှင့်အညီ ရေးသားဖြေဆိုပြ၍၊ ပရမတ္ထ–၏ အဓိပ္ပါယ်ကိုလည်း ဋီကာကျော် အဖွင့်နှင့် အညီ ဖြေဆိုပြပါ။

၆။ ပဌမဈာန်၏ ဈာန်အင်္ဂါ (၅) မျိုးတို့တွင် တစ်ပါး အပါအဝင်ဖြစ်သော ဝိစာရ–၏ သဘောအဓိပ္ပါယ်ကို ဋီကာလာအတိုင်း ဖြေဆိုပြ၍၊ ယင်း ဝိစာရ–၏ လက္ခဏာကိုလည်း ဋီကာကျော်နှင့် အညီ ဖြေဆိုပြပါ။

## ချွင်းပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တံထာ ကာမာဝစရဇဝနာဝသာနေ–စသော ပါဠိကို ရေးလေ။

၂။ အာယုက္ခယေန –စသော ပါဠိကို အနက်ရေးလေ။

၃။ **ကာမစိတ်သည်** ဝေဒနာဘေဒအားဖြင့်––

သုခ–၁၊ ဒုက္ခ–၁၊ သောမနဿ–၁၈၊ ဒေါမနဿ–၂၊ ဥပေက္ခာ–၃၂၊ ပေါင်း၅၄–ပါး။

***ဆောင်– သုတစ်,ဒုတစ်၊ သောဆယ့်ရှစ်၊ ဒေါနှစ် ဥပေတ်၊ သုံးဆယ့်နှစ်။***

**(အဘိလက်ဆောင်)**

**နိဗ္ဗာန် ဘေန်–** လောကုတ္တရာစိတ် ၈–ခု ဖြစ်သည်။

**သာဓက––** လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိတိ။

http://www.dhammadownload.com


၄။ အမည် ၈–မျိုး–

၁။ သဟေတုက၊ ၂။ သပ္ပစ္စယ၊ ၃။ သာသဝ၊ ၄။ သခ်တ၊

၅။ လောကိယ၊ ၆။ ကာမာဝစရ၊ ၇။ အနာရမ္မဏ၊ ၈။ အပ္ပဟာတဗ္ဗ။

**နိဗ္ဗာန်ကို ခန္ဓာဟု မခေါ်နိုင်ပါ။**

**သာဓက**——ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ။

၅။ **သမ္ပဒါ ၃–ပါး**

၁။ ဟေတုသမ္ပဒါ၊ ၂။ ဖလသမ္ပဒါ ၃။ သတ္တူပကာရသမ္ပဒါ–အားဖြင့် ၃–ပါး။

**ပရမတ္ထအဓိပ္ပါယ်–**

မဖောက်မပြန် မှန်ကန်တည့်မတ်မြတ်သောကြောင့် ပရမတ္ထ မည်ပါသည်။

**(တစ်နည်း)** မြတ်သောသဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သောကြောင့် ပရမတ္ထမည်ပါသည်။

၆။ **ဝိစာရအဓိပ္ပါယ်–**

အာရုံ၌ စိတ်သည် ထိုဝိစာရဖြင့် ဆင်ခြင်သုံးသပ်တတ်၊ ထိုမှဤမှ သွားလာကျက်စား တတ်သောကြောင့် ဝိစာရမည်ပါသည်။

ဝိစာရသည် အာရုံကိုသုံးသပ်ဆင်ခြင်ခြင်း လက္ခဏာ ရှိ၏။

## ၅။ ပထမပြန်စာမေးပွဲကျင်းပရေးဖတိုအဖွဲ့ချုပ် စစ်ကိုင်းတိုင်း

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

**၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅) ရက်၊ (၂၈–၃–၂၀၀၆) အင်္ဂါနေ့**

၁။ ကာမဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော ပုဂ္ဂိုလ်တို့တွင် အသက်အပိုင်းအခြား မမြဲကြကုန်သော ပုဂ္ဂိုလ်တို့ကို ပြဆိုသည့် သင်္ဂဟပါဠိရပ်များကို ပြည့်စုံစွာ ရေးသား ဖော်ပြပါ။

၂။ ဇော (၇) ကြိမ် စောသည်ဟု ပြောဆိုနေကြရာ (၇) ကြိမ်စောသော ဇောများကိုပြဆိုသည့် သင်္ဂဟစုဏ္ဏိယစကားရပ်များကိုသာ မှန်ကန်စွာ အနက်ပေးပြပါ။

http://www.dhammadownload.com



၃။ တိဗ္ဗိကြည့်ရှုခံစားနေသော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ပေါ်နေသော (မြင်သော) စိတ်ကို ကောက်ပြ၍၊
(က) ၎င်းစိတ်နှင့် ယှဉ်ဘက်သမ္ပယုတ်စေတသိက်၊
(ခ) ၎င်းစိတ်ကို ဝေဒနာ, ကိစ္စ, ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

၄။ ပဿာဒရုပ် (၅)ပါးသည် အဘယ့်ကြောင့် ဇီဝရုပ်ဣဟိကရုပ် မည်ပါသနည်း? သင်ဟာကျမ်း လာအတိုင်းခွဲခြားဖြေဆို၍၊ အဘယ်၏အစွမ်းအားဖြင့် ဗိဝိတိန္ဓေသည် အဘယ်မှုပြား သည်ကိုလည်း ရေးသားခဲ့ပါ။

၅။ လောဘမူစိတ် (၈)ပါး၊ ဒေါသမူစိတ် (၂)ပါး၊ မောဟမူစိတ် (၂)ပါး ပြားရခြင်းအကြောင်းကို အသီးသီးပြဆို၍၊ အကုသိုလ်စိတ်၏ အခြားမဲ့၌ အဘယ့်ကြောင့် အဟိတ်စိတ်ကို ပြဆိုပါသနည်း? ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။

၆။ အဟိရိကနှင့် အနောတ္တပ္ပတို့၏ ထူးခြားဟန်ကို ဥပမာနှင့်တကွ ထင်ရှားအောင် ဖြေဆို၍၊ မောစတုက် (၄)ပါးကို အဘယ့်ကြောင့် အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ပါသ နည်း ? ဋီကာအလိုကျ ဖြေပါ။

## စစ်ကိုင်းတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တေသု စမတုန္တံ အပါယာနံ – စသော ပါဠိရေးလေ။

၂။ ဇဝနေသု စ ပရိတ္တဇဝနဝီထိယံ – စသော ပါဠိကို အနက်ရေးလေ။

၃။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်၊
ကုသလဝိပါက် သောတဝိညာဉ်စိတ်၊
(က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ခု၊
(ခ) ဥပေက္ခာဝေဒနာ၊ ဒဿနကိစ္စ၊ စက္ခုဒွါရ ၁–ဒွါရ၊ ပစ္စုပ္ပန်ရူပါရုံ။

http://www.dhammadownload.com



၄။ စက္ခုသောတ ၂-ပါးသည် မရောက်သည်၏ အစွမ်းအားဖြင့် အာရုံကို ယူတတ်သောကြောင့်လည်းကောင်း၊ ဃာန ဇိဝှါ ကာယ ၃-ပါးသည် ရောက်သည်၏အစွမ်းအားဖြင့် အာရုံကို ယူတတ်သောကြောင့်လည်းကောင်း ဂေါစရဂ္ဂါဟိကရုပ် မည်ပါသည်။

**ဇီဝိတိန္ဒြေအပြား—**

ရုပ်ဇီဝိတ, နာမဇီဝိတ-တို့၏ အစွမ်းအားဖြင့် ဇီဝိတိန္ဒြေသည် ၂-ပါးပြားသည်။

၅။ လောဘမူစိတ်သည် ဝေဒနာ, သမ္ပယောဂ, သင်္ခါရအပြားတို့ကြောင့် ၈-ပါးပြားသည်။
ဒေါသမူစိတ်သည် သင်္ခါရအပြားကြောင့် ၂-ပါးပြားသည်။
မောဟမူစိတ်သည် သမ္ပယောဂအပြားကြောင့် ၂-ပါးပြားသည်။

**အကုသိုလ်နောင် အဟိတ်စိတ်—**

ပါပါဟေတုကမုတ္တာနိ-ဟူသော စကားနှင့်လျော်ညီစွာ အသောဘနချင်းတူသောကြောင့် အကုသိုလ်နောင် အဟိတ်စိတ်ကို ပြသည်။

၆။ (အတိရိက ,အနောတ္တပ္ပအထူး- ကချင်ပြည်နယ် နံပါတ် ၆-တွင် ရှု)။

**မောစတုက် (၄)ပါး အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ကြောင်း—**

သူ့အသက်သတ်ခြင်းစသည်ကို ပြုသောသူသည် မောဟဖြင့် အပြစ်ကို မမြင်သောကြောင့်လည်းကောင်း အဟိရိကဖြင့် မစက်ဆုတ်သောကြောင့်လည်းကောင်း အနောတ္တပ္ပဖြင့် မကြောက်လန့်သောကြောင့်လည်းကောင်း ဥဒ္ဓစ္စဖြင့် မငြိမ်မသက် ပျံ့လွင့်သောကြောင့်လည်းကောင်း ထိုသူ့အသက်သတ်ခြင်းစသည်ကို ပြု၏။
ထို့ကြောင့် မောစတုက် ၄-ပါးသည် အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ပါသည်။

**၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ တနင်္သာရီတိုင်း**

**ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ**

**၁၃၆၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၅-၄-၂၀၀၆)ဗုဒ္ဓဟူးနေ့**

၁။ ရုပ်လေးပါးတို့၏ နောက်ဆုံးချုပ်ပုံပြ သင်္ဂဟစကားရပ်တို့ကို ဖြည့်သက်သက်ရေးပြပါ။

၂။ ဝိထိမုတ်ပိုင်းလာ သံသရာစက်ပြတ်ပုံပြ သင်္ဂဟဂါထာကို မှန်ကန်စွာ အနက်ပေးပြခဲ့ပါ။

http://www.dhammadownload.com



၃။ ဝိရိယသာယှဉ်၍ ဆန္ဒမယှဉ်သော စိတ်အစုတို့ကို ရွေးထုတ်၍၊ ယင်းစိတ်တို့၌- (က) ယှဉ်သောစေတသိက်၊ (ခ) ဝင်ရာအုပ်စု၊ (ဂ) ပြုရာအာရုံ-တို့ကိုလည်း အသီးသီး ဖော်ပြခဲ့ပါ။

၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ တိဟိတ်ကာမဇော(၄) ခုနောင် နှောင်းနိုင်သော အပ္ပနာဇောများကို ရေတွက်ပြ၍၊ ပုထုဇဉ်များသာရသော ဘုံတို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ ဘုရားမြတ်စွာ၏ ရွှေကိုယ်တော်သည် လောကီ/ လောကုတ္တရာ နှစ်မျိုးတို့တွင် မည်သည့် အရာဖြစ်နိုင်သည်ကို ပါဠိသာဓက အထောက်ပြ ဖြေဆို၍၊ ပဋိသန္ဓေအခါ မရနိုင်သောရုပ် တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၆။ ရှာန်အင်္ဂါတို့တွင် ပါဝင်သည့် **'ဝိတက်'** ၏ သဘောလက္ခဏာကို ဥပမာနှင့်တကွ ရေး သားဖြေဆို၍၊ သညာ, ဝိညာဏ်, ပညာ-သုံးပါးတို့၏ သိပုံအထူးကိုလည်း ရေးသားခဲ့ပါ။

## တနင်္သာရီတိုင်း (အဖြေ)

## ပထမငယ်တန်း ။　　။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ မရဏကာလေ ပန -စသောပါဠိကို ရေးလေ။

၂။ ပဋိသန္ဓိယ ပနေတမဇ္ဈိမံ-စသော ပါဠိကို အနက်ရေးလေ။

၃။　　**ဝိရိယသာယှဉ် ဆန္ဒမယှဉ်သောစိတ်-**

မောဟမူဒွေး ၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ် အားဖြင့် ၄-ပါး။

(က) **ဝိစိကိစ္ဆာသဟဂုတ်စိတ်၌**

ဆန္ဒ ပီတိ အဓိမောက္ခကြဉ် အညသမာန်းစေတသိက်　၁၀-ပါး၊

မောစတုက် ၄-ပါး၊ ဝိစိကိစ္ဆာ ၁-ပါး၊ ပေါင်း ၁၅-ပါး

http://www.dhammadownload.com



**ဥဒ္ဓစ္စသဟဂုတ်စိတ်၌-**

ဆန္ဒ ပီတိ ကြဉ် အညသမာန်းစေတသိက် ၁၁-ပါး၊ မောစတုက် ၄-ပါး၊ ပေါင်း ၁၅-ပါး

**မနောဒွါရာဝဇ္ဇန်းစိတ်၌-** ဆန္ဒ, ပီတိ ကြဉ်အညသမာန်း စေ ၁၁-ပါး၊

**ဟသိတုပ္ပါဒ်စိတ်၌ -** ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၂-ပါး။

(ခ) ၆-ဒွါရ။

(ဂ) မောဟမူဒွေးသည် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊
မနောဒွါရာဝဇ္ဇန်းသည် အလုံးစုံအာရုံ၊
ဟသိတုပ္ပါဒ်သည် အလုံးစုံသောကာမအာရုံ။

၄။ မဟဂ္ဂုတ်ကြိယာဇော ၉၊ အရဟတ္တဖိုလ်ဇော ၅၊ ပေါင်း ၁၄-ပါး။
ဘုံ- အသညသတ်ဘုံ၊ အပါယ်ဘုံ။

၅။ သဗ္ဗည္ စနေတံ ရူပံ (ပ) လောကိယံ -ကို ထောက်၍ မြတ်စွာဘုရား၏ ရွှေကိုယ်တော်သည် လောကီဖြစ်ပါသည်။

**ပဋိသန္ဓေအခါမရသောရုပ်-** သဒ္ဒ၊ ဝိကာရရုပ် ၅ပါး၊ ဇရတာ၊ အနိစ္စတာ။

၆။ တောနေရွာသားသည် မင်းကျွမ်းဝင်သော ဆွေမျိုးမိတ်ဆွေကို မှီ၍ မင်းနန်းတော်သို့ ဝင်ရောက်နိုင်သကဲ့သို့ ထို့အတူ ဝိတက်ကို မှီ၍ စိတ်သည် အာရုံသို့ တက်ရောက်ရသောကြောင့် ဝိတက်သည် တကွဖြစ်ဖက်တရားတို့ကို အာရုံသို့ရှေးရှုတင်ပေးခြင်းသဘော လက္ခဏာရှိသည်။

**သိပုံအထူး**

သူငယ်သည် အသပြာကို အညို အရွှေ စသော အရောင်ကိုသိသကဲ့သို့ သညာသည် အညို အရွှေစသည်တို့၏ အစွမ်းအားဖြင့် အမှတ်ပြု၍ သိခြင်းမျှကိုသာ သိနိုင်၏၊ အနိစ္စစသော လက္ခဏာကို ထိုးထွင်း၍ သိခြင်းငှာ မစွမ်းနိုင်၊

ရွာသားသည် အညို အရွှေ စသည်တို့ကိုလည်း သိ၏၊ အသပြာဟူ၍လည်းသိ၏၊

http://www.dhammadownload.com


တန်ဖိုး ကိုကား မသိသကဲ့သို့ ဝိညာဉ်သည် အနိစ္စ စသောလက္ခဏာကို ထိုးထွင်း၍ သိနိုင်၏၊ ဝိပဿနာတင်၍ မဂ်သို့ ရောက်စေခြင်းငှာ မစွမ်းနိုင်။

ရွှေပန်းထိမ်သည်သည် အရောင်အဆင်း ရွှေအဖြစ် တန်ဖိုး ၃-မျိုးလုံးကို သိသကဲ့သို့ ပညာသည် အသိုရောင်စသည်ကို အမှတ်ပြု၍ သိခြင်း၊ လက္ခဏာကို ထိုးထွင်း၍ သိခြင်း၊ ဝိပဿနာတင်၍ မဂ်သို့ရောက်စေခြင်း ၃-မျိုးလုံးကို သိနိုင်၏ ဤသို့ထူး ပါသည်။

## ၇။ ပထမပြန်စာပေးပွဲကျင်းပရေးဗဟိုအဖွဲ့ချုပ် ဝဲခူးတိုင်း- (အနောက်ပိုင်း)
## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
## ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၂၈-၃-၂၀၀၆)အင်္ဂါနေ့

၁။ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ နိဗ္ဗာနတာဟု မိန့်ဆိုအပ်ပုံပြ သင်္ဂဟစုဏ္ဏိယပါဠ်ကို ပါဠိမှန်ကန်စွာ ရေးပြပါ။

၂။ နိဗ္ဗာန်သို့လား ခရီးသွားများ လိုက်နာပြုကျင့်ရမည့် ဗောဓိပက္ခိယ တရားကိုယ်များ၏ ဖြစ်ရာဌာနတို့ကို ဝေဖန်ပုံပြ သင်္ဂဟဂါထာကို အနက်ပေးပြပါ။

၃။ အဌသဋ္ဌိ တထာ ဒွေ စ-၌ အဌသဋ္ဌိ-အရကို သရုပ်ကောက်ပြ၍ ၎င်းတို့ကို ဝေဒနာဘေဒ၊ ကာရဏာဘေဒတို့ဖြင့် ဝေဖန်ပြီး၊ အသေက္ခာနံ စတုစတ္တာလီသ-၌ စတုစတ္တာလီသ-အရတို့ကိုလည်း တိကျစွာ ကောက်ပြပါ။

၄။ မြတ်စွာဘုရား ရေမီးအစုံ တန်ခိုးပြာဋိဟာတို့ကို ပြရာအခါဝယ် (က) ဖြစ်သောဇောအမည်၊ (ခ) အကြိမ်အရေအတွက်၊ (ဂ) သင်္ဂဟပါဠိအထောက်အထားတို့ကို ဖော်ပြ၍ ပဋိသန္ဓေ အခါ မရနိုင်သော ရုပ်တို့ကိုလည်း သတ္တဝါအားလျော်စွာ ကောက်ပြခဲ့ပါ။

၅။ အဟိတ်စိတ်ချင်းတူပါလျက် အကုသလဝိပါက်-၌ သင်္ဂြိုဟ်ရာ (၁) ပါးကိုသာ ဆိုထားပြီး ကုသလဝိပါက်-၌ အဘယ့်ကြောင့် သင်္ဂြိုဟ်ရာ (၂)-ပါး ဆိုပါသနည်း? ဋီကာရှင်အလိုကျ ရှင်းပြ၍ သမ္ပယောဂနည်းနှင့် သင်္ဂဟနည်းတို့၏ ထူးခြားဟန်ကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



၆။ "အပ္ပမညာဝိရတိယော ပနေတ္ထ ပဥ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ" ၌ "ပစ္စေကမေဝ" သဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ဋီကာအာဘော်ကျ ဖော်ပြ၍ နိဗ္ဗာန်, ပညတ်တို့၏ ကာလဝိမုတ် မည်ပုံကိုလည်း ဋီကာအလိုအတိုင်း ဖြေဆိုခဲ့ပါ။

ပဲခူးတိုင်း (အနောက်ပိုင်း) (အဖြေ)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ နိဗ္ဗာနံ ဟိ လောကုတ္တရသင်္ခါတံ – စသောပါဠိကို ရေးလော။

၂။ သက်ပ္ပပသဒ္ဓိ စ ပီတုပေက္ခာ (ပ) ဓမ္မာနမေသော ပဝရော ဝိဘာဂေါ–ပါဠိကို အနက်ရေးလော။

၃။ အဘိဓမ္မ—
ဇော ၅၅၊ မနောဓာတ် ၃၊ ဒွေပဉ္စဝိညာဉ် ၁၀၊ ပေါင်း ၆၈–ပါး
၎င်းတို့သည် ဝေဒနာဘေဒအားဖြင့် —
သုခ ၁–ပါး၊ ဒုက္ခ ၁–ပါး၊ သောမနဿ ၂၅–ပါး၊ ဒေါမနဿ ၂–ပါး၊ ဥပေက္ခာ ၃၉–ပါး။

**မှတ်ချက်။** ။*လောကုတ္တရာကို သောမနဿ ၄–ခု၊ ဥပေက္ခာ ၄–ခု ခွဲယူသည်။*
၎င်းတို့သည် ကာရဏာဘေဒအားဖြင့်—
အဟိတ်စိတ် ၁၄၊ ဧကဟိတ် ၂၊ ဒွိဟိတ် ၁၈၊ တိဟိတ် ၃၄၊ ပေါင်း ၆၈–ပါး။

**မှတ်ချက်။** ။*ကာရဏာ အရ ဟေတုကိုယူ၍ ဖြေခြင်းဖြစ်သည်။*

(တစ်နည်း) ကုသိုလ်အကြောင်း ၂၁၊ အကုသိုလ်အကြောင်း ၁၂၊
ကုသိုလ်အကျိုး ၁၀၊ အကုသိုလ်အကျိုး ၆၊
ကြောင်းကျိုးလွတ်ကြိယာ ၁၉၊ ပေါင်း ၆၈–ပါး။

စတုစတ္တာလီသ—
အဟိတ် ၁၈၊ မဟာဝိပါက် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကြိယာ ၉၊
အရဟတ္တဖိုလ် ၁၊ ပေါင်း ၄၄–ပါး။

http://www.dhammadownload.com



၄။ (က) ပစ္စဝေက္ခဏာဇော၊ (ခ) ၄–ကြိမ်၊ ၅–ကြိမ်၊

(ဂ) ဘဂဝတော ပန ယမကပါဋိဟာရိယကာလာဒီသု–စသော ပါဠိကို ရေးလေ

**ပစ္စဝေါတာရဘုံ၌** –သဒ္ဓ, ဝိကာရ, ဇရတာ, အနိစ္စတာ ၈–ခု၊

**အသညသတ်ဘုံ၌** —လဟုတာဒိတ္တယ, ဇရတာ, အနိစ္စတာ ၅–ခု။

၅။ တ္တမ္မာရုံ၌ သောမနဿဝေဒနာ, တ္တမ္မမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာ ဖြစ်၍ တ္တမ္မာရုံ တ္တမ္မမဇ္ဈတ္တာရုံတို့၏အစွမ်းဖြင့် သောမနဿ ဥပေက္ခာဝေဒနာ ၂–ပါးပြားသင့်သော ကြောင့် ၂–ပါးဆိုရပါသည်။

စေတသိက်တို့ စိတ်၌ ယှဉ်ပုံကို ပြသောနည်းသည် သမ္ပယောဂနည်း။

စိတ်၌ရသော စေတသိက်တို့ကို စုပေါင်းရေတွက်သောနည်းသည် သင်္ဂဟနည်း ဤသို့ ထူးပါသည်။

၆။ အပ္ပမညာတို့သည် သတ္တပညတ်ကို အာရုံပြုသောကြောင့်လည်းကောင်း၊ ဝိရတီတို့သည် ဝီတိက္ကမဝတ္ထုကို အာရုံပြုသောကြောင့်လည်းကောင်း စိတ်တစ်ခုတည်း၌ အပ္ပ မညာဝိရတီတို့ အတူတကွ မဖြစ်သင့်။ ထို့ကြောင့် အသီးသီးသာ ဖြစ်သည်။

**ကာလဝိမုတ်မည်ကြောင်း**–––(ကယားပြည်နယ် ၆–တွင် ရှု)။

**၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ချုပ် ပဲခူးတိုင်း (အနောက်ပိုင်း)**

**ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ**

**၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅) ရက် (၂၈–၃–၂၀၀၆) အင်္ဂါနေ့**

၁။ ကောင်း/ဆိုး နှစ်တန် ကံအကြောင်းတရားက ရုပ်ကို ဖြစ်စေပုံပြပါဠိကို ရေးပြပါ။

၂။ ရူပ, အရူပ ကုသိုလ်ကံတို့၏ 'ပါကဋ္ဌာန' ပြ သင်္ဂဟဂါထာကို အနက်ယောနော့ပြပါ။

၃။ အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်သော 'စေတသိက်' တို့ကို သင်္ဂဟထောက် ဖြေဆိုပြီး ဒွိဟိတ်စိတ်တို့ကို ဆိုင်ရာဟိတ်နှင့် ယှဉ်တွဲဖော်ပြပါ။

http://www.dhammadownload.com



၄။ ဒေါသဇောနောင် ကျနိုင်သော တဒါရုံတို့ကို ဖြေဆိုပြီးလျှင်၊ ပျင်းရိသူများ မိုလ်ဖြစ်နိုင်/ မဖြစ်နိုင် သင်္ဂဟာသာကေပြ ဖြေဆိုပါ။

၅။ ကုသလနှင့် ဝိပါကတို့၏ အဓိပ္ပါယ်ကို ဖြေဆို၍ ဒေါမနဿနှင့် ပဋိဃတို့၏ အထူးကို လည်း ဋီကာအာဘော်ကျ ဖြေဆိုပါ။

၆။ မဟာဝိပါက်စိတ်၌ အပ္ပမညာ၊ ဝိရတိစေတသိက်များ ယှဉ်ခွင့် မရခြင်းအကြောင်းကို ဖြေဆိုပါ။

## ပဲခူးတိုင်း (အရှေ့ပိုင်း)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တတ္ထ ကာမာဝစရံ-စသော ပါဠိကို ရေးလေ။

၂။ ဣစ္စေဝံ မဟဂ္ဂတံ -စသော ဂါထာကို အနက်ရေးလေ။

၃။ သဗ္ဗာကုသလသာဓာရဏ စေတသိက် ၄-ပါး၊
သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး၊
ဝိတက် ဝိစာရ ဝိရိယ ၃-ပါး၊ ပေါင်း ၁၄-ပါး။

**သာဓက =** သဗ္ဗသာဓာရဏာ စ စတ္တာရော၊ သမာနာ စ ဒသာ ပရေ၊
စုဒ္ဒသေ တေ ပဝုစ္စန္တိ သဗ္ဗာကုသလယောဂိနော။

**ခွဲထိတ်စိတ်—**

လောဘ, မောဟဟိတ် ၂-ပါးရှိသော လောဘမူစိတ် ၈-ပါး၊
ဒေါသ, မောဟဟိတ် ၂-ပါးရှိသော ဒေါသမူစိတ် ၂-ပါး၊
အလောဘ အဒေါသ ဟိတ် ၂-ပါးရှိသော ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါး၊
ပေါင်း ၂၂-ပါး။

http://www.dhammadownload.com



၄။ **ဒေါ်သဇော်နောင် တာဒီရုံ—**

ဥပေက္ခာသန္တီရဏ ၂-ပါး၊

မဟာဝိပါက်ဥပေက္ခာ ၄-ပါး၊ ပေါင်း ၆-ပါး။

ပျင်းရိသူများ ဗိုလ်မဖြစ်နိုင်ပါ။

**သာဓက။** ။ အဝိရိယဿ ဗလာနိ နလဗ္ဘန္တိ။

၅။ စက်ဆုပ်အပ်ကဲ့ရဲ့အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်ဖြင့် တုန်လှုပ်စေတတ် ဝိက္ခမ္ဘနပဟာန်ဖြင့် ဖျက်ဆီးတတ် သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ချုပ်စေတတ်သောကြောင့် ကုသိုလ်မည်ပါသည်။

**(တစ်နည်း)** စက်ဆုပ်အပ်ကဲ့ရဲ့အပ်သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော အကုသိုလ် တရားတို့ကို ရိတ်လှီးပယ်ဖျက်တတ်သောကြောင့် ကုသိုလ်မည်ပါသည်။

**(တစ်နည်း)** စက်ဆုပ်အပ်ကဲ့ရဲ့အပ်ကုန်သော အကုသိုလ်တရားတို့ကို ခေါင်းပါးဆုံးရှုံးအောင်ပြုတတ်သောဉာဏ်သည် ဖြစ်စေအပ်သောကြောင့် ကုသိုလ် မည်ပါသည်။

အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်မည်ပါသည်။

**ဒေါ်မနသာနှင့်ပဋိဃ အထူး—**

ဒေါ်မနဿသည် အနိဋ္ဌာရုံကိုခံစားခြင်း လက္ခဏာရှိသော ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သာတရား၊ ပဋိဃ–ကား ကြမ်းတမ်းခြင်းသဘောရှိသော သင်္ခါရက္ခန္ဓာ၌၊ အကျုံးဝင်သောတရား ဟု၍သို့ထူးပါသည်။

၆။ မဟာဝိပါက်စိတ်တို့သည် စင်စစ် ကာမတရားလျှင် အာရုံရှိသောကြောင့်လည်းကောင်း၊ အပ္ပမညာတို့သည် သတ္တပညတ်လျှင် အာရုံရှိသောကြောင့်လည်းကောင်း ဝိရတီတို့သည်လည်း စင်စစ် ကုသိုလ်ဖြစ်သောကြောင့်လည်းကောင်း မဟာဝိပါက်စိတ်၌ အပ္ပမညာ, ဝိရတီတို့ မယှဉ်ပါ။

http://www.dhammadownload.com



၉။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗတိုအဖွဲ့ခွဲ မေတွေးတိုင်း

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅) ရက် (၂၈-၃-၂၀၀၆) အင်္ဂါနေ့

၁။ ရုပ်ကလာပ် (၂၁) စည်းတို့တွင် စိတ္တဇကလာပ် (၆) စည်းပြ ပုဏ္ဏိယပါဠိကို မှန်အောင် ရေးပြပါ။

၂။ ''အကြောင်းပြုက အကျိုးရ'' ဟူသော စကားအတိုင်း မိမိတို့ပြုသမျှ ကုသိုလ်နှင့် အကုသိုလ်ကံတို့၏ အကျိုးပေးရာကာလပြ ပုဏ္ဏိယပါဠိကို ဆရာနည်းကျ အနက်ပေးပြပါ။

၃။ ဖောက်စွတပ်သောစိတ် (၅၅)ပါးကို ဇာတိဘေဒနည်းအားဖြင့် ဝေဖန်ပြ၍၊ စေတသိက်(၅၂)ပါးတို့တွင် ''ဝိသေသက''အမည်ရသော စေတသိက်တို့ကို ကုန်စင်အောင် ဖော်ပြပါ။

၄။ အောက်ဖော်ပြပါ သင်္ဂဟဂါထာလာ သချာတို့၏ အရတို့ကို ကောက်ပြပါ။

(က) စတုသဋ္ဌိ တထာရူပေ-၌ စတုသဋ္ဌိ၊

(ခ) ဟောန္တိ တေဝီသ ရူပိသု-၌ တေဝီသ၊

(ဂ) သောဠသိန္ဒြိယမဂ္ဂေစ-၌ သောဠသ။

၅။ အဘယ့်ကြောင့် ''ကုသိုလ်''ဟု ခေါ်ရသည်ကို ဖြေဆို၍၊ အာရုံ၏အရသာကို ခံစားကြရာတွင် ဝေဒနာနှင့် အခြားစေတသိက်များ မတူညီပုံကိုလည်း ဋီကာကျော်ဆရာ အလိုကျ ဖြေဆိုပါ။

၆။ ဥပေက္ခာသန္တီရဏစိတ်နှင့် မဟာဝိပါက်စိတ်တို့၏ ဆဒွါရိက, ဒွါရဝိမုတ္တဖြစ်ပုံကို ဋီကာကျော်ဆရာ အလိုကျ ဖြေဆိုပြပါ။

http://www.dhammadownload.com



## မေးခွန်းတိုင်း (အဖြေ)

### ပထမပဒယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ပါဠိရေးလေ)။

၂။ ဒွိပဉ္စဝိညာဏ–စသော ပါဠိကို အနက်ရေးလေ။

၃။ ကုသိုလ်ဇော ၂၁၊ အကုသိုလ်ဇော ၁၂၊ ဖိုလ်ဇော ၄၊ ကြိယာဇော ၁၈၊ ပေါင်း ၅၅– ပါး။

**ဝိသေသတ —**

ဝိတက်, ဝိစာရ, ပီတိ, သုခ–ဟူသောဈာန် ၄–ပါး၊ ကရုဏာ, မုဒိတာ ၂–ပါး၊ ဉာဏ ၁–ပါး၊ ဝိရတိ ၃–ပါး၊ ပေါင်း ၁၀–ပါး။

၄။ (က) ဒေါသမူကြည့် အကုသိုလ် ၁၀–ပါး၊ ဈာနာဒိတ္တယကြည့် အဟိတ်စိတ် ၁၂–ပါး၊ မဟာကုသိုလ်, မဟာကြိယာစိတ် ၁၆–ပါး၊ အပ္ပနာဇော ၂၆–ပါး၊ ပေါင်း ၆၄ –ပါး။

(ခ) ဈာန, ဝိတ္တ, ကာယ, ဘာဝကြည့် ရုပ် ၂၃–ပါး။

(ဂ) ပသာဒရုပ်, ဘာဝရုပ်, ဇီဝိတရုပ်အားဖြင့် ရုပ်တ္တန္ဒြေတရားကိုယ် ၈–ပါး၊ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝိရိယ, သတိ, ဧကဂ္ဂတာ, ပညာဟူသောနာမ် တ္တန္ဒြေ တရားကိုယ် ၈–ပါး၊ ပေါင်း ၁၆–ပါး။

၅။ **(ကုသိုလ်ခေါ်ရကြောင်း–** (ပဲခူးတိုင်း အရှေ့ပိုင်း နံပါတ် ၅–တွင်ရှု)

**မတူညီပုံများ—**

ကြွင်းသောသမ္ပယုတ်စိတ်များ အာရုံခံစားခြင်းကား စားဖိုသည် ဟင်းလျာမြီးသကဲ့သို့ တစ်စိတ်တစ်ဒေသမျှသာ ခံစားပါသည်၊ ဝေဒနာသည်သာလျှင် ပြည့်ရှင်မင်းကဲ့သို့ စင်စစ်အားဖြင့် အစိုးတရ အာရုံ၏အရသာကို ခံစားနိုင်ပါသည်။

http://www.dhammadownload.com



၆။ ပဉ္စဒွါရ၌ ဥပေက္ခာသဟဂုတ်သန္တီရဏ ၂-ခုတို့သည် သန္တီရဏကိစ္စ, တဒါရုံကိစ္စ၏ အစွမ်းအားဖြင့်၄င်း၊ မဟာဝိပါက် ၈-ခုတို့သည် တဒါရုံ၏အစွမ်းအားဖြင့်၄င်း ဖြစ်ကြ၍ မနောဒွါရ၌ကား ထိုစိတ် ၁၀-တို့သည် တဒါရုံ၏ အစွမ်းဖြင့်သာ ဖြစ်ကြသောကြောင့် ဆဒွါရိက ဖြစ်ကြပါသည်၊ ထိုစိတ်တို့သည် ပဋိသန္ဓေကိစ္စစသည်တို့၏ အစွမ်းအားဖြင့် လည်းဖြစ်သောကြောင့် ထိုပဋိသန္ဓေစသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သောအခါ ဒွါရ ဝိမုတ္တ ဖြစ်ကြပါသည်။

## ၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ မန္တလေးတိုင်း
## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
## ၁၃၆၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅) ရက်၊ (၂၈-၃-၂၀၀၆) အင်္ဂါနေ့

၁။ ကုသလကမ္မပထတရား (၁၀) ပါးပြ သင်္ဂဟပါဠိကို မှန်ကန်စွာ ရေးခဲ့ပါ။

၂။ ရုပ်သံသရာစက်လည်ပုံပြ သင်္ဂဟဂါထာကို အနက်ရေးပါ။

၃။ အကုသိုလ်စိတ် (က) တစ်ပါး၊ (ခ) နှစ်ပါး၊ (ဂ) လေးပါး၊ (ဃ) ငါးပါးတို့၌သာ ယှဉ်သောစေတသိက်တို့ကို အမည်မျှ ဖော်ပြ၍ ကိစ္စအများဆုံးရှိသောစိတ်သရုပ် ကိုလည်း ထုတ်ပြခဲ့ပါ။

၄။ အောက်ဖော်ပြပါတို့ကို သင်္ဂဟသာကေပြ၍ ဖြေရှင်းခဲ့ပါ။
(က) အနာဂါမ်ပုဂ္ဂိုလ်တို့အား စိတ်ဆိုးအမျက်ထွက်ခြင်း ရှိ/ မရှိ၊
(ခ) ဝီရိယမရှိဘဲ မိုလ် ဖြစ်နိုင်/ မဖြစ်နိုင်။

၅။ ဥပေက္ခာကို အဘယ့်ကြောင့် အဘယ်ရာနင်၌ သွင်းယူရသည်ကို ဖြေဆို၍၊ လောကုတ္တရာ စိတ်၌ အပ္ပမညာကြဉ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



၆။ တဒါရုံကိစ္စ—မည်ပုံကို ရှင်းပြ၍ အရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ် မဖြစ်ခြင်းအကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

## မန္တလေးတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ဒါန သီလ ဘာဝနာ—စသောပါဠိကို ရေးလေ။

၂။ ဣဋ္ဌစ္စေဝံ မဇ္ဈတ္တာနံ —စသောပါဠိကို အနက်ရေးလေ။

၃။ (က) ဝိစိကိစ္ဆာ။ (ခ) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။
(ဂ) ဒိဋ္ဌိ, မာန။ (ဃ) ထိန, မိဒ္ဓ။
ဥပေက္ခာသန္တီရဏ ၂—ခု။

၄။ (က) မရှိပါ။ **သာဓက။** ။ အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ န လဗ္ဘန္တိ။
(ခ) မဖြစ်နိုင်။ **သာဓက။** ။ အဝိရိယေသု ဗလာနိ န လဗ္ဘန္တိ။

၅။ သိမ်မွေ့သောသဘောရှိသောကြောင့် ဥပေက္ခာကို သုခ၌ သွင်းယူရပါသည်။

**လောကုတ္တရာစိတ်၌ အပ္ပမညာကြဉ်ရကြောင်း—**

အပ္ပမညာစေတသိက်တို့သည် သတ္တပညတ်လျှင် အာရုံရှိ၍၊ လောကုတ္တရာစိတ်တို့မှာ နိဗ္ဗာန်လျှင် အာရုံရှိသောကြောင့် အာရုံပြားသောကြောင့် လောကုတ္တရာစိတ်၌ အပ္ပမညာကြဉ်ရပါသည်။

6/ **တဒါရုံကိစ္စမည်ပုံ—**

ထိုထိုသို့သောဇောသည် ယူအပ်ပြီးသောအာရုံကို အာရုံပြုခြင်း(ယူခြင်း)သည် တဒါရုံကိစ္စမည်ပါသည်။

**အရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ် မဖြစ်ခြင်းအကြောင်း—**

အရူပဘုံ၌ ရူပကာယ မရှိသောကြောင့် ဟသိတုပ္ပါဒ်စိတ် မဖြစ်ပါ။

http://www.dhammadownload.com



## ၁၁။ ပထမပြန်စာမေးပွဲကျောင်းပရေးဗထိုအဖွဲ့ခွဲ မွန်ပြည်နယ်

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

## ၁၃၆၇-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၅-၄-၂၀၀၆)ဗုဒ္ဓဟူးနေ့

၁။ စိတ်က ရုပ်ကို ဖြစ်စေပုံပြ သင်္ဂဟပါဠိရုပ်နှင့် လောကုတ္တရာနှင့်သာ သက်ဆိုင်သော တ္တဒြွေတို့၏ တရားကိုယ်ပြ သင်္ဂဟပါဠိရုပ်တို့ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၂။ လောကုတ္တရာစိတ်၏ အကျယ်ကို အကျဉ်းချုံးပြသော သင်္ဂဟဂါထာကို မှန်ကန်စွာ အနက်ပေးပြပါ။

၃။ သနားကြင်နာမှု ဝမ်းမြောက်မှု ဟူရားနှစ်ပါးတို့သည် အတူတကွ ဖြစ်နိုင်/မဖြစ်နိုင် သင်္ဂဟ ပါဠိထောက် ဆုံးဖြတ်ပြီးလျှင် ယင်းတရားတို့နှင့် ယှဉ်ရာစိတ်များကိုလည်း ရေတွက်ပြခဲ့ပါ။

၄။ ဒွိဟိတ်စိတ်များကို မိမိဆိုင်ရာ ဟိတ်များနှင့် အသီးသီးယှဉ်တွဲဖော်ပြပြီးလျှင် ဝိသယ ပဝတ္တိ ၆-ပါးကိုလည်း ဒွါရနှင့် တွဲစပ်၍ ဖော်ပြပါ။

၅။ ၅-မည်ရသော ရုပ်တို့ကို ရေတွက်ပြပြီးလျှင် ဗောဓိပက္ခိယသင်္ဂဟလာ ၅-ဌာနတင်သော တရားကိုလည်း မိမိဆိုင်ရာ ဌာနနှင့် တွဲစပ်၍ ဖော်ပြခဲ့ပါ။

၆။ ဥပေက္ခာ-ကို ရာနှင်၏အဖြစ်ဖြင့် သီးခြားမရေတွက်ရခြင်း၏ အကြောင်းကို ဖော်ပြပြီးလျှင် သောမနဿသန္တီရဏစိတ်၏ ပဋိသန္ဓေကိစ္စ မတာပ်ရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

## မွန်ပြည်နယ် (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ အရူပဝိပါက ဒွေပဉ္စဝိညာဏ-စသောပါဠိနှင့် ဂုဏ်ဖြွယေသု ပနေတ္ထ (ပ) အညိန္ဒြိယာနိတိ ပဝုစ္စတိ-ကို ပါဠိရေးလေ။

http://www.dhammadownload.com



၂။ ရှာနင်ယောဂဘေဒ-စသော ဂါထာကို အနက်ရေးလော။

၃။ [illegible] **အံ့ထောက်။** ။ ကရုဏာ မုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ။

**ယှဉ်ရာစိတ်--**

မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပဉ္စမဈာန်ကြဉ်မဟဂ္ဂုတ်စိတ် ၁၂-ပါး၊ ပေါင်း ၂၈-ပါး ဖြစ်ပါသည်။

၄။ **(အသီးသီးယှဉ်တွဲပုံ- ပဲခူးတိုင်း အရှေ့ပိုင်း နံပါတ် ၃-တွင်ရှု)။**

**ဝိသယဝဝတ္ထိ ၆-ပါးကို ဒွါရနှင့်တွဲပုံ--**

အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံတို့သည် ပဉ္စဒွါရ၊ ဝိဘူတာရုံ , အဝိဘူတာရုံသည် မနောဒွါရ။

၅။ **ဖါးမည်ရသောရုပ်-**

မဟာဘုတ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ(ဝိသယရုပ်) ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ်-၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပေါင်း ၁၈-ပါး၊

**ပညာသည်-** ဝိမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊သမ္မာဒိဋ္ဌိမဂ္ဂင် အားဖြင့် ၅-ဌာန။

၆။ **သီးခြားမရေတွက်ရကြောင်း--**

ဥပေက္ခာသည် ငြိမ်သက်ခြင်းသဘောရှိ၍ သုခ၌ အကျုံးဝင်ပြီးဖြစ်သောကြောင့် ဥပေက္ခာကို ဈာနင်၏အဖြစ်ဖြင့် သီးခြားမရေတွက်ရပါ။

**ပဋိနွေကိုစွမတာပ်ရကြောင်း--**

ပဋိသန္ဓေ၏အစွမ်းဖြင့် ဖြစ်ခြင်းသဘောမရှိသောကြောင့် သောမနဿ သန္တီရဏစိတ်သည် ပဋိသန္ဓေကိုစွမတာပ်ပါ။

http://www.dhammadownload.com



## ၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဖတိုအဖွဲ့ ရန်ကုန်တိုင်း

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

## ၁၃၆၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၂၈–၃–၂၀၀၆) အင်္ဂါနေ့

၁။ စိတ်ချင်းထူးခြားအောင် ပြုတတ်သော စေတသိတ်တို့ကို ပြည့်စုံစွာ ဖော်ပြ၍ ပညတ်ကို ကေန်အာရုံပြုသော တရားတို့ကို ပါဠိအထောက်အထားနှင့်တကွ ဖော်ပြခဲ့ပါ။

၂။ ကြိယာဇောနောင် တဒါရုံနှောင်းပုံပြ ပါဠိတို့ကို မှန်ကန်စွာ ရေးခဲ့ပါ။

၃။ ခြားရဟတ်ပမာ သံသရာစရီးကို အစုံအဆန် သွားလာကျင်လည်နေကြသော ပုထုဇဉ် များအတွက် သီလဖြူစင် ခုတင်ကိုပြည့် သမာဓိလောင်း အကျင့်ကောင်းတို့ဖြင့် "သံသရာ စက်ရဟတ်" ပြတ်နိုင်ပုံပြ သင်္ဂဟဂါထာကို အနက်ပေးခဲ့ပါ။

၄။ သစ်ပင်, တော, တောင်–စသော သက်မဲ့ဝတ္ထု၌ စုပေါင်းပါဝင်သော ရုပ်တို့ကို ရေတွက်ပြ၍ အာယတန (၁၂)ပါး ပြားရခြင်းအကြောင်းကိုလည်း သာဓကဆောင်၍ ဖြေဆိုခဲ့ပါ။

၅။ ဒေါသမူစိတ်သည် လောဘမူစိတ်ကဲ့သို့ ဝေဒနာအပြားမရှိပါဘဲလျက် "ဒေါမနဿ သဟဂတံ" ဟု ဒေါမနဿ–သဒ္ဒါဖြင့် အထူးပြု၍ ဆိုရခြင်းကို ရှင်းပြ၍၊ ဝိတ်နှင့် သုခတို့၏ ထူးခြားဟန်ကိုလည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

၆။ အဟိရိက–၏ လက္ခဏာကို ဥပမာဆောင်၍ ဖော်ပြပြီးလျှင်၊ အရူပဗြဟ္မာတို့၏သန္တာန် ၌ ရူပါဝစရစိတ်များ မဖြစ်နိုင်ခြင်း အကြောင်းကိုလည်း ဋီကာရှင်အလိုကျ ညွှန်ပြခဲ့ပါ။

## ရန်ကုန်တိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (စိတ်ချင်းထူးခြားအောင်ပြုတတ်သောစေတသိက်– မကွေးတိုင်း နံပါတ် ၃–တွင်ရှု)။

http://www.dhammadownload.com



ပညတ်ကိုကောန်အာရုံပြုသောတရား—

အဘိညာဉ်ဒွေးကြည် ရူပစိတ် ၁၅-ပါး၊ အာကာသာနဉ္စာယတနစိတ် ၃-ပါး၊ အာကိဉ္စညာယတနစိတ် ၃-ပါး၊ ပေါင်း ၂၁-ပါး။

ပါဠိအထောက်။ ။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

၂။ တတ္ထာပိ သောမနဿသဟဂတကိရိယဇဝနာဝသာနေ (ပ) ဥပေက္ခာသဟဂတာနေဝ ဟောန္တိ-ပါဠိကို ရေးလေ။

၃။ ပဋိသန္ဓိယ ပနေတမဇ္ဈံ-စသော ဂါထာကိုအနက်ရေးလေ။

၄။ သက်မဲ့ဝတ္ထုသည် စုပေါင်းပါဝင်သော ရုပ်—

ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ၄-ပါး၊ ဘူတရုပ် ၄-ပါး ဟူသော ဥတုဇသုဒ္ဓဋ္ဌကကလာပ်ရုပ်၊ ယင်း၈-ပါးနှင့် သဒ္ဒ-ပေါင်း၊ ၉-ပါးသော ဥတုဇဒ္ဒနဝကကလာပ်ရုပ်။

ဒွါရ ၆-ပါး အာရုံ ၆-ပါးပြားသောကြောင့် အာယတန(၁၂)ပါးပြားရပါသည်။

သာဓက။ ။ ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာယတနာနိ စ။

၅။ ဒေါသမူစိတ်သည် လောဘမူစိတ်ကဲ့သို့ ဝေဒနာဘေဒအားဖြင့် မပြားသော်လည်းတစ်ပါးသောစိတ်တို့နှင့် မဆက်ဆံ ဒေါမနဿဝေဒနာနှင့်သာ ဆက်ဆံသောစိတ်ဟု ဒေါမနဿဝေဒနာဖြင့် ဒေါသမူစိတ်ကို မှတ်ပြခြင်းအကျိုးငှာ ဒေါမနဿ-သဒ္ဒါဖြင့် အထူးပြု၍ ဆိုသည်။

ပီတိနှင့် သုခအထူး—

ခရီးပန်းသောသူ၏ တောအုပ်အတွင်း၌ ရေကိုမြင်ရသောအခါ ဖြစ်ပေါ်လာသော နှစ်သက်ခြင်းကဲ့သို့ အာရုံကိုရထိုက်ရာအခါ၌ ရှေးဦးစွာ နှစ်သက်ခြင်းသဘောသည် ပီတိမည်၏။

ရေကိုမြင်ရပြီးနောက် သောက်ရချိုးရသောအခါ အရသာကို ခံစားရကဲ့သို့ အာရုံကိုခံစားခြင်းသဘောသည် သုခမည်၏ ဤသို့ထူးပါသည်။

http://www.dhammadownload.com


၆။ အတိရိကလက္ခဏာနှင့် ဥပမာ-

ရွာသူကို့၏ဝက်သည် မစင်ကို မစက်ဆုပ် မရှက်သကဲ့သို့ အဟိရိကသည် ကာယဒုစရိုက်စသည်ကို မစက်ဆုပ်ခြင်း မရှက်ခြင်းလက္ခဏာ ရှိသည်။

မဖြစ်နိုင်ခြင်းအကြောင်း—

ရူပဝိဘာဂဘာဝနာ၏အစွမ်းဖြင့် ပယ်ပြီးဖြစ်သောကြောင့် အရူပဗြဟ္မာတို့၏သန္တာန်၌ ရူပါဝစရစိတ်များ မဖြစ်ပါ။

## ၁၃။ ပဌမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရခိုင်ပြည်နယ်
## ပဌာနပစ္စယ်တာန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
## ၁၃၆၇-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၅-၄-၂၀၀၆) ဗုဒ္ဓဟူးနေ့

၁။ ဟဒယဝတ္ထုကိုကေန်မှီသော မနောဝိညာဏစာတ်ကိုပြဆိုသည့် စုဏ္ဏိယစကားရပ်ကို ပါဠိသက်သက်ရေးသားခဲ့ပါ။

၂။ ရူပ အရူပဘုံသားဗြဟ္မာကြီးများ သေလျှင် ဆက်လက်နေထိုင်ခွင့်ရှိနိုင်သော ဘုံဌာနတို့ကိုပြဆိုသည့် သင်္ဂဟဂါထာကို အနက်မှန်ကန်စွာ ပေးပြခဲ့ပါ။

၃။ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ရနိုင်သောကြိယာစိတ်တို့ကို ကောက်ပြ၍၊ (က) ၎င်းစိတ်နှင့်ယှဉ်ရာစေတသိက်၊ (ခ) ၎င်းစိတ်ကို ဝေဒနာ, ကိစ္စ, ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ပြပါ။

၄။ အနာဂါမ်ပုဂ္ဂိုလ်တို့၏သန္တာန်၌ ကြောက်ခြင်းစိုရိမ်ပူဆွေးငိုကြွေးခြင်းများရှိနိုင်/ မရှိနိုင်သာကေပြဖြေဆို၍၊ တေဇောစာတ်ဟူသည် အဘယ်ကိုခေါ်ပါသနည်း? ဖြေဆိုပြီးလျှင် မဂ်ပေါက်ဖိုလ်ဝင်နိဗ္ဗာန်မြင်ကြောင်းဖြစ်သောတရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ ဉာဏ်ပညာထက်မြက်နိုင်သောပုဂ္ဂိုလ်တစ်ယောက်ဖြစ်နိုင်ရန်လိုအပ်သော အကြောင်းများကို ဖြေဆို၍၊ လူမိန်းမဝမ်း၌ဖြစ်သောတိရစ္ဆာန်ကို လူဟုခေါ်နိုင်/ မခေါ်နိုင် ဋီကာဆရာအလိုကျ အကြောင်းသွင်းကာ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



၆။ သညာ, ဝိညာဏ်, ပညာတရားသုံးပါးတို့၏ သိပုံအခြင်းအရာထူးခြားမှုကို ပြဆို၍၊ ဆစတ္တာလီသ စိတ္တာနိ စကၠုန္တိရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ-၌ ယထာရဟဖြစ်ပုံကို ဋီကာလာသည့်အတိုင်း ပြဆိုခဲ့ပါ။

## ရနိုင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ အဝသေသာ ပန မနောဝိညာဏဓာတုသင်္ခါတာ -စသော ပါဠိကို ရေးလေ။

၂။ အာရုပ္ပစုတိယာ ဟောန္တိ ( ပ) အဟေတုရဟိတာ သိယုံ-ပါဠိကို အနက်ပေးလေ။

၃။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ ရနိုင်သောကြိယာစိတ်- အာဝဇ္ဇန်းနွေး ဖြစ်ပါသည်။

(က) မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ ပီတိကြဉ်အညသမာန်းစေတသိက် ၁၁-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပီတိ, ဝီရိယကြဉ်အညသမာန်း စေတသိက် ၁၀-ပါး။

(ခ) ပဉ္စဒွါရာဝဇ္ဇန်း သည် ဥပေက္ခာဝေဒနာ၊ အာဝဇ္ဇနကိစ္စ၊ ၅-ဒွါရ၊ ပဉ္စာရုံ၊ မနောဒွါရာဝဇ္ဇန်းသည်= ဥပေက္ခာဝေဒနာ၊ အာဝဇ္ဇနကိစ္စ ဝုဋ္ဌောနကိစ္စ အားဖြင့် ၂-ကိစ္စ၊ ၆-ဒွါရ၊ အလုံးစုံသောအာရုံ။

၄။ မရှိနိုင်ပါ။ **သာဓက။** ။ အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ န လဗ္ဘန္တိ။
**တောဇောဓာတ်ခေါ်ပုံ**-သိတဥတု ဥဏှဥတုကို တေဇောဓာတ်ဟု ခေါ်ပါသည်။
**နိဗ္ဗာန်မြင်ကြောင်းတရား**— ဗောဓိပက္ခိယတရားများ ဖြစ်သည်။
(အကျဉ်း ၇-ပါး၊ တရားကိုယ် ၁၄-ပါး၊ အကျယ် ၃၇-ပါး)။

http://www.dhammadownload.com



၅။ **လိုအပ်သောအကြောင်းများ—**

၁။ ပညာကို ဖြစ်စေတတ်သော ကံတရားရှိခြင်း၊
၂။ ဗြဟ္မာဘုံ၌ ဖြစ်ခဲ့ဘူးခြင်း၊
၃။ ဣန္ဒြေရင့်ကျက်ခြင်း၊
၄။ ကိလေသာမှဝေးခြင်း။

လူမိန်းမ၌ဖြစ်သော တိရစ္ဆာန်သည် လူဟုမခေါ်နိုင်ပါ။

**အကြောင်းတား—**တိရစ္ဆာန်ယောနိဆိုသည့်အတိုင်း တိရစ္ဆာန်ဓာတ်ဖြစ်သော ကြောင်းတည်း။

**(တစ်နည်း)** မနုဿ= မနော+ဥဿ ဝေါဟာရအရ မြင့်မြတ်သောစိတ် မရှိသော ကြောင့်တည်း။

၆။ **(သညာ, ဝိညာဉ်, ပညာသုံးပါးတို့၏ သိပုံအထူး-တနင်္သာရီတိုင်း ၆-တွင်ရှု)**

**ယထာဝရထဖြစ်ပုံ—**

ဣဋ္ဌစသော အာရုံ၌ ယောနိသောမနသိကာရ အယောနိသောမနသိကာရ အနုသယ မရှိသော ရဟန္တာတို့၏သန္တာန် စသည်တို့အားလျော်စွာ ဖြစ်ခြင်းကို ယထာဝရထံ-ဟုဆိုသည်။

**၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)**

**ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ**

**၁၃၆၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၅-၄-၂၀၀၆)ဗုဒ္ဓဟူးနေ့**

၁။ လေးပါးသောအကြောင်းကြောင့် သေဆုံးကြသောသတ္တဝါများ သေခါနီးကာလ၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ ထင်လာပုံပြ သင်္ဂဟပါဠိကို ရေးသားပြပါ။

၂။ ကံ, စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းတရားတို့ကြောင့် ရုပ်တို့ဖြစ်ပေါ်လာရာတွင် ကံတရားက ရုပ်ကိုဖြစ်စေပုံပြ သင်္ဂဟစုဏ္ဏိယပါဠိကို အနက်ပေးပြပါ။

http://www.dhammadownload.com



၃။ စိတ် (၈၉) ပါးတို့တွင် အကြောင်းအကျိုးမဟုတ်သော ကြိယာစိတ်တို့ကို ဝေဒနာဘေဒ အားဖြင့် ဝေဖန်ပြပြီး၊ စာမေးပွဲကို ဖြေဆိုနိုင်၍ အားရနှစ်သက်နေသူ၏ သန္တာန်၌ဖြစ် ပေါ်နေသော စေတသိက်နှင့် ယှဉ်ရာစိတ်တို့ကိုလည်း တွဲစပ်ဖော်ပြခဲ့ပါ။

၄။ တစ်ကြိမ်သာ တွေ့ခွင့်ရသော ဇေယျားကို ပြည့်စုံအောင် ရေးပြပြီးလျှင်၊ ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်း သန္တာန်၌ ရနိုင်သောဝိထိစိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ အဘယ်ရှာနိကို ပွားများ အားထုတ်သော် အသညသတ်ပြဟ္မာဘုံသို့ ရောက်ရှိပါသနည်း? သာဓကထောက်၍ ဖြေဆိုပြီးလျှင်၊ အသညသတ်ပြဟ္မာတို့သန္တာန်၌ မရနိုင်သော ကလာပ်စည်း တို့ကိုလည်း ဖော်ပြပါ။

၆။ မဟာကုသိုလ်ပထမဒွေး၌ အပ္ပမညာ, ဝိရတီစေတသိက်တို့ အသီးသီးယှဉ်နိုင်ခြင်း အကြောင်းကို ဋီကာကျော်နှင့်အညီ ဖြေဆိုပြပါ။

## ရှမ်းပြည်နယ် (တောင်ပိုင်း) (အဖြေ)
## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တထာ စ မရုန္တာနံ (ပ) အညတရသ္မိံ ပစ္စုပဋ္ဌာတိ =ပါဠိကို ရေးလေ။

၂။ တတ္ထ ကာမာဝစရံ –စသော ပါဠိကို အနက်ရေးလေ။

၃။ **ကြိယာစိတ်** ဝေဒနာဘေဒအားဖြင့်––
သောမနဿဝေဒနာ ၉–ပါး၊ ဥပေက္ခာဝေဒနာ ၁၁–ပါး၊ ပေါင်း ၂၀–ပါး။
ပီတိစေတသိက်။

**ငှင်းနှင့်ယှဉ်ရာစိတ်**– ကာမသောမနဿ ၁၈–ပါး၊ ပထမဈာန် ၁၁–ပါး၊ ဒုတိယဈာန် ၁၁–ပါး၊ တတိယဈာန် ၁၁–ပါး၊ ပေါင်း ၅၁–ပါး၌ ယှဉ်သည်။

**မှတ်ချက်။** ။ ပီတိသာမန်၏ ယှဉ်ရာစိတ်ကို ရည်ရွယ်သည်။ စာမေးပွဲဖြေနိုင်၍ နှစ်သက်သည်ကို ရည်ရွယ်လျှင် မဟာကုသိုလ် သောမနဿ ၄–ခုသာ ဖြစ်သည်။

http://www.dhammadownload.com



၄။ **တစ်ကြိမ်သာစောခွင့်ရသော စောများ——**

၁။ အာဒိကမ္မိက ပုဂ္ဂိုလ်၏ ပထမကပ္ပနာ၌ မဟဂ္ဂုတ်ဇော၊

၂။ အဘိညာဉ်ဇော၊

၃။ မဂ်ဇော၊

၄။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော အရဟတ္တဖိုလ်ဇော။

**ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းသန္တာန်၌ ရနိုင်သော ဝီထိစိတ်——**

အကုသိုလ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ်အဟိတ် ၁၇-ပါး၊

မဟာကုသိုလ် ၈-ပါး၊ ပေါင်း ၃၇-ပါး။

၅။ ပဥ္စမဈာန်ကို သညာကင်းအောင် ပွားများအားထုတ်သော် အသညသတ်ဘုံသို့ ရောက်နိုင်ပါသည်။

**သာဓက။** ။ တဒေဝသညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု။

**အသညသတ်ဗြဟ္မာတို့သန္တာန်၌ မရနိုင်သော ကလာပ်——**

ဇီဝိတနဝကကလာပ်မှတပါးသော ကမ္မဇကလာပ် ၈-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ သဒ္ဒပါသော ဥတုဇကလာပ် ၂-စည်း၊ အာဟာရကလာပ် ၂-စည်း= ပေါင်း ၁၈-စည်းမရ။

၆။ မဟာကုသိုလ်ပထမဒွေး၌ အပ္ပမညာတို့သည် သတ္တဝါပညတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်လည်းကောင်းဝိရတီတို့သည်ဝီတိက္ကမိတဗ္ဗဝတ္ထုလျှင် အာရုံရှိသည်၏အဖြစ်ကြောင့်လည်းကောင်း အသီးသီး ယှဉ်ကြပါသည်။

(ပဲခူးတိုင်း အနောက်ပိုင်း နံပါတ် ၆-တွင်လည်းရှု)

**၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)**

**ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ**

**၁၃၆၇-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၅-၄-၂၀၀၆)ဗုဒ္ဓဟူးနေ့**

၁။ စုတေခါနီးကာလ စိတ်အစဉ်ဖြစ်ပုံနှင့် ကံအာရုံထင်ပုံကိုပြသော သင်္ဂဟာဂါထာတို့ကို ရေးပြပါ။

http://www.dhammadownload.com


၂။ ပရမတ္တတရား (၄)ပါးတို့ကို နိဂုံးချုပ်ပြသော သင်္ဂဟဂါထာကို အနက်ပေးဖော်ပြပါ။

